"တအုပ်ရွာ" pageမှစာပေဒါနပြုပါသည်



မှားမြီးရွက် နှင့်

# အခြားဆေးဖက်ဝင်အပင်များ ၂

[illegible]

[illegible]

[illegible]

[illegible]

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပျားမြီးရှက်
နှင့်
# အခြားဆေးဖက်ဝင်အပင်များ ၂

စောငဝါ (ပျဉ်းမနား)

ဖြန့်ချိရေး
စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း ရန်ကုန်မြို့။
[ ဖုန်း-၀၁ ၃၈၈၁၆၉ ]

စာအုပ်စာတမ်း စာနယ်ဇင်း ခွင့်ပြုအမှတ်
[ ၄၀၀၅၇၄၀၄၁၁ ]
စာအုပ်စာတမ်း မျက်နှာဖုံး ခွင့်ပြုအမှတ်
[ ၄၁၀၆၃၈၀၆၁၁ ]

●

မျက်နှာဖုံး
ကျော်ကျော်

- - -

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၅၀၀)

- - -

ထုတ်ဝေခြင်း
ဇူလိုင်၊ ၂၀၁၁

- - -

တန်ဖိုး
[ တစ်အုပ် ၁၈၀၀ ကျပ် ]

●

ဦးမိုးညွန့် (ဂ၁၄) စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း ရန်ကုန်မြို့က ထုတ်ဝေ၍
ဒေါ်ခင်ထွေး (၀၁၅၇၈) စာပေလောကပုံနှိပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း ရန်ကုန်မြို့တွင်
မျက်နှာဖုံး နှင့် အတွင်းစာသားများ ပုံနှိပ်သည်။

၆၁၃.၈၈
ဆေးလုံး
ပျားမြီးရွက် နှင့် အခြားဆေးဖက်ဝင်အပင်များ ၂ / ဆေးလုံး - ရန်ကုန်
စာပေလောက စာပေ ၂၀၁၁
၂၂၈ - စာ ၁၃ x ၂၀ စင်တီ
(၁) ပျားမြီးရွက် နှင့် အခြားဆေးဖက်ဝင်အပင်များ ၂

## မာတိကာ

၁။ ဆီးချို သွေးချိုရောဂါ ဝေဒနာရှင်များအတွက် ပျားမြီးရွက်အပင်နှင့် ပတ်သက်၍ ၃ — ၁
၂။ ဆီးချို သွေးချိုရောဂါ ဝေဒနာရှင်များအတွက် ပျားမြီးရွက်အပင်နှင့် ပတ်သက်၍ ၆ — ၁၃
၃။ ဆီးချို သွေးချိုရောဂါ ဝေဒနာရှင်များအတွက် ပျားမြီးရွက်အပင်နှင့် ပတ်သက်၍ ၇ — ၃၄
၄။ ဆီးချို သွေးချိုရောဂါ ဝေဒနာရှင်များအတွက် ပျားမြီးရွက်အပင်နှင့် ပတ်သက်၍ ၈ — ၄၇
၅။ ဆီးချို သွေးချိုရောဂါ ဝေဒနာရှင်များအတွက် ပျားမြီးရွက်အပင်နှင့် ပတ်သက်၍ ၉ — ၆၅
၆။ တစ်ပင်တိုင် ထိကရုံး သို့မဟုတ် ထိကရုံးမင်းအပင်နှင့် ဆေးဖက်ဝင်အစွမ်း — ၈၄
၇။ သုံးထပ်ပဒိုင်း သို့မဟုတ် ပဒိုင်းညိုနှင့် ဆေးအစွမ်း — ၁၀၁
၈။ မီးကွင်းဂမုန်းနှင့် ထူးခြားသော ဆေးအစွမ်း — ၁၁၄
၉။ မျက်ပျဉ်းကျ မျက်စိဝေဒနာအတွက် ဆေးဖက်ဝင် ကြက်သဟင်းအပင် — ၁၂၈
၁၀။ အထက်လုန်အောက်လျှော ရောဂါဝေဒနာအတွက် ဆေးစွမ်းထက် ရှားစောင်းလက်ပပ်အမြစ် — ၁၃၄




၁၁။ သဘာဝပင်လယ်ရေနှင့် ဆေးဖက်ဝင်အစွမ်း — ၁၄၀
၁၂။ အုံဖွယ် ဆေးပြင်းလိပ်ပြာအစွမ်း — ၁၅၄
၁၃။ ရစ်စုံမှ ဘဝစုံသည် — ၁၆၅
၁၄။ သွေးတိုးရောဂါ ဝေဒနာအတွက် ဆေးနည်းကောင်း — ၁၇၆
၁၅။ ကင်ဆာရောဂါများစွာကို သက်သာ ပျောက်ကင်းစေသော ကမ်းဇော်ဆီ ဆေးအစွမ်း — ၁၈၁
၁၆။ အတွင်းလိပ် ရောဂါဝေဒနာကို သက်သာ ပျောက်ကင်းစေသော ကြောင်ပန်းရွက် ဆေးအစွမ်း — ၁၈၇
၁၇။ ဆေးဖက်ဝင် အကျော်ပင်နှင့် ဆေးအစွမ်း — ၁၉၄
၁၈။ ဂျပန်ရွက်ကျပင်နှင့် ဆေးအစွမ်း — ၂၀၁
၁၉။ ရေနွေးပူလောင် ဝေဒနာအတွက် ဆေးနည်းကောင်းတစ်လက် — ၂၀၇
၂၀။ မြင်းသရိုက်နာအတွက် မြစ်ချင်းပြီး ဆေးနည်း — ၂၁၁
၂၁။ မဟာဂါကြီးဆစ်အပင်နှင့် ဆေးအစွမ်း — ၂၁၇





ပျားမြီးရွက်



ထိကရုံးမင်းအပင်



ရေမျောသီး




သုံးထပ်ပဒိုင်း သို့မဟုတ် ပဒိုင်းညိုပင်



အကျော်ရွက်



မီးကွင်းဂမုန်းပင်



ဂျပန်ရွက်ကျပင်



နှစ်ထပ်ရစ်ဂမုန်း နှင့် သုံးထပ်ရစ်ဂမုန်း




မဟာဂါကြီးဆစ်ပင်



ကြက်သဟင်းပင် (အရိုင်းမျိုး)



ရှားစောင်းလပ်ပတ်ပင်





ကြောင်ပန်းရွက်



## ဆီးချို သွေးချိုရောဂါ ဝေဒနာရှင်များအတွက် ပျားမြီးရွက်အပင်နှင့် ပတ်သက်၍ ၃

ပျားမြီးရွက်ပျိုးပင်များကို တောင်းခံလာသူ ဆန္ဒရှိသူ လိုအပ်နေသူများအတွက် ရည်မှန်း၍ စိုက်ပျိုး မျိုးပွားနေရာ အံ့ဖွယ်ကောင်းလောက်အောင် စိုက်သမျှ ပျိုးသမျှ အားလုံး အောင်မြင်ခဲ့ပါ၏။ လာရောက် တောင်းခံသူ မှန်သမျှ မရ မရှိရအောင်၊ အပင်မပါဘဲ လက်ချည်း မပြန်သွားရအောင်၊ အပင်များ အချိန်ပြည့် အသင့်ရှိနေအောင် ကြိုးစားလုပ်ဆောင်နေခဲ့တာ နှစ်နှင့်ချီ ရှိခဲ့ပါပြီတော့။ ပူပြင်းလှသော နွေရာသီမျိုးမှာတောင် စိုက်ပျိုး မျိုးပွားနေတာပါ။ ပျားမြီးရွက်အပင်က ရှင်သန်မှု အားကောင်းတာရယ်၊ စာရေးသူ၏ ကြိုးစားမှုရယ် ပေါင်းစပ်လိုက်တော့ စိုက်သမျှ ပျိုးသမျှ အားလုံး အောင်မြင်မှုရခဲ့တာ ယနေ့အချိန်အထိပါပဲ။

ပျားမြီးရွက်အပင်က နွယ်ပင်ဆန်သော အပင်မျိုးမို့ နေရောင် ကြိုက်ပြီး အလွန်ပွားစည်းတာလည်း တွေ့ရပါသည်။ ခုံလုပ် အပင်တင်ပေးက အဲဒီခုံပေါ် တက်သွားနိုင်၏။ အာဟာရကောင်းစွာရသော ပျားမြီးရွက်များ အတော်ကြီးမားတာမျိုးလည်း တွေ့ရပါ၏။ အဲဒီလို အပင်ရှင်သန် ကြံ့ထွန်းအားကောင်းပေမယ့် ရေဝပ်တာကိုတော့ အလွန် ကြောက်သည့်အပင် ဖြစ်ပါသည်။ ယခုအခါ မိုးတွင်းကာလ ခြံထဲရေဝင်လာလို့ စာရေးသူ၏ ပျားမြီးရွက်အပင်အချို့ နှစ်ပင် အောက်ခြေ

ဆီးချို သွေးချို ဖြစ်ရ ခံစားရသည့် အခြေခံ အကြောင်းအရင်းများတွင် အစားအသောက်ပုံစံနှင့် ဆေးဝါးအဖြစ် စားသောက်မှီဝဲခြင်း အပါအဝင် မျိုးရိုးလိုက် ရောဂါဝေဒနာ ဆင်းသက်ဖြစ်ပွားနိုင်ကြောင်း အသိ၊ သတိရှိရန် လိုအပ်သလို ယေဘုယျ မှန်ကန်မှုရှိနေတာလည်း တွေ့ရပေသည်။

ဆီးချို သွေးချို ရောဂါဝေဒနာ ခံစားနေရသူတိုင်း ယေဘုယျ အခါး မစားသုံးသူ မကြိုက်သူများ ဖြစ်ကြတာလည်း တွေ့ရပါ၏။ ဘာလို့လဲဟုဆိုတော့ ဆေးပညာအရ ဆီးချိုရောဂါ ဖြစ်ပွားရသည့်အကြောင်းရင်းတွေထဲမှာ နေ့စဉ်အစားအစာများမှာ အခါးဓာတ်လို့ခေါ်သော (Terpenoid) နှင့် (Alkaloid) တွေဟာ နေ့စဉ်အစားအစာများမှာ မပါဝင်လို့ ဖြစ်ရသည့် အကြောင်းရင်းတစ်ခု ပါဝင်နေကြောင်း လေ့လာသိရှိရပါ၏။

၎င်းအခါးဓာတ်တွေသည် သွေးထဲမှာရှိသော အချိုဓာတ် (Glucose) ကို ပုံမှန်အနေအထားဖြစ်အောင် ပြုလုပ်နိုင်စွမ်းရှိကြောင်း၊ အချို့ ဆေးဖက်ဝင် ပရဆေး (အခါး) ကိုစားလျှင် ပန်ကရိယကနေ အင်ဆူလင် ပုံမှန်ထွက်အောင်လည်း စွမ်းဆောင်နိုင်သည်ဟု လေ့လာသိရှိရပါသည်။

ယခု ဆေးဖက်ဝင် ပျားမြီးရွက်သည် အခါးဓာတ် မပါဘဲလျက် ဆီးချို သွေးချို ရောဂါဝေဒနာကို ထူးခြားအကျိုးရှိရတာ ၎င်းက အင်ဆူလင် ထုတ်ပေးလို့လား။ ပန်ကရိယကနေ အင်ဆူလင် ပုံမှန်ထွက်အောင် စွမ်းဆောင်နိုင်လို့လားဟု ပညာရှင်များနှင့် တွေးဆ ဆင်ခြင်သူများမှ ဝေဖန်ထောက်ချင့်နေကြသလို ဆီးချို သွေးချိုကြောင့် ဖြစ်ပွားရသော အနာများနှင့် မျက်စိ မှုန်ဝါးခြင်း၊ သွေးတိုးနှင့် နှလုံးရောဂါများပါ သက်သာပျောက်ကင်းမှု ရှိလာတာကို ဆွေးနွေးထောက်ပြ သိချင်သူများစွာ ရှိနေတာကိုလည်း တွေ့နေရပါ၏။

ပျားမြီးရွက်ကို ဝါးစားရုံဖြင့် ဆီးချိုသွေးချို ရောဂါဝေဒနာရှင် အများစုအတွက် အကျိုးရှိနေတာ နှစ်များစွာကြာရှည်ခဲ့ပါပြီ။ ဒါပေမယ့် ဆန္ဒရှိပြီး ယုံကြည်စွာ သုံးစွဲသူများအတွက်သာ အသုံးတည့်နေ၏။ စာရေးသူ ရည်ရွယ်မျှဝေမှုပြုခဲ့တာ အဓိက ချို့တဲ့၍ လိုအပ်နေသူများအတွက်ပါ။

စာရေးသူက ဆေးကုသူမဟုတ်ပေမယ့် 'တန်ဆေး လွန်ဘေး' 'တစ်ယောက်အတွက် ဆေး၊ တစ်ယောက်အတွက် ဘေး' ဆိုသည့် အဆိုအမိန့်ကို လက်ခံအလေးထား လိုက်နာသူ ဖြစ်ပါ၏။ ထို့အတူ ၎င်းဆောင်ပုဒ်နှင့်အညီ အမြဲ



သတိထား ပျားမြီးရွက်ပျိုးပင်နှင့် အရွက်များကို မျှဝေကုသိုလ်ပြု ကူညီမှု ပြုပေးနေရာတွင် အနည်းစုမှ တစ်ခါတလေ တုံ့ပြန်ချက်က အံ့ဩစရာအဖြစ်နှင့် ကြုံတွေ့ရတာမျိုးလည်း ရှိပါသည်။ မှတ်မှတ်ရရ တင်ပြရလျှင်-

နေပြည်တော် ဌာနတစ်ခုတွင် တာဝန်အဆင့် အသင့်အတင့်ကြီးမားသော ခင်ပွန်း၏ ဆီးချိုသွေးချို ရောဂါဝေဒနာအတွက် ဇနီးဖြစ်သူက စာရေးသူထံမှ ပျားမြီးရွက်ပျိုးပင်နှင့် ပျားမြီးရွက် အညွှန်းစာရွက်တို့ကို တောင်းခံ ရယူသွားပေသည်။ တစ်ပတ်ခန့်အကြာ ညခင်းပိုင်းမှာ ထိုအမျိုးသမီးကိုယ်တိုင် ဖုန်းဆက်ပြောလာတာက 'ဆရာကြီးရေ ကျွန်မခင်ပွန်းအတွက် ပျားမြီးရွက်က ထူးခြားနေတယ်။ ပျားမြီးရွက်ကို အညွှန်းအပိုင်း စားပြီးနောက်နေ့မှာ မသွေးချိုစက်နဲ့ တိုင်းတော့ ယခင် ၂၅၀ လောက်က ၃၃၀ လောက်အထိ တက်နေတယ်'ဟု ဆိုပါ၏။

ဒါကိုကြားပြီးနောက် စာရေးသူက ထိုပုဂ္ဂိုလ်ကြီး၏ ထိုနေ့ အစားအသောက်ပုံစံကို ရအောင်မေးတော့ 'သူ အစည်းအဝေးကအပြန် Sunkist အချိုရည်တစ်ဘူးတော့ သောက်တယ်' ဟု ဖြေပါ၏။ ထိုကဲ့သို့ ဖြေကြားချက် ကြားရတာနှင့် စာရေးသူ ပြန်အကြံပြုပြောပြတာက 'အဲဒီလိုဆို ပျားမြီးရွက် ဆက်မစားနိုင်းပါနဲ့ ခင်ဗျာ၊ ဘေးတွေ့နိုင်ပါတယ်၊ တစ်ယောက်တွက်ဆေး၊ တစ်ယောက်အတွက် ဘေးလို့ ဆိုထားတယ်ခင်ဗျ' ဟု အသိပေးမိပါ၏။

စိတ်မကောင်းစရာပါပဲ၊ အဲဒီနေ့က အချိုရည်ဘူးသာမက ဘယ်လိုအစားအသောက်များကိုလည်း မဆင်မခြင် စားသောက်နေမှန်းမှ မသိဘဲလေ။

ဒါပေမယ့် နောက်တစ်ပတ်ကျော်လောက်တွင် ထိုပုဂ္ဂိုလ်ကြီးနှင့် ဇနီး တပည့်လက်သားများ ကားဖြင့် ရောက်လာပြန်ပါ၏။ သူ့ရောဂါဖြစ်နေတာ ဆယ်စုနှစ်ကျော်ပြီတဲ့၊ မည်သို့ရှိစေ ထပ်မံ၍ တောင်းခံသွားသော ပျားမြီးရွက် ပျိုးပင်၊ ပျားမြီးရွက်အပင်ဖြတ်ကိုင်းနှင့် ပျားမြီးရွက်များကို ပေးလိုက်မိတာ အမှန်ပါ။

အစားအသောက်ကြောင့် အဓိက ဖြစ်ရသည့် ဆီးချို သွေးချိုရောဂါ ဝေဒနာမျိုးကို တိုက်ဖျက်ကုသ ကာကွယ်ကြရာတွင် အခြေခံလိုက်နာဆောင်ရွက်ရမည့် မတည့်သော အစားအသောက်များကို ဆင်ခြင်၍ စားသောက်ရမှာ ဖြစ်သလို၊ လိုအပ်သည့် ကိုယ်လက်လှုပ်ရှားမှုကိုလည်း မိမိနှင့် သင့်တော် အဆင်ပြေသမျှ ပုံမှန်လိုက်နာ လုပ်ဆောင်နေရန် လိုအပ်သလို ရောဂါအတွက် သင့်တော်၊ အဆင်ပြေသော ဆေးဝါးများကိုလည်း မပြတ်မှီဝဲနေရမှာ ဖြစ်ပါ၏။



သို့သော်လည်း ဤနေရာမှာ အလျဉ်းသင့်၍ အသိပေး ဖော်ပြလိုတာက စာရေးသူတို့မိသားစုနှင့် ရင်းနှီးကျွမ်းဝင်သော သက်တော်လည်းကြီး၊ ဝါကလည်းကြီး အသိနှင့်ယှဉ်သော သတိပဋ္ဌာန် ကျင့်စဉ်များကို ကျင့်ကြံ ပွားများအားထုတ် ညွှန်ကြားပြသ နည်းလမ်းများ ပေးနေသော ငယ်ဖြူ ဘုန်းတော်ကြီးတစ်ပါး ဟိုတစ်လောက ရောဂါနှင့် မတည့်သော ကောက်ညှင်းပေါင်းကို သတိလက်လွတ် အစားသုံး၍ ချက်ချင်းပဲ ဆေးရုံတင် အောက်ဆီဂျင်ပေး၊ အပြင်းအထန် ကုသ အသက်လုပ်ခဲ့ရသော အဖြစ်မျိုးတောင် ရှိနေတော့ အစားအသောက်ကို သာမန်လူသားတွေထက် ဆီးချို သွေးချို ရောဂါဝေဒနာရှင်များအဖို့ ပို အစားအသောက်ကြောင့်ပဲ . . . . ဖြစ်ချိုး ဖြစ်စဉ် ဖြတ်တတ်ရုံမက ဖြစ်နေဦးမှာ ရှိနေဦးမှာပါပဲလေဟု စာရေးသူအနေဖြင့် မိမိကိုယ်ကို အတွေးပွား ခံယူမိသလို-

လူသားတိုင်း ဘဝရပ်တည် အသက်ရှင်နေနိုင်ရေးသည် အသိနှင့် သတိအပေါ်မှာ များစွာ တည်မှီနေပါကြောင်း။

[ သူရမ္မမဂ္ဂဇင်း ၉၊ ၂၀၀၉ ]

❖ ❖ ❖





ဆီးချို သွေးချို ရောဂါဝေဒနာအတွက်
ပျားမြီးရွက် အပင်နှင့် ပတ်သက်၍ ၉

ဆီးချို သွေးချို ရောဂါဝေဒနာအတွက် ဆေးဖက်ဝင် ပျားမြီးရွက် အပင်ငယ်တစ်ပင် ရရှိခဲ့ပါ၏။ ဝေဒနာခံစားနေရသော အရာရှိကြီးတစ်ဦး သူကိုယ်တိုင် ပျားမြီးရွက် စားသုံးပြီး ထူးခြားစွာ သက်သာ ပျောက်ကင်းခဲ့၍ ထိုအပင်ကို ဆက်လက် မျိုးပွား ရယူခဲ့လေသည်။ ထိုမျိုးပွားရရှိခဲ့သော ပျားမြီးရွက် ပျိုးပင်ကလေးများကို လက်လှမ်းမီသမျှ စားသုံးနည်း အညွှန်းစာရွက်နှင့်အတူ မျှဝေကုသိုလ် ပြုခဲ့ပါတယ်။

ထိုပုဂ္ဂိုလ်ကြီးက စာရေးသူ၏ ဖိုးညာလျှာညီသို့ ရောက်လာစဉ် စာရေးသူသည် လက်လှမ်းမီသမျှ ဆေးဖက်ဝင် ပရဆေးပင်လေးများကို စိုက်ပျိုး မျိုးပွား ကုသိုလ်ပြုနေတာကို သိသွားရာမှ ထိုပုဂ္ဂိုလ်ကြီးကိုယ်တိုင် ပျားမြီးရွက် ပျိုးပင်ငယ်တစ်ပင်နှင့် အညွှန်းစာရွက်တစ်ရွက်ကို ကိုယ်တိုင် လာပို့ပေးခဲ့တာပါ။ ထိုပုဂ္ဂိုလ်ကြီးက 'ကျွန်တော်ကိုယ်တိုင် စားသုံးနေပါတယ်၊ အလွန် ဆေးစွမ်းထက်ပါတယ်' ဟု [illegible]

သွေးချို အမှတ်မြင့်တာရယ်၊ အစားအသောက် ဂရုစိုက်ပြီး အထူး ဂရုစိုက်ဖို့ မှာတော့မှ သူ ပိုဆိုးပြီး ငိုတော့တာပဲ'တဲ့။

'အေးဗျာ၊ ဖြစ်လာမှတော့ သတ္တိရှိရှိ ရင်ဆိုင်ဖြေရှင်းကြပေါ့၊ ဆရာဝန်မှာတာကိုလည်း လိုက်နာပေါ့၊ ဖျားမြီးရွက် စားသုံးကြသူ ဆီးချို သွေးချိုရောဂါသည်များ အကျိုးရှိနေကြကြောင်း အသိပေး အားပေးမိသလို ဖျားမြီးရွက် ကုန်သွားရင်လည်း အချိန်မရွေးလာယူပေါ့' ဟု မှာမိပါတယ်။

သူတို့ပြန်ခါနီးတွင် ဆိုက်ကားဆရာက 'ကျွန်တော်တို့ ဘယ်လောက် ကန်တော့ရမလဲ'တဲ့။ မလိုပါဘူး၊ ဆေးဖက်ဝင်အပင်တွေ စိုက်ပြီး အာယုဒါန လုပ်နေတာပါ၊ အခမဲ့ပါဟု ဆိုတော့ 'လူနာအမျိုးသမီးက လက်ဖက်ရည်ဖိုးတော့ ပေးခဲ့ပါပြီး'တဲ့။ သူတို့ ရင်ဆိုင်နေရတဲ့ဘဝ ပကတိ အခြေအနေ၊ သူတို့ရဲ့ စေတနာ သဒ္ဓါတို့ပြန်ချက်တွေပါ။ စာရေးသူက ပြုံးလျက်၊ မလိုပါဘူးဟု ဖြေမိတာ အမှန်ပါ။

ဒီစာစုကို ရေးသားနေဆဲ ဒီနေ့မနက်မှာပဲ လူတစ်ယောက်ကို တင်လျက် ထိုဆိုက်ကားဆရာ ပြန်ရောက်လာပါတယ်။ 'ကျွန်တော် အရင် ငါးရက်က လာခဲ့ပါတယ်၊ ဖျားမြီးရွက် ကုန်သွားလို့ လာတောင်းတာပါ' ဟု ဆိုပါ၏။ ထိုအခါ စာရေးသူက သမီးကို လှမ်းခေါ်ပြီး ဖျားမြီးရွက် ခူးခိုင်းပါ၏။ အခြေအနေကို မေးရာ ဖျားမြီးရွက်စားပြီး သွေးချိုကိုင်းရာ ကျကြောင်း၊ အဲဒါကြောင့် ဆရာဝန်မှ နောက် ငါးရက်မှလာပြပါဟု မှာလိုက်ကြောင်း ဆိုပါ၏။

ပါလာသူပုဂ္ဂိုလ်က အခုအခါ ရောဂါဖြစ်လာရင် ရင်ဆိုင်နိုင်ဖို့ အတော့်ကို ခက်ခဲနေပြီဟုဆိုတော့ စာရေးသူက 'အေးဗျာ၊ ဒီလို ဆီးချို သွေးချိုက ယေဘုယျအားဖြင့် အစားအသောက်ကြောင့် ဖြစ်လာကြတာ များပါတယ်၊ တကယ်တော့ အစားအသောက်ဟာ အသက်ရှင်သန်ရေးသာမက ကျန်းမာရေးအတွက် အဓိက အာဟာရပါ၊ ဒါပေမယ့် 'စားတတ်ရင် ဆေး မစားတတ်ရင် ဘေးတဲ့ ဗျာ၊ ပြီးတော့ တန်ဆေး လွန်ဘေးတဲ့၊ အဲဒီအပြင် တစ်ယောက်တွက် ဆေး၊ တစ်ယောက်တွက် ဘေးတဲ့လေ' ဒါတွေကို ယုံကြည်လက်ခံပြီး ဆင်ခြင်နေထိုင်စားသောက်ကြရင် အနည်းနဲ့အများ ကျော်လွှားရင်ဆိုင်နိုင်မှာပါ၊ အဲဒါကလည်း အသိနဲ့ သတိကို မလွတ်တမ်း စွဲစွဲမြဲမြဲ မှတ်ယူ ခံယူပြီး လိုက်နာနိုင်ရင်ပေါ့။

လျှာအလိုကိုလိုက်ပြီး ကြိုက်တာစားနေကြရင် ဆေးဝါးလိုက်ကုရမှာ အမှန်ပဲဗျ၊ အမြဲ အသိနဲ့ သတိထားပြီး စိတ်အလိုအာသီသကို ထိန်းသိမ်းပြီး အာဟာရ



ဖြစ်တာ ရွေးစားရင်တော့ ဆေးမလိုဘဲ ရောဂါတောင် ပျောက်နိုင်ပါတယ်ဟု ဆွေးနွေး အသိပေးသမျှ သူရဲ့မဂ္ဂဇင်း စာဖတ် ပရိသတ်သို့ပါ တင်ပြလိုက်ရပါကြောင်း။

{ သူရဲ့မဂ္ဂဇင်း ၅၊ ၂၀၁၀ }

❖ ❖ ❖





## တစ်ပင်တိုင် ထိကရုံး သို့မဟုတ် ထိကရုံးမင်းအပင် နှင့် ဆေးဖက်ဝင်အစွမ်း

၁၃၊ ၁၀၊ ၀၉ ရက်နေ့ နံနက် ၁၀း၃၀ နာရီခန့်တွင် နေပြည်တော်၊ ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်းနေ မြို့နယ်စာနယ်ဇင်း ဒုဥက္ကဋ္ဌ ကိုကြီးကျော်ထံ ရောက်ခဲ့ပါတယ်။ ယခုလ ၁၁၊ ၂၀၀၉ ထုတ် သိပ္ပံမိုး မဂ္ဂဇင်းတစ်အုပ် ဝယ်ပြီးသွားခဲ့တာပါ၊ ၎င်းစာအုပ်တွင် နေပြည်တော် ရဲချုပ်ရုံးမှ ဆရာထက်ခေါင် ပြောပြသော မီးကွင်းဂမုန်းဆေးဖက်ဝင် သက်တွေ့ ပွဲတွေ့ ဆေးအကြောင်း ပါလာလို့ဖြစ်ပါသည်။ ကိုကြီးကျော်က ဆရာထက်ခေါင်နှင့် အပါအားလျော်စွာ တွေ့နေကျဖြစ်၍ သူကတစ်ဆင့် အဖွဲ့တာရာအဖြစ် မဂ္ဂဇင်းကို ယူသွားပေးဖို့ပါ။

သိပ္ပံမိုး မဂ္ဂဇင်း ကိုကြီးကျော် လက်ထဲရောက်တာနဲ့ 'မီးကွင်းဂမုန်းနှင့် ဆေးဖက်ဝင်အစွမ်း' ဆောင်းပါးကို သူဖတ်ကြည့်၏။ ထို့နောက် ကိုကြီးကျော်က 'ဆရာကြီးကို ထိကရုံးမင်းအပင် ပြရဦးမယ်'ဟု ဆိုကာ သူ့အိမ်ဝိုင်း တစ်နေရာသို့ ခေါ်သွားပါတယ်။ သူ့နောက်က လိုက်သွားရင်း ယခင် နှစ်ပတ်လောက်က ပန်းတီး ပြောပြလို့ သတင်းကြားထားကြောင်းကို ပြောပြပါ၏။



ကိုကြီးကျော်က သူစိုက်ထားသော အပင်လေးကိုပြတော့ စာရေးသူ တုံ့ဩသွားရပြန်ပါတယ်။ ဘာလို့လဲဆိုတော့ စာရေးသူရဲ့ခြံထဲမှာ ဖျားမြီးရွက်ပျိုးပင် မြေထုပ်လေးများထားသောနေရာအေးတွင် ထိုအပင်လေး သုံးပင်ကို မြေမှာ ပေါက်နေကာ အတော့်ကို ကြာပြီကော။ အပင်လေး၏ ထူးခြားတဲ့ အပင်ပုံစံနဲ့ တည်ဆောက်ထားတဲ့ ပုံသဏ္ဌာန်ကြောင့် အလိုလို စိတ်ဝင်စားတာနဲ့ အပင်တစ်ပင်ကို မြေထုပ်ကလေးထဲ ချွေစိုက်ထားပြီး ခြံထဲလာတဲ့ သူတွေနဲ့ အခွင့်အခါသင့်တိုင်း ဘာအပင်လဲဟု မေးမြန်းစုံစမ်းနေခဲ့တာ အခုမှ အဖြေရတော့တယ်။

အခုတော့ ထိုအပင်လေးဟာ ထိကရုံးမင်းအပင် ဆေးဖက်ဝင်အစွမ်းကြောင့် မှုခင်းသတင်း (Crime) က ဆရာကျော်မြင့် ကြာရှည် ခံစားနေရတဲ့ သူ ဆီးကျိတ်ရောင်ရောဂါတောင် ပျောက်သွားပြီဆိုပြန်တော့ ဘာရယ်မဟုတ်ဘူး ခြံထဲကအပင်လေးတွေ ရှိမှ ရှိသေးရဲ့လားပဲဟု တွေးပူမိပြန်တာ ဝန်ခံပါရစေ။ အဲဒီအပင်လေးတွေဟာ အခုလို ဆေးဖက်ဝင် အသုံးကျမှန်းသိရင် အသေအချာ စိုက်ပျိုးပြုစုပြီး မျိုးပွားနိုင်တာပေါ့။



ထိကရုံးမင်းအပင် ထိပ်များတွင် အရွက်များ စုပြုံပေါက်နေပုံကို ပင်စည်အောက်ခြေမှ မြင်ရပုံ။

ကိုကြီးကျော် ပြောပြတာက ဆရာထက်ခေါင်နဲ့ သူတို့အဖွဲ့ ကျည်တောင်ခရိုင်မှ ဆရာကျော်မြင့် ရောက်နှင့်နေသော သစ်ဆိမ့်ပင်ရွာသို့ လိုက်သွားခဲ့စဉ်က ဆရာ ကျော်မြင့်ရဲ့ ကျန်းမာရေး အခြေအနေ တိုးတက်ကောင်းမွန်နေတာ တွေ့လို့ အကျိုးအကြောင်း မေး မိ ခဲ့ကြောင်း၊ ထိုအခါ ဆရာကျော်မြင့်က သူ ထိကရုံးမင်း ဆေးပင် ပျူငါးပါး

မြန်မာနိုင်ငံအတွင်းရှိ အရေးကြီးအပင်များ၏ ရုက္ခဗေဒဆိုင်ရာ အမည်များနှင့် မျိုးရင်းအမည်များပါ စာအုပ်မှာတော့ စာမျက်နှာ ၃၀ တွင်

၁။ ထိကရုံး ကုန်း

၂။ ထိကရုံးကလေး

၃။ ထိကရုံးကြီး

၄။ ထိကရုံး နွံ့ရွက် ဟူ၍ လေးမျိုး ဖော်ပြထားပါသည်။

ကျော်တင့်ဆွေ၏ တိုင်းရင်းဆေးဝါးကုထုံး ရောဂါအဘိဓာန် စာအုပ်တွင် စာမျက်နှာ ၃၀၇ ၌

က။ ကုန်းထိကရုံး

ခ။ ရေထိကရုံးပင် နှစ်မျိုး ဖော်ပြထားပါသည်။



ဝင်္ကပါးများစွာနှင့် ကုန်းထိကရုံးပင်

အဆက်ပါ အထင်ကရ ဆေးစာအုပ်များမှာ ထိကရုံးမင်း၊ တစ်ပင်တိုင် ထိကရုံး၊ ပင်စောက်ထိကရုံး အပင်နှင့် ပတ်သက်၍ ဖော်ပြထားချက် လုံးဝ မတွေ့ရပါ၊ မပါရှိပါ။

ထိကရုံးဟု ခေါ်တွင်ရသည့် အကြောင်းရင်းနှင့် ပတ်သက်၍ အနည်းငယ် တင်ပြဆွေးနွေးလိုပါတယ်။ ထိကရုံးဟု ဆိုတာနဲ့ တွေ့ထိမှုသူ လူကြီး လူငယ်



တိုင်း အဲဒီ အပင်အရွက်ကလေးများကို ထိရုံနဲ့ ငြိမ့်နေတဲ့ ထိကရုံးရွက်ကလေးတွေ ချက်ချင်း ရှုန်းသွားပြီး သို့မဟုတ် ကျုံ့သွားပြီး အိပ်သွားတော့တာပါပဲ၊ ကုန်းထိကရုံးပင်လေးတိုင်း ဒီသတ္တိမျိုး ရှိကြ၏။ ရေထိကရုံးအပင်မှာ ထိုသတ္တိမျိုး ရှိမရှိ စာရေးသူ အတွေ့အကြုံမရှိ၍ မဖော်ပြနိုင်ပါ။ ကုန်းထိကရုံး အပင်ကို လက်နှင့်လည်းကောင်း၊ လေပြင်းတိုက်၍ လည်းကောင်း ထိခိုက်မိ၍ လည်းကောင်း အရွက်လေးများ အိပ်သွားလေ့ရှိပါ၏။ ထိခိုက်မှုဒဏ် ပြေသွားသည်နှင့် အရွက်ကလေးများ တဖြည်းဖြည်း ပြန်၍ ငြိမ့်ကားကာ မူလအတိုင်း ပြန်ဖြစ်လာတတ်ပါ၏။ ထို့အပြင် ထိကရုံးပင်လေးများ၏ ထိုကဲ့သို့သော သတ္တိထူးရှိနေတာကို အစွဲပြု၍ ကုန်းထိကရုံးပင်ကို အင်္ဂလိပ်အမည် (Touch-me-not) ဟူ၍ လည်းကောင်း၊ ထိကရုံးကလေးကို (Sensitive plant) ဟု ခေါ်ဆိုထားပါသည်။ လိုက်ဖက်လှသည့်အမည်ဟု ယူဆမိပါ၏။

ရေထိကရုံးပင်များသည် ရေနှင့် နီးစပ်သော နေရာများတွင် ပေါက်လေ့ရှိကြပြီး ကုန်းထိကရုံးပင်သည် ကုန်းဆန်သောနေရာများမှာ ပေါက်လေ့ရှိသလို အစေ့များကျ၍ အပင်ပွားအား အလွန်ကောင်းသောကြောင့် နိုင်အောင် မနှိမ်နင်းနိုင်ပါက တစ်ခင်းလုံးထိ ပြန့်သွားနိုင်တာလည်း တွေ့ရပါ၏။

## ထိကရုံးမင်း သို့မဟုတ် တစ်ပင်တိုင်ထိကရုံး သို့မဟုတ် ပင်စောက်ထိကရုံးအပင်နှင့် အသွင်သဏ္ဌာန်

ထိကရုံးဟု ဆိုတာနဲ့ စာရေးသူထံမှာရှိသော အပင်နှစ်ပင်ကို ကုန်းထိကရုံး ကဲ့သို့ ထိရုံနဲ့ ရှုန်းသောသတ္တိ ရှိ မရှိ စမ်းသပ်လေ့လာမိတာ အမှန်ပါ။ ထိကရုံးမင်း အရွက်လေးများကို လက်နဲ့ ထိကြည့်ပါ၏။ လုံးဝ ရှုန်း မအိပ်ပါ၊ လက်ညှိုးလေးနဲ့ တောက်ကြည့်ပြန်၏။ မအိပ်ပါ။ ထို့နောက် လက်ညှိုး လက်မ နှစ်ဖက် အားပြု ဖိကြည့်ပြန်၏။ သာသာနဲ့ မရှုန်း မအိပ်ပြန်ပါ။ အားပြု ဖိသပ်ကြည့်တော့မှ ကုန်းထိကရုံးရွက်ကလေးလို အိပ်သွား၊ ရွက်ပြားလေးတွေ ကပ်သွားတာ တွေ့ရပါ၏။

မိုးရွာပေးသော အရွက်များသာ အိပ်ပြီး ကုန်အရွက်များ မအိပ်ပါ။ ထို့နောက် အပင်ရဲ့ ပင်စည်လေးကို ကိုင်၍ လှုပ်မိ၏။ မအိပ်ပါ။ ထို့နောက် မြေကြီးပေါ်မှာ ပေါက်နေသော အပင်လေးမှာ သဲ ဖုန်များနှိုးနှ၍ လက်နှင့်ပွတ်၊ ရေပက် သန့်စင်တော့မှ အရွက်ကလေးများ ပူးကပ်အိပ်သွားတာ တွေ့ရပြန်ပါတယ်။



ဦးအောင်နိုင် ခြံထဲမှာရှိသော ထိကရုံးမင်းနှစ်ပင်ကို မြေထုပ်ထဲ ပြောင်း ထည့်ပြီး စာရေးသူထံသို့ပို့စဉ် သူ့စက်ဘီး ရှေ့ခြင်းထဲ ထည့်ယူလာတာပါ။ စာရေးသူထံရောက်တော့ အပင်လေးတွေ၏ အရွက်ကလေးများ ထပ်၍ အိပ်နေတာ တွေ့ရပါတယ်။ လေပြင်းပြင်းတိုက်တဲ့အခါမှာ ထိကရုံးမင်း အပင်လေးများ၏ အရွက်များ အိပ်ကြသည်ဟု မှတ်ချက်ပြုမိပါသည်။

ထိကရုံးမင်းအပင် အရွက်ကလေးများလည်း အိပ်တတ်လို့ စာရေးသူရဲ့ ကိုယ်ပိုင်အတွေးအယူအဆဖြင့် ထိကရုံးအုပ်စုထဲမှာ ပါနိုင်သည်ဟု မှတ်ချက် ပြုမိပါ၏။

## ထိကရုံးမင်းအပင် အသွင်သဏ္ဌာန်

ပုံပါအတိုင်း ထိကရုံးမင်းအပင် အသွင်သဏ္ဌာန်မှာ ထူးခြားနေပါ၏။ ပင်စည်လုံးပတ် ဘောပင် မင်ချောင်းခန့်သာရှိပြီး ကိုင်းပွားမရှိပေ၊ ပင်စည် အမြင့် ၄ – ၁၂ လက်မခန့် ရှိ၏။ ပေါက်ရောက်သည့် မြေသားအာဟာရပေါ် မူတည်ပြီး အပင်ကြီးထွားမှု ကွာခြားလေသည်၊ တစ်ခုတည်းသော ပင်စည်ထိပ်ဖူးတ်လည်တွင် အရွက်များစုဝိုင်း၍ ထွက်လေ့ရှိပါသည်။ အာဟာရပေါ် မူတည်၍ အနည်းဆုံး ၁၀ ရွက်ကျော်မှ အများဆုံး အရွက် ၂၀ ကျော်အထိ ထွက်နိုင်ကြောင်း တွေ့ရ၏။

တစ်ခုတည်းသော ပင်စည်၏ ထိပ်ဖူးမှ ကိုင်းပွားမရှိ၊ အရွက်များ စုပြုံထွက်နေသည့် အပင်ပို့ တစ်ပင်တိုင်ထိကရုံး သို့မဟုတ် ပင်စောက် ထိကရုံးဟု သတ်မှတ် ခေါ်ဆိုကြတာဟု ယူဆမိသလို ထို အမည်နှင့်လည်း လိုက်ဖက် ပါ၏။



ဦးအောင်နိုင် ခြံတွင် ပေါက်ပွား ရှင်သန်နေသည့် ပင်စည်ပြိုင်မှာ သော ထိကရုံးမင်း အပင်။



## ထိကရုံးမင်းအရွက်

ထိကရုံးမင်းအပင်၏ ထိပ်ဖူးပတ်လည်မှာ အလျား ၁-၃ လက်မခန့်ရှိ အရွက်ကြောများတွင် အရွက် အညှာ၏ အရင်း တစ်လက်မခန့်မှ စ၍ ရှတ်တရက် ကြည့်လျှင် မန်ကျည်းရွက်ငယ်နှင့် ခပ်ဆင်ဆင် ရွက်ပြား ဆိုင်ထွက် တတ်၏။ အနည်းဆုံး ၁၀-၁၅ စုံခန့်အထိ အရွက်များ ထွက်ရှိ၏။ အရွက်ရင်းမှာ အနည်းငယ် ရွက်ပြားသေး၍ အဖျားသို့ တဖြည်းဖြည်း ကြီးသွားလေသည်၊ အရွက်အရောင်မှာ အောက်ပိုင်း အနည်းငယ်မှိုင်း၍ အပေါ်ပိုင်း အရွက်အရောင် မှာ အစိမ်းရင့်ရောင် မှိုင်းနေ၏။ အရွက်အညှာတံ သေး၍ နူးညံ့၏၊ ပျော့ပျောင်း လှ၏။ ထိပ်ဖူးမှ အရွက်ညှာ နှစ်စုံထပ်၍ ထွက်လာပြီး အောက်ခြေအရွက်တို့၌ အပေါ်အရွက် ရှည်ပြီး ကြီး၏။

## ထိကရုံးမင်းအပွင့်

ထိကရုံးအပင်တစ်ခုတွင် ထိပ်ဖူး၌ အရွက်များဝိုင်း၍ နှစ်ထပ်ထွက်ရာတွင် အပင်အာဟာရပေါ် မူတည်၍ ၁၀ ရွက်မှ ၂၅ ရွက်ခန့်အထိ ထွက်၏။ အရွယ် ရောက်သော ထိကရုံးမင်းအပင်များ ဖူးပွင့်ကြလေသည်၊ ထိပ်ဖူးအရွက်များ၏



နီပါလောက်ဖူးပွင့်နေသော ထိကရုံးမင်း အပွင့်လေးများ။

ဘယ်လိုပြောပြရမှန်းတောင် မသိတော့ပါဘူး၊ ကောင်းလိုက်တဲ့ အရသာ၊ အခက်အခဲ လုံးဝ မရှိတော့ဘဲ ဆီးတွေသွားနေလိုက်တာ အကြာကြီးပဲ၊ အိမ်သားတွေလည်း ဝိုင်းလို့ သူတို့မျက်နှာတွေမှာ အံ့ဩလှတဲ့ အပြုံးတွေနဲ့ ကျွန်တော်လည်း စိတ်ရှိလက်ရှိကို ဆီးတွေ သွားပစ်လိုက်တာ၊ ဆီးအိုးပြည့်သွားတဲ့အထိပါပဲ' တဲ့၊ ဆရာကျော်မြင့် ဆက်ပြောပြတာက-

'ဆရာရေ၊ အဲဒီ ဆီးသွားပစ်တဲ့ တစ်ကြိမ်တည်းနဲ့ကို ကျွန်တော် ပျောက်ပြီ၊ မသေတော့ဘူးလို့ ကိုယ့်ကိုယ်ကိုယ် အသိဝင် ပျော်ရွှင်မှုပီတိအပြည့် ခံစားခဲ့ရပါတယ်၊ တစ်ဆက်တည်းပဲ ကျွန်တော်လည်း ထထိုင် အစားအသောက်တွေ စတင်စားသုံးတော့ တာပဲဗျ'ဟု အပြုံးများနှင့် ပြောပြပါသည်။

'ကျွန်တော့်အဖြစ်က တစ်ခန်းတည်းမှာ ဆီးကျိတ်ကင်ဆာရောဂါကြောင့် တက်ရောက်ကုသနေတဲ့ ကျွန်တော့်လိုပဲ တုံးလုံးပက်လက်သမား တစ်ယောက် ရောက်လာပြီး အကူအညီတောင်းလာတော့ အဲဒီ ထိကရုံးမင်း ဆေးရည်ပေးခဲ့ကြောင်း၊ သူလည်း ကျွန်တော့်လိုပဲ လုံးဝ ပျောက်သွားခဲ့တယ်' ဟု ဆိုပြန်ပါသည်။ ဒါကိုကြားတော့ စာရေးသူက သူ့လိပ်စာ အမည်လေးတော့ မှတ်မထားဘူးလား ဟု ဆိုရာ-

ဆရာကျော်မြင့်က မှခင်းသတင်းသမားပီပီ ပြုံးလျက် 'သိတာပေါ့ ဆရာရယ်၊ သူက ငို့ထွန်းမင်း၊ တောင်တွင်းကြီး၊ မောင်းတဲရပ်ကပါ' ဟု ပြောပြပါ၏။

ဆရာကျော်မြင့် အဖြစ်က တကယ့် အံ့ဖွယ်ပါ။ သူ့အဖြစ်ကိုမှီပြီး ဆီးကျိတ်ကင်ဆာရောဂါသည် တစ်ဦးပါ ပျောက်ကင်းသွားခဲ့ရတာကြောင့် စာရေးသူက ဆက်၍

'နေပါဦး ဆရာ၊ ခင်ဗျား ဆီးကျိတ်ကတော့ ရောင်ရုံပဲလား၊ ကင်ဆာ ဖြစ်နေပြီလား' ဟု စုံစမ်းရာ

'ဖြစ်နိုင်တယ် ဆရာကြီး၊ ကျွန်တော် ဖြစ်နေတာ ကာလကြာပြီဆိုတော့ ကင်ဆာနီးပါးပဲ ဖြစ်မှာပါ' ဟု ဖြေပါသည်။

'ကိုထွန်းမင်းကော ဆရာကျော်မြင့်နဲ့အတူ ဆေးရုံက ဆင်းရလား' ဟု မေးရာ

'သူက ကျန်ခဲ့တယ်၊ လေး ငါး ရက် ကြာတော့ သူလည်း ဆေးရုံက ဆင်းနိုင်တယ်' ဟု သိရ၏။



ယခုတော့ ဆရာကျော်မြင့် တစ်ယောက် ကင်မရာတစ်လုံးနဲ့ စာပေဟောပြောပွဲမှာ မှတ်တမ်းဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်နေလိုက်တာ၊ စာရေးသူတို့အဖွဲ့ နေပြည်တော် ပျဉ်းမနားသို့ ပြန်လာခါနီးတွင် စာရေးသူက-

'ဆရာကျော်မြင့် အခုကော ထိကရုံးမင်းပြုတ်ရည် သောက်တုန်းပဲလား'ဟု မေးရာ

'သောက်တယ် ဆရာ၊ ဒီလောက် ကြောက်စရာကောင်းတဲ့ ဆီးကျိတ်ရောဂါကို တစ်ခါတည်း လန့်သွားပြီလေ၊ ဒီဆေးရည်က ဘေးထွက်ဆိုးကျိုးလည်း မရှိဘူး' ဟု ဆိုပါသည်။ စာရေးသူက 'တစ်ခါကျိုရင် ထိကရုံးမင်း ဘယ်နှပင်လောက် အသုံးပြုရလဲ' ဟု မေးရာ-

'နှစ်ပင် သုံးပင်လောက်ကို နုတ်ပြီး ရေစင်အောင် ဆေး၊ ပဋ္ဌင်းပါးလုံးကို မြေအိုး သို့မဟုတ် စတီးအိုးထဲထည့် ရေသန့်ဘူးနဲ့ ရေထည့်ကျို၊ တစ်ဘူးလောက်ကျန် အရည်ကို စစ်ပြီး သောက်နေတယ်' ဟု ဆိုပါ၏။

'အပင်ကော အလုံအလောက် ရှိလား' ဟု မေးတော့ 'သစ်ဆိမ့်ပင်ရွာက ဦးအောင်သောင်းဆီမှ မျိုးပင်များ ယူစိုက်ထားတာ ပွားများ ရှင်သန်နေပြီ' ဟု ဆိုပါ၏။

'အခု မြို့ကို ဆိုင်ကယ်စီးသွားနိုင်ပြီပေါ့' ဟု ဆိုရာ

'ဟုတ်တယ် ဆရာရေ၊ တောင်တွင်းကြီးက ထွန်းမင်းလည်း အိုကေပဲ တဲ့၊ ပြီးတော့ ကျွန်တော် ဆရာ့ဆီ ဆိုင်ကယ်နဲ့ နှစ်ခေါက် ရောက်တယ်၊ ဆရာ မရှိဘူး၊ သစ်ဆိမ့်ပင်ရွာကိုလည်း ပျဉ်းမနားတောင်း ကနေ အသွားအပြန် ဆိုင်ကယ်စီး သွားနေပါတယ်'ဟု ဆိုပါ၏။

ဆရာကျော်မြင့်၏ ဆီးကျိတ်ရောင်ရောဂါကို ရှင်းရှင်းပျောက်ကင်း သွားနိုင်လောက်အောင် ဆေးစွမ်းထက်လှသည့် ထိကရုံးမင်းအပင်ကို မိုးဗြမ်းကိုးကားလောက်အောင် ဆေးစွမ်းထက်လှသည့် ... ဆေးကျမ်း၊ ဆေးအဘိဓာန် စာအုပ်များမှာ ရှာသော်လည်း ဖော်ပြထားချက် မရှိ မတွေ့ရပါ။ ဤဆေးပင်နှင့် ပတ်သက်၍ ဆရာကျော်မြင့် ဖြစ်စဉ်ကို အမှီပြု၍ သစ်ဆိမ့်ပင် ရွာမှ ဦးအောင်သောင်းကိုလည်း မှတ်တမ်းပြုမိပါ၏။ သူက အပင်၏ ဆေးအစွမ်းကို သိရာမှ စိုက်ပျိုးမျိုးပွားခဲ့သူ ဖြစ်သလို ဆင်ဖြူတောင် ဆုတောင်းပြည့်ကျောင်း ဆရာတော်ကို ဒီဆေးပင်နှင့် စတင်ကုသပေးသူ ပအိုဝ်း အမျိုးသားကြီးကိုလည်း မှတ်တမ်းပြု ဂုဏ်ယူမိပါ၏။



ပအိုဝ်းဓကာကြီးမှ ထိကရုံးမင်းပြုတ်ရည်သည် ဆီးနှင့် ပတ်သက်သော ရောဂါများ၊ ဆီးကျိတ်ပြည့်တည်နာနှင့် အမျိုးသမီး ဆီးရောဂါများ ပျောက်ကင်းသက်သာစေနိုင်ကြောင်း အသိပေး ပြောပြချက်များကို ဦးအောင်သောင်းမှ အသိပေးခဲ့မှုကိုလည်း စာရေးသူမှတစ်ဆင့် ပြန်လည် ဖော်ပြလိုက်ရပါသည်။

ပရဆေးပင်များနှင့် ပတ်သက်၍ ယခုအချိန်အခါတွင် ယုံကြည်၍ ဆန္ဒရှိသူများက လိုလိုလားလား သုံးစွဲလာကြတာလည်း တွေ့ရပါ၏။ မြန်မာနိုင်ငံ ဒေသ အနှံ့အပြားတွင် အစွမ်းထက် ပရဆေးပင်များ ပြောက်ပြားစွာ ပေါက်ရောက် ရှင်သန်လျက်ရှိနေတာလည်း အမှန်ပင်။ ဒါကို ကိုယ်တွေ့ ပွဲတွေ့ လက်တွေ့ ရောဂါများကို ပျောက်ကင်းသက်သာ သွားစေနိုင်သည့် ပရဆေးပင်များ အကြောင်းကို စာရေးသူမှ လေ့လာ စုံစမ်း၍ စာစု ရေးသားဖော်ထုတ် အသိပေးနေပါ၏။ စိုက်ပျိုး မျိုးပွား၍ လွယ်ကူသော အပင်များကိုလည်း စုဆောင်း၍ မျိုးပွား ကုသိုလ်ပြုနေတာလည်း နှစ်များစွာ ရှိခဲ့ပါပြီ။ ဤထိကရုံးမင်းအပင်ကို စိုက်ပျိုး မျိုးပွားနေ၏။

ပရဆေးပင်များ၏ အစွမ်းထက်မှု ထိရောက်စွာ ပျောက်ကင်း သက်သာမှုများကြောင့် ယခုအခါ အားကိုး မှီဝဲ သုံးစွဲမှုများလာတာလည်း တွေ့ရပါ၏။ ဆေးဝါးများ၏ အသုံးတည့်မှုသည်လည်း 'တစ်ယောက်တွက် ဆေး တစ်ယောက်တွက် ဘေး တန်ဆေး လွန်ဘေး' ဟူ၍ ညွှန်းဆိုထားချက်ကို သတိပြု ဆင်ခြင်သင့်သလို တစ်ယောက်၏ သွေးသား တည်ဆောက်ပုံနှင့် အခြားတစ်ယောက် သွေးသား တည်ဆောက်ပုံ မတူသလို၊ ဆေးတိုးပုံနှင့် ဆေးတုံ့ပြန်မှု ခံနိုင်ရည် အားလည်း ကွဲပြားနေပေသည်။

ဤထိကရုံးမင်းအပင်နှင့် ပတ်သက်၍လည်း လိုအပ်နေသူများအတွက် ၎င်း၏ ပွဲတွေ့ အောင်မြင်မှုကို အသိပေး ဖော်ပြလိုက်ရသလို၊ အပင်၏ ဓာတ်ပုံ မှတ်တမ်းများကို ပူးတွဲ၍ သုရှုမဂ္ဂဇင်း ပရိသတ်သို့ ရေးသား ဖော်ပြလိုက်ပါ၏။

[ သုရှုမဂ္ဂဇင်း ၅၊ ၂၀၀၉ ]

❖ ❖ ❖





သုံးထပ်ပနိုင်း သို့မဟုတ် ပနိုင်းညိုနှင့်ဆေးအစွမ်း

၇၊ ၂၊ ၂၀၁၀ နေ့ နံနက်ပိုင်းတွင် လူနှစ်ယောက်နှင့် ဆိုင်ကယ်တစ်စီး ခြံထဲသို့ ဝင်လာပါသည်။ စာရေးသူက ထွက်တွေ့တော့၊ ပါလာသူ အသားဖြူဖြူ ပုဂ္ဂိုလ်က

'ဆရာကြီး စောဒုဝါနော်'ဟု မေးလာပါ၏။ စာရေးသူက

'ဟုတ်ပါတယ် ခင်ဗျ'ဟု ဖြေရာ ထိုပုဂ္ဂိုလ်က ဆက်ပြောသည်မှာ

သူ မိုးကုတ်က လာကြောင်း၊ လာချင်နေတာ ကြာပြီဖြစ်ကြောင်း၊ ဒီနေ့တော့ ... က လာခဲ့ကြောင်း အစချီကာ သူလည်း စာရေးကြောင်း ယခုနောက်ပိုင်း ... နေရပြီဖြစ်တော့ကြောင်း၊ စာရေးသူ၏ ဆောင်းပါးများကို ဖတ်ရှုရတာ ... နေတာ ကြာပြီဖြစ်ကြောင်း သူက နေပြည်တော် ပျဉ်းမနားသို့ ဆိုင်ကယ်နှင့် ... ၊ အသက် ၂၀ ကတည်းက မိုးကုတ်ကို တက်သွားတာ အခု အသက် ၆၀ ကျော်ပြီ ဖြစ်ကြောင်း၊ အခါအားလျော်စွာ ဇာတိကို ပြန်ရောက်ကြောင်း ဆိုပါ၏။

လက်တွေ့ကုသပုံ

'ပဒိုင်းညိုအပင် အမြစ် လက်တစ်ဆစ် (လက်ခလယ်)ကို ဖြတ်ယူ၍ ရေစင်အောင်ဆေး ညက်အောင် ထုထောင်းပါ ပြီးတော့ ထန်းလျက်နှင့် ရော၍ လုံးပေးပါ။ လူနာ၏ လက်ခလယ် လက်တစ်ဆစ်နှင့် တိုင်းယူ ဖြတ်ပါ၊ အပင်အမြစ်ကတော့ လက်ချောင်းအရွယ် အသင့်လောက်ဆိုရပါတယ်'ဟု မိန့်ဆိုပါ၏။ ထို့နောက် ဆရာတော်မှ-

'အဲဒီ ဆေးလုံးကို လက်ပြန်ပေးတိုက်ပါ၊ အလူး သတိပြုရမှာကတော့ ခွေးရူး ကိုက်ခံရတဲ့ လူနာကို လိုက်ပို့ပြီး ပြန်မည်ဟု ဆိုသောစကား အပြောအဆိုလုံးဝ မပြောရဟု ဆိုပါသည်။ ဆေးတိုက်ပြီး လူနာကို လုံခြုံသော အခန်းထဲမှာ ထည့်ထားပြီး လုံခြုံအောင် ပိတ်ထားပါ၊ ဆေးအာနိသင်ကတော့ ၂၄ နာရီအတွင်း သိသာပျောက်ကင်းပါတယ်' ဟု ရှင်းပြပါ၏။ ဆက်၍ ဆရာတော်မှ-

'ခွေးရူးကိုက်ခံရပြီး နေ့ချင်းဆို ပိုကောင်းတယ် ဒကာ၊ ဒါပေမယ့် ခွေးရူးတာ သေချာပြီး အကိုက်ခံရပေမယ့် လနှင့်ချီ ကြာ၊ ခွေးရူးမပြန်သေးရင် ပဒိုင်းညို အမြစ်နဲ့ ကုသ ပျောက်ကင်းပါတယ်'ဟု မိန့်ဆို အသိပေးပါသည်။

'ဆေးအာနိသင် အစွမ်းပြတာက ၂၄ နာရီအတွင်းပါ၊ ခွေးရူးမှ ကူးစက်လာသည့် ရောဂါ အနည်းအများနှင့် လူနာ၏ ခုခံစွမ်းအားပေါ် မူတည်ပြီး လူနာ၏ တံပြန်မှု အနေး အမြန် ကွာခြားတတ်ပါတယ်၊ ၂၄ နာရီအတွင်း အစားအစာ ရေ မကျွေးရပါ၊ လူနာမှ လူကောင်းပကတိ တောင်းဆိုလာလျှင် အခန်းတံခါး ဖွင့်နိုင်းလာတတ်ပါတယ်၊ အဲဒီအခါ လူနာ လူကောင်း ပကတိ ဖြစ်ပါပြီ'ဟု ဆရာတော်မှ ရှင်းပြ အသိပေးပါ၏။

ထိုသို့ ဆရာတော်မှ ပဒိုင်းညိုနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားနေစဉ် ကျောင်းအောက်ထပ်အမိုးမှာ နားခိုနေကြသော အမျိုးသမီးကြီး သုံးလေးဦးထဲမှ တစ်ဦးက ရင်ဘတ်အောင့် ဒိုက်နာသည့်အခါ ပဒိုင်းညို အရွက်ကို ညဘက်ရေဝင်မှာ မီးကင် ကပ်ပေးရင် သက်သာ ပျောက်ကင်းတာ လက်တွေ့ပဲဟု ပြောဆိုပြန်ပါ ၏။ တောရွာဓလေ့နှင့် ဆေးမြီးကို မကင်းနိုင်ရုံမက အခုလို ထိရောက်တဲ့ ဆေးအစွမ်းရှိတော့ ပဒိုင်းညိုအရွက်ကလည်း ကောင်းလိုက်တာဟု ပီတိဖြစ်မိပြန်တာ အမှန်ပါ။

ထို့နောက် ဆရာတော်မှ စာရေးသူတို့အဖွဲ့ကို ခေါ်ဆောင်၍ ကျောင်းဝိုင်းအတွင်းရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော် အပျက်များနှင့် စေတီဟောင်းများ




သုံးထပ်ပဒိုင်းပွင့် အနီးကပ်မြင်ကွင်းအလှ

ရှေး ရေတွင်း နှင့် ရေကန်များ၊ ရှေးဟောင်း အုတ်များကို လိုက်လံ ပြသရုံမက ကျောင်း တော်ကြီး ၏ အကျယ်အဝန်း ၁၅ ဧက ခန့်ကို လက်ညှိုးညွှန် ပြသရာတွင် အရှေ့ဘက်ရှိ စေတီပျက်မှသည် အနောက်ဘက်ရှိ ညောင်ပင်ငုတ်ကို အထိပေါ့ဟု ပြသ ရှင်းပြခဲ့လေသည်။

စာရေးသူတို့ တအံ့တဩ ဖြစ်သွားရသလို ထန်းပင် ရာကျော်မှာ ထန်းရည်အိုးများ တွဲလောင်းနှင့် အောက်တွင် ထန်းတဲလေး ဘေးတော်လည်တွင် အုတ်ဖုတ် လုပ်ငန်းတဲများစွာ နှင့် ဟိုး အနောက်ဆီ ယွန်းယွန်းမှာ နေပြည်တော် တည်ဆောက်ရေးမှ အဆောက်အဦကြီးများကို မြင်တွေ့ရရင်း ရင်တွင်းမှာ နှစ်ပေါင်းရာကျော် အချိန် ကာလက ဖြစ်တည်မှုနှင့် ယခုပကတိ အခြေအနေတို့ နှိုင်းယှဉ် မိုက်ခတ် မြင်ယောင်မိ ခံစားမိခဲ့တာ ဝန်ခံပါရစေ။

ထိုစဉ် ဆရာရွှေပြည်စိုးက 'တောင်ငူဘုရင် မင်းကြီးညို တိုင်းခန်း လှည့်လည်ပြီး ဒီနေရာကို ရောက်လာပြီး နားနေခိုက် အလွန် ဆိတ်ငြိမ်အေးချမ်းတဲ့အတွက် မင်းကြီးက 'ဆိတ်ငြိမ်ကုန်း'ဟု သမုတ်ခဲ့ကြောင်းနှင့် ဆိတ်ငြိမ်ကုန်းရွာဟု နှစ်ပေါင်းများစွာ အမည်တွင်ခဲ့ရာမှ ကာလရွေ့လျောလာသည်နှင့် ယခုအချိန်မှာတော့ ဆိတ်နံ့ကုန်းရွာဟု အမည်တွင် ခေါ်ဝေါ်လာခဲ့တာဟု ပြောပြလေသည်။

ထို့နောက် ဆရာတော်က ပျဉ်းမနားရောက်သည့်အခါ ဝင်ခဲ့ပြီးမည်ဟု မိန့်ဆိုခဲ့ပါသည်။ စာရေးသူတို့အဖွဲ့ကလည်း ဆရာတော်အား ဦးနှိုက်ကန်တော့ကြပြီး နှုတ်ဆက်ကာ ပြန်ခဲ့ကြပါတော့သည်။ ရွာရှိ ကားနားအရောက် ဆရာရွှေပြည်စိုးက

'ကျွန်တော်လည်း မနက်ဖြန် မိုးလင်းပြန်တော့မယ် ဒါထက် ဆရာ ဆောင်းပါးရေးခဲ့တဲ့ ဩသရမှုလီအပင်တွေ မိုးကုတ် တောဘက်မှာ အတော်ပေါတယ်



ခင်ဗျာ' ဟု ဆိုကာ ကိုဝင်းထိန်နှင့်အတူ လမ်းခွဲ ထွက်ခွာ သွားပါတော့သည်။

သုံးထပ်ပဒိုင်း သို့မဟုတ် ပဒိုင်းညိုအပင်အကြောင်း လေ့လာသိရှိခဲ့ပြီးနောက် လက်လှမ်းမီသမျှ ဆေးအဘိဓာန်နှင့် ဆေးကျမ်းစာအုပ်များမှာ ရှာဖွေ၍ ဆေးအစွမ်းထက်မှုများကို စုပေါင်း၍ သုရဂ္ဂ မဂ္ဂဇင်း စာဖတ်ပရိသတ် အတွက် ရေးသား အသိပေး ဖော်ပြလိုက်ရပါသည်။

## ပဒိုင်းညို

ဆိတ်နံ့ကုန်းရွာ သိမ်ကျောင်းတော်မှာ ရှင်သန်နေသော ပဒိုင်းညိုပင်များသည် အပင်အမြင့် လေး ငါးပေခန့်ထိ ရှိပါသည်။ ငှက်ပျောပင်များကြားမှာ အစုကျပြီး သဘာဝအတိုင်း ပေါက်နေတာပါ။ အကိုင်း ပင်စည်နှင့် ရိုးတံများ ခရမ်းညိုရောင်ရှိပြီး အကိုင်းဖြာထွက်၏။ နှစ်ရှည်ခံ အပင်မျိုးဖြစ်၏။

ရွက်လွှဲထွက်ပြီး အရင်းပိုင်းကြီး၍ အဖျား ရှူးချွန် သွယ်သွား၏။ ရွက်ရင်းမညီ၊ တစ်ဖက်ကို တစ်ဖက်ရှည် ဖြစ်နေသည်။ ရွက်ညှာရှည်၍ ခရမ်းနုရောင်ရှိ၏။ ရွက်ကြော ထင်ရှားပြီး ရွက်နား အနည်းငယ်တွန့်၏။

အပွင့်ပုံသည် ဆန်းပြားနေ၏။ ခေါင်းလောင်းပုံသဏ္ဌာန်ရှိ၍ အပွင့်ကြီးသည်။ အလျား တစ်ထွာခန့်ထိ ရှိ၏။ အပွင့်တိုင်းတွင် သုံးထပ် ပွင့်ဖတ်များပါ၏။ သုံးထပ်ပွင့်ဖတ်တိုင်းမှာ အတွင်းသားဖြူ၍ အပြင်ပိုင်း ခရမ်းညိုရောင်ရှိသည်။ တစ်ပွင့်ချင်း ပွင့်လေ့ရှိသည်၊ သိမ်ကျောင်းအတွင်းရှိ ပဒိုင်းညိုအပင်မှ အပွင့်များသည် တပို့တွဲလကုန်ပိုင်းမှာ ပွင့်နေတာပါ။ ဆရာတော်ကလည်း အမြဲလို ပွင့်သီးနေလေ့ရှိကြောင်း မိန့်ဆိုပါသည်။

အပွင့်များကြွေကျပြီးနောက် အသီးသီးလေ့ရှိ၏။ အသီးသီးရာတွင် လုံးချင်းသီးသည်။ အာဟာရကောင်းပါက အချင်း နှစ်လက်မမှ လေးလက်မခန့်ထိရှိ၏။ အသီး အစိမ်းရောင်အောက်ခံမှာ ခရမ်းနုရောင် ဆူးကလေးများရှိသည်။ ရင့်၍ ခြောက်သွားပါက အစေ့များစွာ ရရှိနိုင်၏။ အစေ့ရောင်မှာ နီညိုရောင်ရင့်ရင့်ရှိ၏။



## ပဒိုင်းညိုအပင်၏ ဆေးဖက်ဝင်အစွမ်း

ပဒိုင်းညိုအပင်၏ အရွက် အစေ့နှင့် အမြစ်များ အားလုံး ဆေးဖက်ဝင်သည်ဟု သိရပါ၏။ မြန်မာ့ဆေးကျမ်းများအလိုအရ ပဒိုင်းညိုသည် ခါး၏၊ သက်၏၊ စူး၍ ပူပြီး အားကိုတိုးစေ၏၊ မူးယစ်စေတတ်၏၊ အဖျားရောဂါကို ပယ်၏။

ဥန္မာ ပိုးနာတို့ကိုနိုင်ပြီး သန်ကို ကျစေ၏။ ကိုယ်ခြေပြားရောဂါ၊ မြင်းသရိုက်နာနှင့် အဆုတ်ပွ၊ အဆုတ်ယောင်နာတို့ကို နိုင်၏။ လေကို ပယ်နိုင်၏ဟု ဖော်ပြထားပါသည်။

### လက်တွေ့အသုံးချကုသပုံ

က။ အရွက်

၁။ အရွက်ကိုကြိတ်၍ရသော အရည်အနည်းငယ်ကို မလိုင်ထုတ်ပြီး နွားနို့နှင့် သောက်ပါက ညောင်းကျရောဂါ ပျောက်နိုင်၏။

၂။ အမျိုးသမီးများ နို့တွင်ဖြစ်သော အပူကျိတ်နှင့် ရောင်ရမ်းခြင်းတို့အတွက် ပဒိုင်းရွက်နှင့် နနွင်းကို ကြိတ်အုံပေးပါက ပျောက်၏။

၃။ ပဒိုင်းရွက်ကို ပါးပါးလှီး နေလှန်းပြီး ဆေးလိပ်ကဲ့သို့ လိပ်၍ သောက်ရှူသော် လတ်တလော ပန်းနာရင်ကျပ် ဝေဒနာမှ သက်သာစေနိုင်၏။

၄။ ပဒိုင်းညိုအရွက်ကို မီးကင်၍ ကပ်ပေးပါက အဆစ်ရောင်ရောဂါနှင့် အနိုးကိုက်ရောဂါ ပျောက်ကင်းနိုင်၏။

ခ။ အမြစ်

၁။ ခွေးရူးပြန်ရောဂါအတွက် ပဒိုင်းမြစ်ကို ဆန်ဆေးရည်နှင့်သွေး၍ တိုက်ပြီး အမဲခြောက်ဖုတ်ကျွေးက ပျောက်၏။

ဟု ဖော်ပြပါရှိသော မြန်မာ့ဆေးဝါးပင်များ ပုံပြအဘိဓာန် စာအုပ်တွင် စာမျက်နှာ ၃၄၃ ၌ ပဒိုင်းညိုအပင် ဆေးစွမ်းဖော်ပြချက်များကို ထပ်ဆင့် ဖော်ပြ အသိပေးလိုက်ရပါကြောင်း။



မီးကွင်းဂမုန်း နှင့် ထူးခြားသော ဆေးအစွမ်း

စာရေးသူဟာ မျိုးညှာဥ်လုပ်ငန်းဖြင့် မိသားစုအသက်မွေးဝမ်းကျောင်းနေသူပါ။ မျိုးညှာဥ်လုပ်ငန်းဆိုတော့ သီးပင်စားပင် အလှဆင်ပင်နှင့် အရိပ်ရအပင်များကို အဓိကထား၍ ရှာဖွေစုဆောင်း မျိုးပွား ရောင်းချနေပါ၏။ ထိုသို့ လုပ်ဆောင်နေရာတွင် စိုက်ပျိုးရေးသမားတစ်ယောက်ပီပီ ဆေးစွမ်းထက်၍ စိုက်ပျိုး မျိုးပွား၍ လွယ်ကူသော အပင်မျိုး အတော်များများလည်း ဝါသနာအရ ရှာဖွေရရှိ စိုက်ပျိုးမျိုးပွား အခမဲ့ ကုသိုလ်ပြု မျှဝေနေတာလည်း နှစ်အတော်ကြာခဲ့ပါပြီ။

ထို့အပြင် လှပ၍ ဆန်းပြား ထူးခြားသောအပင်များကိုလည်း စိတ်ဝင်စားစုဆောင်း စိုက်ပျိုး မျိုးပွားလျှက်ရှိနေပါသည်။ အဲဒီလိုနှင့် လွန်ခဲ့သော နှစ်နှစ်ကျော်က သားမောင် ကားငှားလိုက်ရင်း လှပ၍ အရောင်အသွေး ထူးခြား၍ လှသော မီးကွင်း ဂမုန်းအပင်ငယ်လေးတစ်ပင် ရလာခဲ့သည်။ သားမောင်က "ထိုင်း မီးကွင်းဂမုန်း" တဲ့ အမေဟု ဆိုပါ၏။

မြင်မြင်ချင်း သဘောကျနှစ်သက်မိတာကြောင့် စာရေးသူက "အပင်က အရောင်အသွေးနဲ့ ဆွဲဆောင်နိုင်တာ အမှန်ပဲ သား၊ ဒါပေမယ့် အပင်က နည်းရာတယ်၊ ဖြစ်အောင် စိုက် ပွားနိုင်ရင် အလုပ်ဖြစ်နိုင်တယ်" ဟု တိုက်တွန်း အားပေးမိခဲ့ပါ၏။



ထို့နောက် အဲဒီ ထိုင်း မီးကွင်းဂမုန်းအပင်ငယ်လေးကို သားမောင် စိုက်ပျိုးမြှုစ်ခဲ့ရာ လအတော်ကြာသည်အထိ အပင်က တက်လိုက်ကျလိုက်နှင့် နောက်ဆုံး စာရေးသူထံ ရောက်လာပါရော။ စာရေးသူက နဂိုကတည်းက ဒီအပင်တွေကို သဘောတွေ့ မျက်စိကျနေသူဆိုတော့ လက်ထဲရောက်လာသည့် အဲဒီအပင်လေး နှစ်ပင်ပွားကို တစ်ပင်စီခွဲ အိုးအပ် နည်းပညာသုံး မြှုစ်ခဲ့ရာမှ တဖြည်းဖြည်း ပွားသထက် ပွားသထက် လှလာပါရော။

ထိုဂမုန်းပန်းပင်အလှ အရောင်အသွေးကို မြင်ရသူ ပန်းချစ်သူတိုင်း ရယူဝယ်ယူဖို့ တမ်းလှမ်းလာတိုင်း စာရေးသူက မျိုးမပွားရသေးလို့ပါဟု မေတ္တာရပ်ခံခဲ့ရာတွင် အချို့မှာ ဘဝင်မကျဖြစ်ရတာမျိုးလည်း ကြုံရပေသည်။ ထို့နောက် မျိုးပွား၍ ရလာသော ထိုင်းမီးကွင်းဂမုန်းအပင်ငယ် တစ်ပင်ကို ၅၀၀ ကျပ်လောက်အထိ ရရှိခဲ့သလို အပွားပင် ခုနစ်ပင်လောက်နှင့် အလှအိုးတစ်အိုးကို ၃၀၀၀ ကျပ် ၅၀၀၀ ကျပ်လောက်အထိ ဈေးရခဲ့ပြန်၏။ အချို့က လှပသော အရောင်၏ ဆွဲဆောင်မှုကြောင့် အချို့ အယူအဆဖြင့် မီးကွင်းဂမုန်းကို အိမ်အောက်မှာ စိုက်ထားဖို့ ထိုင်း မီးကွင်းဂမုန်းပင်များကို ဝယ်ယူသွားလေ့ ရှိပေသည်။

ထိုင်းမီးကွင်းဂမုန်းပင်၏ အရွက်များက နုညံ့ဖျော့ဖျောင်း၏။ ကြွပ်ဆတ်ပြီး ကျိုးလွယ်သည်။ အလျား ၄-၆ လက်မခန့်အထိ ရှည်ပေသည်။ ရှည်မျောမျော ပုံသဏ္ဍာန်နှင့် အရွက်၏ ထိပ်ဘက်သို့ ချွန်သွားသည်။


အရွက်၏ အပေါ်မျက်နှာပြင်တွင် အရွက်ရင်းမှ အဖျားအထိ အစိမ်းဖျော့ရောင် အစင်းကြောင်းတစ်ခု ရှိ၏။ ၎င်းအစင်းကြောင်း သစ်ပင် အချို့အရွက်မှာ တစ်ကြောင်းတည်း၊ အချို့ကျတော့ နှစ်ခု သုံးခု ကွဲနေပြန်၏။ အချို့က အရောင်ရင့်ပြီး အချို့မှာ ဖျော့သည်။ ၎င်းအစင်းကြောင်းကို ဘေးတစ်ဖက်တစ်ချက်မှ အဖြူရောင်သမ်းသော အစင်းနှစ်ခုက ရစ်ပတ်ထား၏။ ဒါကလည်း ထိုင်းမီးကွင်း ဂမုန်းပင်၏ အလှတစ်မျိုးဟု ထင်မိ၏။

အထူးခြားဆုံးကတော့ ထိုင်းမီးကွင်းဂမုန်းရွက်၏ အောက်ဘက် မျက်နှာ အရောင်ပါ။ အခြားမီးကွင်းဂမုန်း(ကြီး)နှင့် အလှဆင် လမ်းလျှောက် မီးကွင်းဂမုန်း လေးတို့က ထူးခြား ကွဲပြားနေတာက တောက်ပလှသည့် ခရမ်းဖျော့ရောင်ပဲ ဖြစ်ပါ၏။ ဒေသထွက် မီးကွင်းဂမုန်းများမှာ ပါလေ့ရှိတာက မှိုင်းနေသည့် ခရမ်းရင့်ရောင်ပါ။



ထိုင်းမီးကွင်းဂမုန်းအရွက်တိုင်း၏ အောက်ဘက်မှာ အရင်းမှ အဖျားအထက် အောက်ဘက်ထိပေါက် ထင်ဟပ်နေတော့ အလှတစ်မျိုး ထပ်တိုးနေသယောင် ရှိနေပါ၏။ ထိုင်း မီးကွင်းဂမုန်းပင်လေးများက အရွက်တိုင်းသည် အရင်းမှ အဖျား အထိ အလယ်ခွက်သယောင်နှင့် အဖျားအတွင်းဘက်သို့ ကော့ဝင်နေတတ်၏။ ထိုအရွက်လေးများ ကော့ဝင်နေမှုက အရွက်၏ အောက်ခံ တောက်ပြောင်လှသည့် ခရမ်းရောင် ဖျော့ဖျော့ကို ပေါ်လွင် အလှတိုး စေပြန်တာ အမှန်ပါ။

အချို့က ခရမ်းရောင် အလှကို မြတ်နိုးတတ်သလို ခံစားတတ်ရုံမက အိမ်မျက်နှာစာမှာ ထားစိုက်ပါက ကျက်သရေတိုး လာဘ်တိုးစေတယ်လို့ ယုံကြည်လေ့ရှိတော့ ထိုင်းမီးကွင်းဂမုန်းဈေးကွက်က မျိုးပွား ထုတ်လုပ်နိုင်လေ အကျိုးရှိလေ ဖြစ်နေတာကြောင့် စာရေးသူလည်း မျိုးညှာဥ်သမားမို့ ဒီဈေးကွက်ကို အရယူ ကြိုးစားနေတာ အမှန်ပါ။ သို့သော်လည်း လမ်းလျှောက်မီးကွင်းဂမုန်းနှင့် မီးကွင်းဂမုန်း အပင်ကြီးမျိုးများလို အပင်ပွားစီးမှုအား သိပ်မကောင်းတော့ အချိန်ယူ နေရပေသည်။



ထိုင်း မီးကွင်းဂမုန်း အလှပင်အိုးများ



## လမ်းလျှောက်မီးကွင်းဂမုန်း

ဤလမ်းလျှောက် မီးကွင်းဂမုန်းသည် ပွားစီးအား အပင်ဖြစ်အား အလွန်ကောင်း၏။ မီးကွင်းကြီးဂမုန်းနှင့် အလွန်ဆင်၏။ အဝင်အမြင့်နှင့် ကြီးထွားသာ ကွာ၏။ ယခုအခါ နေပြည်တော်နှင့် မြို့ပြတည်ဆောက်ရေး လုပ်ငန်းများကြောင့် လမ်းလျှောက် မီးကွင်းဂမုန်း ဈေးကွက်ကောင်းတစ်ခု ရှိခဲ့ပေသည်။ မြေကောင်း မြေသန့်လျှင် ထွားကျိုင်းပြီး မြေသင့်တ အပင်ငယ်၏။

အဝင်လမ်း အထွက်လမ်း အလှဆင်လိုသည့်နေရာလိုက်၍ မြေချ စိုက်ပျိုးပါက အချိန်တိုအတွင်း ဖြစ်ထွန်းအောင်မြင်တတ်ပေသည်။ နေရောင်ရသော နေရာများမှာ အရောင်တောက်ပစွာနှင့် လှပ နေတတ်လေသည်။ အချို့က မီးကွင်းနာမ အမည်ကိုယူ၍ မီးကွင်းအောင် အတိတ်ယူ စိုက်ပျိုးလေ့ရှိတာကိုလည်း တွေ့ရ၏။

ပင်ပျော့ ပင်ငယ်မျိုး ဖြစ်၏။ အမြင့် ၁၀-၁၂ လက်မခန့် အထိ ရှိ၏။ အရွက်များ တစ်ရွက်နှင့် တစ်ရွက် ထပ်လျက် စေဆာစွာ ထွက်လေ့ရှိသလို မျိုးတစ်ပင်မှ အပင်များစွာ ပွားထွက်လေ့ရှိ၏။ အရွက်သည် ရှည်မျောမျောနှင့် အပေါ်မျက်နှာပြင် အစိမ်းရင့်ရောင် ရှိပြီး အောက်မျက်နှာ ခရမ်းရင့်ရောင်ရှိသည်။ အထက်အောက် အရွက်ချော၍ အသားထူ၊ ကြွပ်ဆတ်၏။ အရည်ရွှမ်း၏။ ရွက်ပြား ၄-၆ လက်မခန့် ရှည်ပြီး ပြတ် ၁-၂ လက်မခန့်ထိ ရှိသည်။ အရွက်တိုင်း အလယ်တွင် မြောင်းကဲ့သို့ ခွက်နေ၏။

စမ်းမြေမျိုးကလွဲ၍ မြေအမျိုးအစားတိုင်းတွင် ရေအသင့်ရရုံနှင့် ရှင်သန်ဖြစ်ထွန်းပြီး ပွားများလေ့ ရှိလေသည်။

## မီးကွင်းကြီးဂမုန်း သို့မဟုတ် ဆေးဖက်ဝင်မီးကွင်းဂမုန်း

စာရေးသူက ဤဂမုန်းကို အထက်က ဖော်ပြခဲ့သော မီးကွင်းဂမုန်း နှစ်မျိုးနှင့် ကွဲပြားအောင် မီးကွင်းကြီးဂမုန်း သို့မဟုတ် ဆေးဖက်ဝင် မီးကွင်းဂမုန်းဟု အမည်တပ် ခေါ်ဝေါ်လိုက်တာပါ။ အများသိကြတာက မီးကွင်းဂမုန်းပါပဲ။ အထက်ဖော်ပြပါ မီးကွင်း နှစ်မျိုးထက် အပင်လည်းကြီး၊ အရွက်လည်း ကြီးတာ အမှန်ပါ။ ပြီးတော့ ဒီ မီးကွင်းဂမုန်းကို ဆေးဖက်ဝင်ကြောင်း လူတိုင်းသိပါ

သိထားကြပေသည်။ ထို့ကြောင့်လည်း မီးကွင်းဂမုန်းများကို ဆေးအတွက် လိုအပ်သည့်အခါ အသင့်သုံးနိုင်ရန်နှင့် အချို့က မီးကွင်းအတိတ်ကိုယူ၍ အိမ်ဝိုင်း အဆောက်အဦများမှာ စိုက်ထားလေ့ ရှိလေသည်။

မီးကွင်းဂမုန်းသည် မျိုးရင်း (Family) မှာ (Commelinaceae) ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ (Rhoeo discolor Hance) ဟု ခေါ်ပါသည်။ မြန်မာအမည် မီးကွင်းဂမုန်းဟု ခေါ်ပြီး အင်္ဂလိပ်အခေါ် ဖော်ပြခြင်းမရှိပါ။ မျိုးစု (Genus) မှာ (Rhoeo) ဖြစ်ပြီး မျိုးစိတ်သည် (Species) (discolor) ဖြစ်ကြောင်း မြန်မာနိုင်ငံ အတွင်းရှိ အရေးကြီးအပင်များ၏ ရုက္ခဗေဒဆိုင်ရာ အမည်များနှင့် မျိုးရင်း အမည်များ ဖော်ပြထားသည့် စာအုပ်တွင် တွေ့ရှိရ၏။

### မီးကွင်းဂမုန်း

မီးကွင်းဂမုန်းအပင်သည် ပင်ငယ်ပင်ပျော့မျိုး ဖြစ်၏။ အပင်အမြင့် နှစ်ပေ ခန့်အထိ ရှိတတ်ပြီး ပွားစီးအားကောင်း၏။ စိမ့်ရေကလွဲ၍ ဒေသမရွေး ပေါက် ရောက်နိုင်၏။ အရွက်များ တစ်ရွက်နှင့်တစ်ရွက် ထပ်လျက် ဝေဆာစွာ ထွက်၏။ အရွက်များရင့်၍ ခြောက်သွား ကျသွားသည့်အခါ ကျပ်လုံးခန့် ပင်စည်ပေါ်လာ သည်။


### မီးကွင်းဂမုန်းအရွက်

မီးကွင်းဂမုန်းအရွက်များသည် ရှည်မျော့မျော့ပုံသဏ္ဌာန်ရှိပြီး ထိပ်ဘက်သို့ ကျဉ်းမြောင်း ချွန်တတ်သွားသည်။ အရွက်အပေါ်ပိုင်းသည် အစိမ်းရင့်ရောင်ရှိ၍ အောက်ဘက်မျက်နှာသည် ခရမ်းရောင်ရင့်ရင့် ရှိ၏။

အရွက်တိုင်း ပြောင်ချော၍ အသားထူသည်၊ အရည်ရွှမ်း၏။ ရွက်ပြား ဖြန့်ပြူးခြင်းမရှိဘဲ မြောင်းကဲ့သို့ ခွက်နေသည်။ အရွက်အလျား ၁၀-၁၈ လက်မ ခန့်ထိ ရှည်၍ ဖြက် ၁ $\frac{၁}{၂}$ - ၂ $\frac{၁}{၂}$ လက်မခန့်အထိ ရှိ၏။

မီးကွင်းဂမုန်းအပင်များသည် အစွယ်ရောက်က ဖူးပွင့်လေ့ ရှိ၏။ ပွင့်ဖတ် ခွက် နှစ်ဖက်ထပ်၍ အဖြူရောင် အပွင့်ငယ်လေးများ တစ်ပွင့်ချင်း ပွင့်၏။ နယုန် ဝါဆိုလများတွင် ပွင့်၏။ အသီးငယ်များ ခြောက်၍ လွင့်စင်ကျသောနေရာများမှာ အပင်ငယ်လေးများ ပေါက်တတ်လေသည်။





ဆေးဖက်ဝင် မီးကွင်းဂမုန်း အရွက် အပေါ်မျက်နှာနှင့် အောက်မျက်နှာ။

### မီးကွင်းဂမုန်း ဆေးဖက်ဝင်ပုံ

၁။ အရိုး အပွက်တို့ကို ထုထောင်း၍ သုံးခွက်တစ်ခွက်တင် ကျိုချက်၍ ရသောအရည်ကို သကြားအနည်းငယ်ခတ် သောက်သော် သွေးအန် ရောဂါ ပျောက်ကင်းနိုင်၏။ တစ်ကြိမ် ကြွေဇွန်း တစ်ဇွန်း၊ သုံးကြိမ် သောက်ရ၏။

၂။ နားပြည်ယိုရောဂါများအတွက် မီးကွင်းဂမုန်းအရွက်ကို စပ်ကြိုင် အောင်ပြု၍ မီးကင်ပြီး နားတွင်းသို့ အရည် ညှစ်ထည့်ပေးလျှင် ပျောက်ကင်းနိုင်၏။

၃။ ဝမ်းကိုက်နေပါက မီးကွင်းဂမုန်းရွက်ကို အသင့်အတင့် သုပ်စား၊ ကြော်စားခြင်းဖြင့် ပျောက်ကင်း သက်သာနိုင်၏။

၄။ သွေးဝမ်းသွားလျှင် မီးကွင်းဂမုန်းရွက်ကို အရည်ညှစ်၍ တစ်ကြိမ် ကြွေဇွန်း တစ်ဇွန်းခန့် သောက်ပေးက ပျောက်ကင်းနိုင်၏။



၅။ မီးလောင် အပူလောင်သော် မီးကွင်းဂမုန်း အရွက်နုနှင့် သကြား အနည်းငယ်ရော ထုထောင်း ကြိတ်ချေ၍ လိမ်းပေးရ၏။

၆။ မီးကွင်းဂမုန်းရွက်ကို ထုထောင်း၍ရသော အရည်နှင့် သကြား အနည်း ငယ် ရောပြီး လက်ဖက်စားဇွန်း တစ်ဇွန်းခန့် တစ်နေ့ သုံးကြိမ် သောက်ပေးပါက သလိပ်ကပ် ချောင်းဆိုးရောဂါ ပျောက်ကင်းနိုင်၏။

ဤသို့ ဆေးဖက်ဝင်သော မီးကွင်းဂမုန်းပင်များကို စာရေးသူ စိုက်ပျိုး မျိုးပွား၍ အာယုဒါန အခမဲ့ ဒါန ကုသိုလ်ပြုနေတာ ကြာပါပြီ။ အပင်လိုက အပင်၊ အရွက်လိုက အရွက်ပေါ့။ စာရေးသူခြံက ရေပတ်တော့ ကုန်မြင့်မြင့်နေရာမှာ စိုက်ထားရတာပါ။ အချို့ အိမ်ဝိုင်း ခြံကပ်စည်းရိုးနှင့် အုတ်တံတိုင်းဘေးနေရာ တွေမှာ ပြုခဲနေအောင် ဖြစ်ထွန်း အောင်မြင်နေတာလည်း တွေ့ဖူးပါ၏။

ထိုကဲ့သို့ စာရေးသူစိုက်ပျိုးထားသော မီးကွင်းဂမုန်းသုံးမျိုးကို ထိုင်း မီးကွင်း ဂမုန်းနှင့် လမ်းလျှောက်မီးကွင်းဂမုန်းတို့ကိုတော့ မိသားစုဝင်ငွေအတွက် ဝယ်ယူသူ တို့အား ရောင်းချနေသလို ခင်မင်ရင်းနှီးသော မိတ်ဆွေ အပေါင်းအသင်းများ ကိုလည်း မျှဝေ လက်ဆောင်ပေးနေပါ၏။

ဤသို့လုပ်ဆောင်နေရာမှာ ဇူလိုင်လ တတိယပတ် ရုံးပိတ်ရက်တစ်ရက်မှာ စာရေးသူခြံသို့ နေပြည်တော် ရဲချုပ်ရုံးမှ ရဲမှူးကြီး ဝင်းခေါင် (စာရေးဆရာ ထက်ခေါင်) နှင့် နေပြည်တော်၊ ပျဉ်းမနားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ဦးကိုသိန်း၊ ကိုကြီးကျော်တို့အဖွဲ့ နေ့နှစ်နာရီခန့်တွင် ကားတစ်စီးဖြင့် ရောက်လာ ကြပါသည်။ ရောက်လာရသည့် အကြောင်းအရင်းကလည်း စာသမား ပေသမား များ ဖြစ်၍ စာအကြောင်း ပေအကြောင်း အခြေခံတဲ့ ဆွေးနွေးပြောဆိုကြဖို့ပါ။

အထူးသဖြင့် ရဲမှူးကြီးသည် အရာရာကို အပြုသဘောအမြင် အတွေး အခေါ် အယူအဆ ထူးခြားထက်မြက် ကြည်လင်တတ် မြင်တတ် လေ့လာတတ်သူတစ်ဦး၊ အဓေတုးသင် အမြင်သစ် ရှိသူတစ်ဦးပါ။ စာရေးသူတို့နှင့် အကြိမ်ကြိမ် ပိုင်းထိုင် စကားဆိုဖူး ဆွေးနွေးဖူးပါ၏။ ဆွေးနွေးပြောဆိုကြသည့်အခါတိုင်း ဆရာ ထက်ခေါင် က စိတ်ရောက်ယိမ်း ဦးဆောင်ဆွေးနွေးလေ့ရှိသလို သူ့အပြော သူ့အဆိုကြောင့် စာရေးသူတို့ ပျော်ပါသွားခဲ့ကြရတာလည်း အမြဲလိုလိုပါပဲ။

ဆရာထက်ခေါင်နှင့် ဆွေးနွေးပြောဆိုကြရာတွင် စာရေးသူတို့အားလုံး အချို့ နှင့်အမျှ သူ့ထံမှ အပြောအဆော အားမာန်တို့ ထူးဝက်မိအားရရှိခဲ့ကြသလို အလျှံ



တန့်မှုရှိသော ဖဟုသုတ မှုနမ္ဘာ ကိုယ်ပြည်း သိရှိခဲ့ရတာအမှန်ပါ။ ဆရာထက်ခေါင်က တာဝန်အရ ဒေသအနှံ့ရောက်ခဲ့သလို ဒေသအလိုက်မှာပဲ သဘာဝဆန်တဲ့ အယူ အဆ ဖဟုသုတတွေ သူရရှိလက်ခံကျင့်သုံးနေ၍ အကျိုးရှိနေမှုများအထိ သိရပေသည်။

ထိုအထဲက ဆရာထက်ခေါင်၏ ခြံထဲတွင် အိမ်ဆောက်နေထိုင်မှာ အောက်ထပ်ကို မည်သည့်အခင်းမှ မခင်း မလုပ်ဘဲ သဘာဝမြေသားအတိုင်း ထားကြောင်း သဘာဝမြေသား ပထဝီဓာတ်ရအောင် ပြုလုပ်ထားတာတဲ့ဆိုတော့ ထူးခြားနေ၍ စာရေးသူတို့ အံ့ဩရပြန်တာ အမှန်ပါ။

ထိုနေ့က စာရေးသူတို့ ဆွေးနွေးပွဲ ခေတ္တရပ်၍ အပြောင်းအလဲအဖြစ် ရန်ကုန်ရှိ ဆရာထက်ခေါင်ဇနီးအတွက် စာရေးသူ မျိုးပွားထားသော ထိုင်းမီးကွင်း ဂမုန်းအပင်အိုးလေးတစ်အိုး လက်ဆောင်ပေးမိပါ၏။ ထို ထိုင်းမီးကွင်းဂမုန်း အိုးလေး သူ့လက်ထဲရောက်ရှိသွားပြီးနောက် မီးကွင်းဂမုန်းပင်၏ ထူးခြားလှတဲ့ သူကိုယ်တွေ့ ဆေးဖက်ဝင်မှုအကြောင်း ပြောပြပါလေသည်။

စာရေးသူ အထက်မှာ မီးကွင်းဂမုန်း၏ ဆေးဖက်ဝင်အသုံးပြု ပျောက်ကင်း မှုများနှင့်မတူ ခွဲစိတ်ကုသခံရန် ဆေးရုံတက် ခံယူနေသော ဆရာတော် ဘုန်းတော်



ဆေးဖက်ဝင် မီးကွင်းဂမုန်းအစေ့မှ အပင်ပေါက်ရှင်သန်နေသော မျိုးစေ့ပျိုးခြံပေါ်ရှိ အပင်။

ဆေးပင်များနှင့် ဆေးအစွမ်းပြောကြရင်း ရဲမှူးကြီး၏ မီးကွင်းဂမုန်းနှင့် ပွဲတွေ့ဆေးအကြောင်းတွင် ဦးအောင်စိုးမှ ဆွေးနွေးပြောပြလာတာက-

'ဆရာကြီး၊ အဲဒီဆေးနဲ့ ပတ်သက်ပြီး ကျွန်တော် လေ့လာသိရှိထားတာ ရှိတယ် အဲဒီအချက်ကိုတော့ ဆရာကြီး အလေးထားစေချင်တယ်၊ အဲဒီ မီးကွင်းဂမုန်းဆေးက အအေးဆေး ဆရာကြီး၊ ဒီဆေးနဲ့ ပျောက်သွားတဲ့ ဆရာတော့်ရဲ့ ရောဂါက အပူနာ ဆီးကျိတ်မို့ ဆေးစွမ်းပြီး ပျောက်ကင်းရတာ၊ အဲဒါ မြန်မာတိုင်းရင်းဆေး ဓာတ်သဘောပဲ ခင်ဗျ' ဟု ထောက်ပြ အသိပေးလာပေသည်။

ဒီအချက်ကို စာရေးသူ ကြားသိရတော့ အံ့ဩဝမ်းသာ ကျေနပ်တင်မိပြန်ရော၊ မြန်မာ့ဆေးလောကမှာ တစ်ယောက်တွက် ဆေး၊ တစ်ယောက်တွက် ဘေးဟု ဆိုသလို တန်ဆေး လွန်ဘေးဆိုတာ မှန်ကန်မှုအတွက်ရော၊ လိုက်နာဆင်ခြင်စရာ အချက် ဖြစ်နေရုံမက ဒီနေရာမှာ ကိုက်ညီနေပြန်ပါရော။

ထိုသို့ ဦးအောင်စိုး ထောက်ပြ သတိပေးချက်ကို ကြားရတော့ ကျေနပ်တယ် သလို စာရေးသူ မသိသေးသော အချက်အချို့ကိုလည်း မေးမိပြန်ပါ၏။

'အဲဒီလိုဆို ဆရာစိုးရေ၊ ဓာတ်သဘောအရ အပူအအေး သတ်ထားရိုးလိုသလို အဲဒီ အပူနာ အအေးနာ ဘယ်လိုယူဆ သိရမလဲ' ဟု မေးတော့-

'ဒါကလည်း ယေဘုယျ အဆိုအမိန့်ပါ ဆရာကြီး၊ လူရဲ့ သွေးသား ဇာတ် ဆောက်ပုံကိုက အပူသမား အအေးသမား ဆိုတာ ရှိသလို ရပ်တည်လုပ်ကိုင်



ဆေးဖက်ဝင် မီးကွင်းဂမုန်း အပင်၏ အပွင့် အဖူးများ



နေထိုင်ရသည့် ပတ်ဝန်းကျင်အနေအထားလိုက်ပြီး ခွဲခြားချင့်ချိန်လို့ ရပါတယ်' ဟု ဆိုပါသည်။

'အဲဒီလိုဆိုတော့ ဆရာစိုးရေ၊ အများသိအောင် လွယ်အောင် ထောက်ပြပေးပါလားဗျာ'ဟု တောင်းဆိုတော့-

'အဲဒါကလည်း အပူနဲ့ နီးစပ်ရင် အပူနာ၊ အအေးနဲ့ နီးစပ်ရင် အအေးနာလို့ ယေဘုယျ ကောက်ချက်ချနိုင်ပါတယ်တဲ့၊ ဆေးချက်လွဲရင် ဆေးမထက်သလို ရောဂါပိုတက်ရော ခင်ဗျ' တဲ့။

ဦးအောင်စိုးက ဒီနေရာမှာ ချင့်ချိန်စရာ ထောက်ပြလာတော့ စာရေးသူလည်း ဗဟုသုတတိုး သူ့အဆိုကိုကိုးကားပြီး ဒီဆောင်းပါးအတွက် မီးကွင်းဂမုန်းပင်၏ ဆေးစွမ်းထက်မှု ထူးခြားစွမ်းအင်ဖြင့် ဆီးကျိတ်ရောင်ရောဂါကို ပျောက်ကင်းသက်သာစေနိုင်တာ မှန်သော်လည်း ဆန္ဒရှိ၍ လိုအပ်နေသူများ သုံးစွဲရန်ရှိပါက ချင့်ချိန် စဉ်းစားနိုင်ရန် အချက်တစ်ခုအဖြစ် ဒီဆောင်းပါးနှင့်အတူ ထောက်ပြလိုပါ၏။

လွန်ခဲ့သော ၁၅ နှစ်ခန့်က စာရေးသူ၏ ယောက္ခမကြီး အသက် ၆၅ နှစ်ကျော်မှာ ထိုကဲ့သို့ ဆီးကျိတ်ရောင်ရောဂါ ဖြစ်ခဲ့စဉ်က သူ ခံစားနေခဲ့ရသော ဒုက္ခဝေဒနာကို တနာပြီး စာရေးသူလည်း ယောက်ျားတစ်ဦးမို့ စိုးရိမ်စိတ် ဝင်မိခဲ့တာ အမှန်ပါ။ ဆီးမသွားနိုင်တော့လို့ အကြိမ်ကြိမ်အခါခါ ဆီးချူရသည့် ဒုက္ခတစ်ခုတည်းနှင့် ရင်ထိတ်မိခဲ့ပါသည်။ လေ့လာသိရှိမှုအရ ယောကျ်ားများ တတိယအရွယ်မှာ သုက်ရည်ထိန်းသိမ်း သိုလှောင်မှုများရာက ရောဂါအစမျိုးလေ့ ရှိသည်ဟု ဆိုပါသည်။ ဆီးကျိတ်ရောင်ရာမှ စနစ်တကျ ထိရောက်စွာ ကုသမှုမျိုးမရခဲ့မရှိခဲ့ပါက နောက်ဆုံး ကင်ဆာအဆင့်ထိတိုးကာ သေဆုံးရသည် အထိ ဖြစ်နိုင်သော ဆီးကျိတ်ရောင်ရောဂါကို ပျောက်ကင်း သက်သာစေနိုင်သော ဆေးနည်းများအနက် ရဲမှူးကြီး ဝင်းခေါင် (ဆရာထက်ခေါင်) ပြောပြသော သူကိုယ်တွေ့ ပွဲတွေ့ မီးကွင်းဂမုန်း၏ ထူးခြားသော ဆေးအစွမ်းဖြင့် ပျောက်ကင်းသက်သာနိုင်ပုံကို သူ့ရှုနှ မဂ္ဂဇင်း ပရိသတ်အတွက် ရေးသား ဖော်ပြလိုက်ရပါကြောင်း။

[ ဩဂုတ်၊ ၁၁၊ ၂၀၀၉ ]

❖ ❖ ❖





## မျက်ပျဉ်းကျ မျက်စိဝေဒနာအတွက် ဆေးဖက်ဝင် ကြက်သဟင်းအပင်

စာရေးသူသည် သမားတော်ကြီး ပျဉ်းမနား ဆရာမော် ပြောပြသော ထူးခြားရှားဆေးပင်များနှင့် လက်တွေ့အသုံးချ ဆေးဖက်ဝင်နည်းများ အကြောင်းကို ဆရာကြီး၏ ခွင့်ပြုချက်ဖြင့် နကျွဲရောင်ခြည်မဂ္ဂဇင်းတွင် အခါအားလျော်စွာ ဆောင်းပါးအဖြစ် ရေးသားဖော်ပြလေ့ ရှိပါ၏။ ယခုလည်း ဆရာကြီးကိုယ်တိုင် မျက်ပျဉ်းကျဝေဒနာ ခံစားခဲ့ရတာကို ဆေးဖက်ဝင် ကြက်သဟင်းရွက်ဖြင့် ကုသပျောက်ကင်းခဲ့ရပုံကို ရေးသား ဖော်ပြလိုက်ပါသည်။

စာရေးသူသည် မိုးဥတုစာဥ်လုပ်ငန်းအတွက် လိုအပ်နေသော မျိုးအိုးများကို မိုးမိုးကျက်ရှိ လုပ်ငန်းဆိုင်များ၌ ဝယ်ယူရန်နှင့် အခါအားလျော်စွာ ဆရာမော်မှာကြားသည့်အခါ ဆရာကြီး၏ ဆေးခန်းနှင့် အိမ်သို့ ရောက်လေ့ရှိပါ၏။ လွန်ခဲ့သောနှစ်က နွေဦးဝင်စ အပူရှိန်တက်ကြွင်းစအချိန် တစ်ရက်တွင် ဆရာထံ ရောက်ခဲ့ပါသည်။ ထိုသို့ ရောက်ရှိသည့်အခါ ဆရာကြီးသည် အရွယ်ရလာတာတောင် အကျီမပါ ဘဲ ငြိမ်သက်ထိုင်နေလေ့ရှိပါသည်။ အမြဲလို တွေ့နေကျမို့ စာရေးသူကို အတူတကွ အမြင် မိုးနေပါပြီ။



ထိုနေ့က အကျီမပါ ထိုင်နေသော ဆရာမော်၏ မျက်ခွံနှစ်ဖက်လုံး ယောင်ကိုင်း၍ မျက်စိနှစ်လုံးလုံး ပိတ်နေတာ အံ့ဩစွာ တွေ့မြင်ရပါသည်။ ဆရာကြီး၏ ဟန်ပန်အနေအထားကတော့ ကျန်းကျန်းမာမာပါပဲ။ ဆရာ မျက်စိ အနေအထားကြောင့် စာရေးသူနှင့် ရင်းနှီးခင်မင်သူများမို့ 'ဪဆရာ မျက်စိက ဘယ်လိုဖြစ်ရတာတုံး' ဟု စုံစမ်းမေးမြန်းမိပါ၏။ ထိုအခါ-

ဆရာကြီးက 'မျက်ပျဉ်းကျဝေဒနာလေး အရွယ်နဲ့ ကျန်းမာရေးကြောင့် ဖြစ်တာ၊ အခုလို ပူလာရင် ကျုပ် ဒီလိုပဲ မျက်ခွံယောင်ပြီး ထွဲကျလာရောပဲ၊ ရောဂါ တစ်မျိုးပေ့ါ သူငယ်ချင်း' ဟု ဆိုပါသည်။

ထိုအခါ စာရေးသူက 'သမားတော် ဆရာကြီး ကိုယ်တိုင်ဖြစ်တော့ ကိုယ့်ဆေးနဲ့ကိုယ် ပြန်ကုရင် ဆေးစွမ်းကောပြရဲ့လား'ဟု မေးရာ 'ဆေးမစားဘူး ကြက်ပေါင်းစားနေတယ်'ဟု ဖြေပါ၏။

ဆရာ့အဖြေကို ကြားတော့ စာရေးသူက 'ဗျာ၊ ဆေးမစားဘဲ ကြက်ပေါင်းစားရုံနဲ့ ပျောက်ရောလား'ဟု အံ့ဩစွာ ဆိုမိပြန်ပါသည်။ စာရေးသူ အမေးကို ဆရာမော် ကြားတော့ ရယ်ပါ၏။ ပြီးတော့ ကြက်ပေါင်းစားဆိုတာ ကျုပ်တို့ ဆရာတွေ ပြောဆိုသုံးလေ့ရှိတဲ့ စကားပါ။ ကြက်သားကို ပေါင်းစားတာ မဟုတ်ပါဘူး၊ ဆေးဖက်ဝင် ကြက်သဟင်းရွက်ကို ပေါင်းစား၊ ဟင်းချိုချက်စားတာကို ဆိုလိုတာဟု ပြန်ဖြေပါ၏။ အဲဒီလိုကြားတော့ ထိုပရဆေးပင်အစွမ်းကို သိချင်လို့ စုံစမ်းရာ ဆရာမော်က ကျုပ် မျက်စိ သက်သာလာသည့်အခါ ကျွန်ုပ်စိုက်ထားတဲ့ ကြက်သဟင်းအပင်ကို ပြပါမယ်ဟု ဆိုပါသည်။

အဲဒီနောက်ပိုင်း ဆရာမော်ထံ မရောက်တာ လနှင့်ချီ ကြာသွားပါ၏။ ထို့နောက် ကိစ္စတစ်ခုဖြင့် ဆရာမော်ထံ ရောက်သွားသည့်အခါ တန်းလျား ခုံရှည်ပေါ် တွင် မိန်းမကြီး နှံတည်စွာထိုင်၍ လူနာများကို တွေ့ဆုံ ဆေးကုမှု ပြုနေသော ဆရာ မော်အား မြင်တွေ့ရပါ၏။ စာရေးသူကိုလည်း ကြိုဆို ထိုင်ခိုင်းပါသည်။ လူနာများ ရှင်းသွားရဲ့ စာရေးသူက ဆရာကိုကြည့်၍ 'ဆရာမော် ခင်ဗျားပြောတဲ့ ကြက်သဟင်းရွက်က ဘယ်မှာရှိမလဲ ခင်ဗျား မျက်စိ အခြေအနေလည်း ဟိုတစ်ခါ တွေ့တုန်း ကလို မဟုတ်ဘဲ အခု ဝယ်ရုပ်တောင် ပြန်ပေါ်နေလာသလိုပါလား' ဟု မှတ်ချက်ပြုမိပါ၏။

ထို့နောက် ဆရာမော်က ဆေးဖက်ဝင် ကြက်သဟင်းရွက်တွေကို လောလောဆယ် ရအောင် ပေါင်းစား၊ ဟင်းချိုချက်စားကြောင်း နေ့တိုင်း စားသောက်ခဲ့ပါ ဖြစ်ကြောင်း

သော်လည်း မပြီးငွေ့အောင် ရက်ခြားလောက် စားပေးလည်း ရကြောင်း ဆိုပါ၏။ ထိုသို့ ပြောဆိုပြီးနောက် ဆရာကိုယ်တိုင် သွားရောက် ဥယျာဉ်ဝိုင်းထဲ ခေါ်သွားပြီး မျက်ပျဉ်းကျရောဂါဝေဒနာကို ပျောက်ကင်း သက်သာစေသော ဆေးဖက်ဝင် ကြက်သဟင်းပင်ကို ပြသပါသည်။ စာရေးသူကလည်း ဓာတ်ပုံ ရိုက်ယူခဲ့ပါသည်။

ဓာတ်ပုံမှတ်တမ်းများ ရိုက်ယူပြီးနောက် ဆရာမော်၏အိမ် မြောက်ဘက်တွင် နေထိုင်သော အငြိမ်းစား ဆေးတပ်ကြပ်ကြီး ဦးညွန့်တင်ထံ သွားရောက်ခဲ့ပါ၏။ ဦးညွန့်တင် အိမ်မှ မြန်အထွက်တွင် တိုက်ဆိုင်စွာပင် အငြိမ်းစား တိရစ္ဆာန်ဆေးကုဆရာ ဦးကျော်သာအေးနှင့် ဆုံမိ၍ ရပ် စကားပြောဖြစ်ကြပါသည်။ ခင်မင်သူများမို့ နှုတ်ဆက်စကားဆိုရင်း ကြက်သဟင်းအပင်နှင့် ပတ်သက်၍ ပြောမိရာ တစ္ဆတ်တန်းမှ သူမိတ်ဆွေ တရုတ်ကြီး မျက်ပျဉ်းကျနေတာကို သူက 'ကြက်ပေါင်းစား' လို့ ပြောမိခဲ့ပြီးနောက် လေး ငါးရက် ကြာမှ တရုတ်ကြီးနှင့် ပြန်ဆုံတော့ သူ နေ့တိုင်း ကြက်ပေါင်းစားပေမယ့် ရောဂါမထူးခြားသေးကြောင်း ညည်းညူ ပြောခဲ့တာကို စာရေးသူအား ပြန်ပြောပြပါ၏။

ဆရာလုပ်သူကလည်း အလွယ်ပြော၊ မျက်ပျဉ်းကျနေသည့် တရုတ်ကြီးကလည်း အဟုတ်မှတ်ပြီး နေ့တိုင်း ကြက်ပေါင်းစားနေခဲ့ကြောင်း၊ နောက်နေ့များမှာ သူ့အိမ်မှာ စိုက်ထားသော ကြက်သဟင်းအပင်က ကြက်သဟင်းရွက်တွေ ချူပေးပြီး ပေါင်းစားခိုင်းမှ အဲဒီတရုတ်ကြီး ခံစားနေရသော မျက်ပျဉ်းကျရောဂါဝေဒနာလည်း ပျောက်ကင်းသွားကြောင်း ပြန်ပြောပြ၍ သိရပါ၏။

ဒါပေမယ့် ဤဆောင်းပါးရေးဖြစ်ဖို့ လနှင့်ချီ ကြာသွားပြန်ပါ၏။ အဲဒီလိုနှင့် လွန်ခဲ့သော နေ့လယ်လောက်မှာ ဆိုင်ကယ်နှစ်စီးဖြင့် လူသုံးဦး ရောက်လာပါ၏။ နားခိုတဲအတွင်း ထိုင်ကြပြီးနောက် ဆရာမော်ထံက ပြန်လာကြောင်း၊ စာရေးသူအကြောင်း ပြောပြလို့ သူတို့ လာခဲ့တာဖြစ်ကြောင်း နှစ်ဦးသည် အရာရှိများ၊ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေကြောင်း ဆိုပါ၏။

တစ်ဦးမှာ ဆရာမော်ပြန်ခဲ့သော မျက်ပျဉ်းကျရောဂါကဲ့သို့ပင် မျက်ခွံများ ယောင်ကိုင်း မျက်စိနှစ်လုံး ဖွင့်မရအောင် ခံစားဖြစ်နေတာကို တွေ့ရပါ၏။ ထို့နောက် ဆရာမော်ကိုယ်တိုင် မျက်ပျဉ်းကျခဲ့ပုံနှင့် ကြက်သဟင်းရွက်အကြောင်း ပြန်ပြောင်းပြောဆိုမိတာ အမှန်ပါ။



ထိုပုဂ္ဂိုလ်ကြီးများသည် နောက်ပိုင်း တစ်ပတ်တစ်ခါလောက် ရောက်လာလေ့ရှိရာမှ စတုတ္ထအကြိမ်တွင် မျက်ပျဉ်းကျခဲ့သော ထိုပုဂ္ဂိုလ်လည်း ပုံမှန်အနေအထားနှင့် ပြန်လည်တွေ့ရ၍ ဤဆောင်းပါးကို ရေးသားပြီး နဂ္ဂတွာရောင်ခြည် စာဖတ် ပရိသတ်အတွက် သိရှိရန်နှင့် လိုအပ်ပါက အသုံးပြုလုပ်ဆောင်နိုင်ရန် ဖော်ပြလိုက်ရပါ၏။

## ဆေးဖက်ဝင် ကြက်သဟင်းပင်

သမားတော် ဆရာမော် ပြောပြသည်မှာ ကြက်သဟင်း အပင်များကို ပျဉ်းမနား တောရကျောင်း ကျောက်ကုန်းတွေပေါ်မှာ သဘာဝအတိုင်း ပေါများစွာ ပေါက်နေတာကို တွေ့ရကြောင်း၊ အရွယ်ရောက်သောအပင်များ ပွင့်၍ အသီးများ သီးကြောင်း၊ အစေ့များ မြေမှာကျပေါက်ပြီး အပင်ငယ်များစွာ ရှိနိုင်ကြောင်း၊ အပင်ငယ်များကို ဘူးနုတ်ပြီး ပြောင်းရွှေ့ စိုက်ပျိုးပါက ရကြောင်း၊ အချို့သော ကြက်သဟင်းအပင်များသည် ဝါး တစ်ပြန်လောက်အထိ မြင့်တက်ပြီး ကိုင်းပွားများစွာနှင့် ဝေဆာနေလေ့ရှိကြောင်း သိရပါ၏။



ကြက်သဟင်းကိုင်းနှင့် အပွင့်များ။

ကြက်သဟင်း အ ပင် နှင့် အရွက် ပုံသဏ္ဌာန်ကို စာရေးသူ မြင်တွေ့ လေ့လာမိသမျှ ဖော်ပြလိုပါ၏။ ဆရာမော်သည် ကြက်သဟင်းအပင်ကို ဖျင်းအိုးကြီးထဲတွင် စိုက်ထားတာပါ။ ၆-၇ ပေ ခန့် အထိ မြင့်ပါသည်။ ပင်စည် မှိုင်း သားမနှ မာကျောသယောင် ရှိကြောင်း တွေ့ရပါ၏။ စာရေးသူ ၏ ကြက်သဟင်းအရွက်များသည် ရုတ်တရက်ကြည့်လျှင် စားကျွဲ ရွက်က အရွက်ရိုးတံ တစ်ခုမှာ



အခြား ပွားထွက်နေသည့် ရိုးတံများမှ အရွက်များပါရှိပုံနှင့် ကြက်သဟင်းပင်မှာက ပင်မ အရွက်ရိုးတံ တစ်ခုတည်းမှာ မျက်နှာလွှဲ အရွက်တွေ တစ်ဖက်စီမှာ ထွက်တာပါဟု ကြက်သဟင်းပင်ကိုင်းကို ကိုင်၍ ရှင်းပြပါ၏။

ဟုတ်ပါသည်။ ကြက်သဟင်းအပင်ရှိ အရွက်ရိုးတံများတွင် အရွက် ရိုးတံ တစ်ခုသည် အနည်းဆုံး ၆ လက်မ အရှည်ဆုံး လက်မ ၂၀ ကျော်ခန့် အထိ ရှည်လျားတာ တွေ့ရပါသည်။ အဲဒီရိုးတံတစ်လျှောက် ကြက်သဟင်း အရွက်စိမ်းစိမ်းများ မျက်နှာလွှဲ တစ်ဖက်တစ်ချက်မှာ အစီအရီ ထွက်နေတာပါ။

## ကြက်သဟင်းအရွက်များ

ကြက်သဟင်းအရွက်များသည် အညာရိုးတံတို့၍ အရင်းဝိုင်းပြီး အဖျားချွန်ပါသည်။ အလျား နှစ်လက်မမှ လေးလက်မခန့်အထိရှိပြီး စိမ်းစို၍ မပျော့လွန်း မမာလွန်းဘဲ နူးညံ့မှုရှိတာ တွေ့ရပါ၏။ ပင်မရိုးတံ တစ်ခုတွင် အရွက်ပေါင်း အနည်းဆုံး ၁၀ ရွက်မှ ၃၀ ကျော်ခန့် ထွက်လေ့ရှိပါ၏။

မြန်မာ နိုင်ငံ အတွင်း ဒေသအလိုက် ကြက်သဟင်း အပင်များ ပေါက်ရောက် တွေ့ရှိနိုင်ကြောင်း အတိအကျ မဖော်ပြနိုင်သော်လည်း မြန် မာ နိုင်ငံ အတွင်းရှိ အလေ့ကြီး အပင်များ၏ မူ ၁၀ ။ ဆိုင် ရာ အမည်များနှင့် မျိုးရင်းအမည်များကို ဖော် ပြ ထား သည့် စာအုပ်တွင် ကြက်သဟင်း အပင်နှင့် ပတ်သက်၍ စာရေးသူ လေ့လာ တွေ့ရှိမှုကိုလည်း ရေးသား ဖော် ပြ လိုက်ရပါ၏။



ကြက်သဟင်းပင် (အစိုင်းမျိုး)



ထိုစာအုပ်တွင် ကြက်သဟင်းကို မြန်မာအမည် ကြက်သဟင်း၊ အင်္ဂလိပ်အမည် (Niruri Leaves) ဟုလည်းကောင်း၊ မျိုးစု (Genus) မှာ (Phyllanthus) ဟု ခေါ်ပြီး မျိုးစိတ် (Species) မှာ (Niruri) နှင့် မျိုးရင်း (Family) သည် (Euphorbiaceae) ဖြစ်ကြောင်း ဖော်ပြထားပါသည်။

မျက်စိ မျက်ပျဉ်းကျရောဂါ ဝေဒနာ ခံစားနေရသူများ ဆေးဖက်ဝင် ကြက်သဟင်းအပင်ကို ရှာဖွေတွေ့ရှိ၍ ၎င်း၏အရွက်များကို ပေါင်းစား ဟင်းချို ချက်စားခြင်းဖြင့် ကြက်သဟင်းအရွက်ကပေးသော သုခချမ်းသာကို အပြည့်အဝ ရရှိနိုင်ပါစေဟု ဆုမွန်တောင်းလျက်။

❖ ❖ ❖

ဆောင်ရွက်လို့ရပါတယ်၊ အပင်ကြီးရင် အမြစ်က ကြီးပါတယ်၊ လက်တစ်ဆိုက်ခန့် ဖြတ်ယူပြီး အမြစ်မွှာတွေကို သန့်ရှင်းပစ်ရပါတယ်၊ မြေကြီးထဲက အမြစ်ဆိုတော့ အပေါ်လွှာမှာ ညိုရောင်သမ်းနေပါတယ်၊ အဲဒါတွေကို ဓားနှင့် ခြစ်ထုတ်လိုက်ရင် ဖြူဝင်းသွားရော၊ အဲဒီ အမြစ်ကို ဆေးကြောသန့်ရှင်းပြီး ပျော့သွားအောင် ထုပေးတယ် ပြီးတော့ ထမင်းပူပူထဲမှာ အုံးပေးတာပါပဲ၊ တစ်အောင့်ကြာတော့ ထမင်းပူထဲက ထုတ်ယူ၊ အရည်ညှစ်ချ၊ အဲဒီအရည်ကို ကလေးအား တိုက်တာပါ' ဟု ဆိုပါ၏။

အဲဒါကိုလည်း စာရေးသူက ပိုသေချာအောင် 'ဆရာ ထပ်မေးရဦးမယ်၊ ကလေးက သုံးနှစ်၊ ခပ်ဖျားတိုက်လိုက်တဲ့ ရှားစောင်းလက်ပပ်အမြစ် သတ္တုရည်က ဘယ်လောက်များလဲ'ဟု မေးရာ 'ဆရာရေ ရှားစောင်းလက်ပပ်မှာ ပါဝင်တဲ့ အရည် ပေါ်မှုတည်ပြီး အရည် အနည်းအများ ရတတ်ပါတယ်' ကျွန်တော့် သားလေးတိုတော့ လက်ဖက်စားဇွန်း တစ်ဇွန်းသာသာလောက် တိုက်ခဲ့တာပါ'ဟု ပြောပါသည်။



ပြီးတော့ လူကြီး ဆိုရင်တော့ ထမင်းစားဇွန်း တစ်ဇွန်း နှစ်ဇွန်းလောက်အထိ တိုက်သင့်ပါတယ်ဟု ဆိုပါ၏။ အလွန်ထိရောက်သည့် မြစ်ချင်းပြီး ဆေးနည်းကောင်းတစ်ခုဖြစ်၍ စာဖတ်ပရိသတ်ကို ရေးသားဖော်ပြရာတွင် ပြီး ထိကျပြည့်စုံ ဆရင်တာကြောင့်'နောက်တစ်ခု ပြောပါဦး ဆရာ၊ ရှားစောင်းလက်ပပ် အမြစ်ကို အပူပေးတဲ့ နည်းက ထမင်းပူထဲ ဖုံးတာပဲ ရှိလား၊ အခြား နည်းနဲ့ကော လုပ်လို့ မရဘူးလား'ဟု မေးမြန်းမိပါ၏။

ရှားစောင်းလက်ပတ်အရွက်ကြီးများ၊



ထိုအမေးကိုလည်း ဆရာဦးမြင့်အောင်က 'ဆရာရေ့ ပြာပူအုံးရင်လည်း ရပါတယ်'ဟု ဖြေရင်း ရှားစောင်းလက်ပပ် အမြစ် သတ္တုရည် အစွမ်းကြောင့် သူ့သားလေး သေဘေးက လွန်မြောက်ခဲ့ပြီးနောက် ယခုအခါ အသက် ၃၄ နှစ်ထိုင် ကျန်းမာစွာနှင့် တိုင်းပြည်တာဝန်တွေ ထမ်းဆောင်လျက်ရှိနေကြောင်း သူ၏ ကိုယ်တွေ့ ပွဲတွေ့ ရှားစောင်းလက်ပပ်အမြစ် သတ္တုရည်အကြောင်း စာရေးသူမှ သုတေသနပြုရင်း စာဖတ်ပရိသတ်အတွက် လိုအပ်ပါက အသုံးပြုနိုင်ကြရန် ဆောင်းပါး အဖြစ် ရေးသားတင်ပြလိုက်ရပါ၏။

မြန်မာနိုင်ငံအတွင်းရှိ အရေးကြီးအပင်များ၏ ရုက္ခဗေဒဆိုင်ရာ အမည်များနှင့် မျိုးရင်းအမည်များကို ဖော်ပြထားသောစာအုပ်တွင် ရှားစောင်း လက်ပပ်ကို အင်္ဂလိပ်အမည် (Aloes)၊ မျိုးစု (Genus) မှာ (Aloe) နှင့် မျိုးစိတ် (Species) မှာ (Vera) ဖြစ်ပြီး၊ မျိုးရင်း (Family) သည် (Liliaceae) ဖြစ်ကြောင်း ဖော်ပြထားတာကို လေ့လာသိရှိရပါသည်။

ယခုအခါ စာရေးသူအနေဖြင့် အိုးရှားစောင်းလက်ပပ်အပင်များ စိုက်ပျိုးထုတ်လုပ်ရေးကို ပြင်ဆင်နေသလို ရှားစောင်းလက်ပပ်နှင့် ပတ်သက်သော ဆေးဖက်ဝင်တွေ့ရှိချက် ပွဲတွေ့ ဆေးနည်းများကို စုဆောင်း၍ ဆက်လက် ဆောင်းပါးများ ရေးသွားနိုင်ရန် ရည်ရွယ်လျက်ရှိပါကြောင်း။

❖ ❖ ❖





## သဘာဝပင်လယ်ရေ နှင့် ဆေးဖက်ဝင်အစွမ်း

၁၊ ၁၁၊ ၂၀၀၃ ရက်နေ့ နံနက် ၉း၀၀ နာရီလောက်မှာ ဆရာထက်ခေါင် ကားဖြင့် ရောက်လာပါ၏။ စာရေးသူမှ ခုတင်စောင်းမှာထိုင်လျက် အပြုံးဖြင့် ကြိုဆိုမိပါတယ်။ ရောက်ချင်းပဲ ဆရာထက်ခေါင်က ဦးကိုသိန်း ပြောလို့ သိရကြောင်း ခြေထောက် ဘယ့်နှယ် နေသေးလဲဟု မေးလာပါ၏။ စာရေးသူက-

'ဆရာရေ အထူး သတိထား သွားလာနေတဲ့ကြားက အခုလိုဖြစ်ခဲ့တော့ ကံစီမံရာပေါ့လို့ ဖြေရသလို ဖြစ်တာကလည်း ကျွန်တော်က စက်ဘီးနဲ့အဖြတ် ဆိုင်ကယ်မြင်လို့ ရပ်ပြီးအထောက် ဆိုင်ကယ်ကလည်း ကျွန်တော့်မြင်လို့ အရှိက် အုပ် လဲတာ တိုက်မိတာ ဖိမိတာလည်း မဟုတ်ပါဘဲ ကျွန်တော့် ဘယ်ခြေထောက် အတွင်းမှာ ခွက်သွားတာ ခြေချောင်း လေးချောင်း ကျိုးသွားလေရဲ့၊ အခုတော့ ကျောက်ပတ်တီးစည်း နားနေရတာပေါ့၊ ကိုက်ခဲနာကျင်မှု မရှိ ရောင်ရမ်းမှု လည်း မရှိပါဘူး ၁၈၊ ၁၀၊ ၀၃ ရက်နေ့ကဆိုတော့ နှစ်ပတ်ရှိခဲ့ပါပြီ'လို့ အသိပေး ဖြေမိပါတယ်။



ဆရာထက်ခေါင်က 'အသက် အရွယ်အရ ဂရုစိုက်သင့်ကြောင်းနှင့် ဝရုဆေး နည်းနဲ့ ကြပ်စည်းနည်း အရိုးဆက်နည်းလည်း ရှိကြောင်း'ပြောလာပါ၏။ ကျွန်တော့် တူတစ်ယောက်လည်း အဆင်မပြေလို့ တရုတ် နည်းပညာနဲ့ ကြပ်စည်းတာ အဆင်မပြေဖူးကြောင်း အသိပေးမိပါ၏။ စာရေးသူ၏ လက်ရှိ အနေအထားအရ ကိုက်ခဲ နာကျင် ရောင်ကိုင်း ဖျားနာခြင်းမျိုး မရှိလို့ အဆင် ပြေနေတယ်လို့ ယူဆမိပါ၏။ ၄၅ ရက်ပြည့်လို့ ကျောက်ပတ်တီး ဖြည်မှပဲ အဖြေသိရမှာပါ၊ လက်ရှိဘဝမှာ ငယ်ငယ်က ကျူးလွန်ခဲ့တဲ့ ဝဋ် ဝိဘာက ကြောင့်လည်း ခံရသလို အတိတ်ဘဝက အကျိုးဆက်ကြောင့်လည်း ဖြစ်မှာပေါ့၊ သာသနာ အကျော်အမော် ရှင်ဆန္ဒာဓိကလို ပုဂ္ဂိုလ်မျိုးတောင် မုံရွာ ဘုရားဖူး ခရီးစဉ်မှာ ခေတ်လှေကား ပြုတ်ကျခံခဲ့ရတာ မျိုးနဲ့ ယှဉ်ပျှင် မာမရေးသူလို ပုထုဇဉ်လေးအတွက် ဖြေသိမ့်နိုင်ပါတယ်လို့ ဆရာ ထက်ခေါင်ကို အသိပေး ပြောပြမိပါ၏။

ခုတစ်လုံးမှာ ဆရာထက်ခေါင် ဝင်ထိုင်ရင်း နေပြည်တော်၊ ပျဉ်းမနား တောင်ဘက်မှာရှိသော ကျောင်းထိုင်ဆရာတော်တစ်ပါးထံသွားရင်း ဆရာထံ ဝင်လာခဲ့တာဟု ဆိုပါ၏။ ဆရာထက်ခေါင်သည် များပြားလှသည့် ဌာနတာဝန် တွေ ကြီးမားလှသည့် တာဝန်တွေကြားက အားလပ်မှုရသည့် အချိန်လေးများကို အသုံးချပြီး ရင်ကျက်လှသည့် အတွေးအခေါ် အယူအဆတွေ အခြေခံ၍ ဘဝ ဒဿန အတွေးသစ် အမြင်သစ်တွေကို စာပေ ပရိသတ်များသို့ မျှဝေဖို့ စာတွေ အများကြီး ရေးနေသူပါ။ ဘဝ အတွေ့အကြုံ ရင့်ကျက်ရုံမက အတွေ့အကြုံ များလှသူ အတွေးနဲ့ အသိကိုဖော်ကျူးရာမှာ စာဖတ်သူများ အလွယ်နဲ့ အလင်း အမြင်ရအောင် ရေးသား ဖော်ထုတ်နိုင်အောင် ရေးအားရှိသူဟု မြင်မိပါ၏။

စိတ်ရင်းစေတနာကောင်းမြဲ နေပြည်တော်သို့ ရောက်လာသည်က စတင်၍ နေပြည်တော်၊ ပျဉ်းမနား စာနယ်ဇင်းအဖွဲ့ဝင်တွေနဲ့ပေါင်းလျက် စာပေ ဟောပြောပွဲ တွေ ပြုလုပ်ပေးလာရုံမက ကျေးရွာများမှာ ဘုန်းတော်ကြီး ကျောင်းတွေမှာ စာကြည့်တိုက် ဖြစ်မြောက်ရေးတို့ကို ကူညီ ထည်ဆောက်ပေးနေခဲ့တာလည်း များလှပေပြီ။ အများပြည်သူတွေကြားမှာ ပညာအလင်း စာပေအလင်း ရစေလိုသော ပြင်းပြသည့် ဆန္ဒအရင်းခံကြောင့် အပင်ပန်းခံ ဆောင်ရွက်နေတာပါ။

စာရေးသူနဲ့ စတင် စကားဆိုစဉ် ပျော်ဘွယ်မြို့နယ်မှ စာသင်သား ဦးပဉ္စင်း လေးတစ်ပါး ပရဆေးပင်လေးများစိုက်ပြီး ပြန်ထွက်သွားတာကို မြင်တွေ့သွား

'ပင်လယ်နဲ့ဝေးတဲ့အရပ်က လူတွေ သုံးကြိမ်လောက် ရေချိုး ရေစိမ်လိုက်တာနဲ့ အဲဒီ သဘာဝပင်လယ်ရေကပေးတဲ့ ဆေးအစွမ်းကြောင့် ဦးစွာ ခံစားရနိုင်တဲ့ အကျိုးတွေကတော့-

က။ ဗိုက်ဆာလာတယ်၊

ခ။ တစ်ကိုယ်လုံးရှိ အကြောအခြင်တွေ ပြေလျော့လာတယ်၊

ဂ။ အရေပြားမှာဖြစ်နေတဲ့ ပွေး၊ ညှင်း၊ တင်းတိပ်၊ အကျိတ် အနာအဆာများ ပျောက်ကင်း သက်သာလာတယ်၊

ဃ။ ပင်လယ်ရေ မျက်စိထဲ ဝင်တဲ့သူတွေ မျက်စဉ်းလိုပဲ စပ်တယ်၊ ပြီးတော့ မျက်စိဝေတာတွေ လျော့ကျသွားတယ်၊

ဟု ထိုရှိုင်ဆရာကြီးက ပင်လယ်ရေအစွမ်းကို ပြောလာပါ၏။ ထို့နောက် ထိုပုဂ္ဂိုလ်ကြီး ဆက်ပြောတာက မြို့ပြမှာ မွန်းကျပ်နေတဲ့သူတွေ၊ အသက်ရှူမဝသူတွေ ပင်လယ်ရေကို ရှူလိုက်ရင် ပြေလျော့ သက်သာသွားနိုင်တယ်။ အဲဒီလောက်အထိ သဘာဝပင်လယ်ရေရဲ့ ဆေးဖက်ဝင်အစွမ်းက ထက်မြက်တာဗျ ဟု ဂုဏ်ယူ ဝင့်ကြွားစွာ သူ့ဒေသ၏ ပင်လယ်ပြင်ကို အမွှမ်းတင် ပြောပြနေစဉ် သူ့မျက်နှာမှာ မာန်အပြည့်ရှိနေတာ တွေ့ရပါ၏။ ထို့နောက် ထိုသူက ဆက်ပြောရာတွင် 'ခင်ဗျားတို့ မြေပြန့်ဒေသတွေမှာ ဆားကို နင်းကြတယ်၊ ဆားကို ရေမချိုးခင်နဲ့ အိမ်ရှေ့ ဝင်ခါနီးတွေမှာ မြေပေါ်ကို ဆားပွတ်ကြတာ၊ အဲဒါ ဆားဓာတ်ဖေကြတာပေါ့၊ အဲဒီ ဆားဓာတ် အကျိုးကြောင့် မျက်စိမှုန်သူတွေ မျက်စိအလင်းတောက်ကြသလို အချို့ မျက်မှန်တောင် လွတ်သွားကြတယ်'

နောက်ပြီး 'ဆံပင်ကျွတ်ပြီး ပါးနေ ကျဲနေသူတွေ ဆံပင်ပြန်ပေါက်လာတယ်၊ ဖတ်လေး ဖက်တုံ့ ရောဂါသည်တွေ ပေါ်ပါးသွက်လက်လာတယ်၊ အနာကြောင့် များနာနေသူတွေ ခြေထောက် ဆားပွတ်၊ ဆားအုံပေးရုံနဲ့ သက်သာပျောက်ကင်းနိုင်တယ်ဗျ' ဟု ပြောပြပါသည်။ ထိုပုဂ္ဂိုလ်ကြီး ပြောပြချက်တွေ ကြားရတော့ ပင်လယ်ရေချိုးထားတဲ့ စာရေးသူ ခံစားရတဲ့ ပကတိ အခြေအနေများကို နှိုင်းယှဉ်ကြည့်မိတာ အမှန်ပါ။ တစ်ခု ထူးခြားတာက စာရေးသူ၏ ကိုယ်ခန္ဓာမှာ နေ့စဉ် ဖြစ်ပေါ်နေသော ခြေလက်ကိုက်ခဲခြင်း ချွေးထွက်၊ ရင်းချွေး အချဉ်ပေါက်ရာက ဖြစ်လာသော ညှင်းကွက်အချို့ အတော်ကို မှိန်ကျ လျော့နည်းသွားတာ တွေ့ရ





ပါ၏။ ဗိုက်ဆာလာသလို နှလုံးရောဂါသည် ဖနီးလည်း သွက်လက် သန်းဆန်းနေတာ တွေ့ရပါတယ်။

ထို့နောက် ထိုပုဂ္ဂိုလ်ကြီးက ဆက်၍ 'ကျုပ်က ဒီဒေသမှာမွေး ပင်လယ်လေအပြည့် အာဟာရရနိုင်ပြည့်စုံတဲ့ ပင်လယ်ငါး အများဆုံးစား၊ ပင်လယ်ရေ ချိုးပြီး ပင်လယ်ကမ်းစပ်မှာ ဆော့ကစား ပြေးလွှားရင်း ကြီးပြင်းလာခဲ့တာ အခု အသက် ၈၄ နှစ် ရှိပြီ၊ မျက်စိ မမှုန်၊ ဒူးမယိုင်၊ ကျန်းမာနေတာ၊ ဆေးမကုရသေးဘူးဗျ' ဟု ဝင့်ထည်စွာ ဂုဏ်ယူဟန် အပြည့်နဲ့ ပြောလာပြန်ပါတယ်။ သူနဲ့ တွေ့စက သူ့ကို အကဲခတ်မိတာနဲ့ တခြားစီ၊ စာရေးသူက ၅၀ ကျော်၊ သူလည်း မတိမ်းမယိမ်း ပေါ့လို့ ထင်ခဲ့တာ လုံးဝ လွဲနေပြီ။

စာရေးသူက 'ကျွန်တော် ထင်ထားတာ အသက် ၅၀ ကျော်လောက်၊ အခုတော့ ဆရာကြီး ပြောတဲ့ အသက် ကြားရလို့ သိပ်ကို အံ့ဩသွားရပါတယ် ဆရာကြီးပြောတဲ့အတိုင်း သဘာဝ ပင်လယ်ကပေးတဲ့ သဘာဝ ကျန်းမာရေးသုခတွေ အပြည့်အဝ ခံစားပြီး ဆံမြွေ့ သွားမကျိုး မျက်စိ မမှုန်၊ တိုတောင်ပုံစံ မရှိ ပကတိ ကျန်းမာနေလိုက်တာ အားကျတယ်ဗျာ' ဟု ဆိုတော့ ပြည်နယ် တရားရေးဌာနမှာ တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ဖူးကြောင်း သိရပါ၏။ ထိုပုဂ္ဂိုလ်ကြီး အပြောနှင့် ပကတိ အခြေအနေများကို အကဲခတ်မှာ စာရေးသူ တွေ့ရှု



သမျှ ပတ်ဝန်းကျင်တွင် အသက် ၇၀-၈၀ ဝန်းကျင် ရှိနေသူတွေမှာ အရွယ်၏ လက္ခဏာ ဟန်ပန် ရှိနေတာတွေက သိသာလှသလို အသားအရေ လျော့ရိလျော့ရဲ ပျက်စီး ယိုယွင်းနေတဲ့ အသွင်အပြင် ဆဲလ်ကွက်တွေနဲ့ ထူးခြားဆုံးကတော့ မျက်စိ အကြည့်မှာ ဝေဝါးနေတာပါပဲ။ ယခု ရှိုင် ဆရာကြီးရဲ့ ကိုယ်ခန္ဓာမှာ ဒီအခြေအနေမျိုးမရှိဘဲ မျက်စိ အကြည့်အမြင်ဟာ အထူး ကြည်လင်ပြီး ကျန်းမာ ပကတိ ရှိနေတာ စာရေးသူက 'ဆရာကြီးရေ အသက် ၈၀ ကျော်အထိ မျက်စိ အကြည့်ခတ်ရှိရုံမက အမြင်အားကောင်း မျက်မှန် လွတ်နေတာ စိတ်ဝင်စားတယ်ဗျာ၊ ပင်လယ်ရေချိုးပြီး မျက်စဉ်းခတ် ထိန်းထားတာလား၊ အခြားဆေးနည်းကော ရှိသေးလား' ဟု စူးစမ်း မေးမြန်းမိပါတယ်။

'အသက်ကြီးလာတော့ ငယ်ရွယ်တုန်းကလို ပင်လယ်ထဲဆင်း ရေချိုးတာမျိုး နည်းသွားပါပြီ တစ်လ နှစ်ကြိမ် သုံးကြိမ်တော့ ဆင်းဖြစ်ပါတယ်၊ မျက်စိအတွက် သဘာဝပင်လယ်ရေနဲ့ ရောက်ရှည် ရောစပ် အမြဲခတ်နေပါတယ်' ဟု ပြောပါ၏။ ထိုစဉ်ကတည်းက အဲဒီဆရာကြီး ပြောလိုက်တဲ့ သဘာဝပင်လယ်ရေနဲ့ ရှောက်ရေ ရောစပ်ထားတဲ့ မျက်စဉ်းကို ကျွန်တော်လည်း သုံးပါတယ်၊ မိသားစုအတွက်လည်း အသုံးပြုနေကြောင်း ဆရာကြီးအဓိပ်ကို ပြောပြ အသိပေးမိပါ၏။

သဘာဝပင်လယ်ရေကို ပင်လယ်ကမ်း ကျောက်ဆောင်တွေကြားမှာ လှိုင်းမမိတဲ့ ကြည်လင်ပြီး အနယ်ထိုင်နေတဲ့ နေရာက ရေသန့်ဘူးလေး ငါးဘူးနဲ့ ခပ်ယူလာပါတယ်။ မျက်စဉ်းဘူး ဖန်ပုလင်း၊ ပလတ်စတစ် ဘူးလေးတွေနဲ့ အမြဲ ရောစပ် အသုံးပြုနေတာ ဒီနေ့အထိပါပဲဟု ပြောပြပြီး ပင်လယ်ရေဘူးလေးကို လက်ဆောင်ပေးမိပါ၏။ ထိုအခါ ဆရာထက်ခေါင်က-

'တစ်ဝက်လောက်ပဲ ပေးပါ၊ ဆရာကြီးလည်း သုံးနေတာပဲဟု ဆိုတော့ ယူသွားပါ ခင်ဗျ၊ ကျွန်တော့်မှာ ပင်လယ်ရေ သုံး လေးဘူး အမြဲရှိပါတယ်၊ သားမောင် ကားစော်ငါနဲ့ ပင်လယ်ဘက်ရောက်ရင် ယူလာပေးတော့ မပြတ် ရှိနေပါတယ်'ဟု ဆိုတော့မှ ယူသွားလေသည်။

စကားဝိုင်းကောင်းနေလိုက်တာ၊ ဆရာထက်ခေါင်လည်း ၁၁း၃၀ နာရီ ကျော်လောက်မှ ကားဖြင့် ပြန်လည်ထွက်ခွာပါ၏။ ၂ ၁၁၊ ၀၉ ရက်နေ့ ညနေ ၅ နာရီလောက် ဆရာထက်ခေါင်မှ ဖုန်းဆက်၍ သဘာဝ ပင်လယ်ရေနဲ့ ရှောက်ရေ ရောစပ်အသုံးပြုပုံနဲ့ အမောလုံဆေး ဖော်စပ်ပုံကို ထပ်မံ မေးမြန်း



လာပါတယ်။ စာရေးသူက ပြန်လည် ဖြေကြားခဲ့ရာမှာ မျက်စဉ်း ဖော်စပ်ရန် အတွက်

'အသုံးပြုမယ့် မျက်စဉ်းဘူးလေးကို ရေနွေးနဲ့ နှစ်ကြိမ်လောက်စိမ် ဆေးကြော သန့်စင်ပြီးမှ ပင်လယ်ရေအကြည်ကို ဘူးထဲလောင်းထည့် ရှောက်ရည်အတွက် နေရာ ကွက်လပ်ထားပြီး အဲဒီဘူးကို ရှောက်သီးအရင့်ကို လှီး၊ လက်နှင့်ညှစ်ပြီး ကိုယ်လိုသလောက် တစ်စက် နှစ်စက်မှ ၁၅ စက် လောက်အထိ ထည့်ကြောင်း၊ ပြီးတော့ ဘူးအဖုံးလေးတွေပိတ် လှုပ်ပေးကြောင်း၊ ထို့နောက် ဘူးထဲက မျက်စဉ်း တစ်စက် နှစ်စက်လောက် အောက်ကို ညှစ်ချပြီး သုံးတာပါ'ဟု ပြောမိပါ၏။

'ကျွန်တော် ဒီသဘာဝပင်လယ်ရေကို ဖော်စပ် အသုံးပြုနေတာ ဆယ်စုနှစ်ကျော်ခဲ့ပါပြီ၊ ကျွန်တော်နဲ့ ကျွန်တော့်မိသားစုအတွက် အဆင်ပြေ ချောမွေ့နေတာတော့ အမှန်ပါ' ဟု အသိပေးမိသလို၊ ဒါကိုပဲ စာရေးသူမှ သူရဿမဂ္ဂဇင်း စာဖတ်ပရိသတ်သို့ 'သဘာဝပင်လယ်ရေနဲ့ ဆေးဖက်ဝင်အစွမ်း' ဟု အသိပေး ဖော်ပြလိုက်ရပါကြောင်း။

❖ ❖ ❖

ဖြစ်နေစဉ် အင်္ဂလိပ်ဆရာဝန်ကြီးမှ အနည်းငယ်မျှ ဆေးဝါးကုသပေးခြင်း မရှိပါဘဲ ကလောင်ဂျီးခေါ် ဆေးပြင်းလိပ်ပြာကို သွားတိုက်ပြီး မျိုချ၍ ရောဂါ လုံးဝ ပျောက်ကင်း သက်သာသွားရပုံ ထူးဆန်းလှသည့် ဖြစ်စဉ်အကြောင်းကို ဆေးရုံ မှတ်တမ်းစာအုပ်မှာ သူကိုယ်တိုင် အင်္ဂလိပ်လိုရေး၍ မှတ်တမ်းတင်ထားခဲ့ ကြောင်း။ ထိုအင်္ဂလိပ် ဆရာဝန်ကြီး အိန္ဒိယသို့ပြောင်းသွားပြီးနောက် ဦးကျော်သာ၏ ဦးလေး ဆရာဝန်ကြီး တာဝန်ထမ်းဆောင်ရစဉ် ထိုမှတ်တမ်းကို သူကိုယ်တိုင် မြင်တွေ့၍ ဦးလေး ဖတ်ပြတာကို ကြားခဲ့ရကြောင်း ပြောပြပါ၏။

ဆရာဦးကျော်သာ၏ ပြောပြတာကို ကြားရတော့ စာရေးသူ အံ့ဩမိတာ အမှန်ပါ။ ထိုအတူ လူတွေ၏ ဘဝကြုံမှာ ထူးဆန်းသလို တစ်ခါတလေ အံ့မယ် ထူးခြားနေတာမျိုး တွေ့ကြားရတော့ ထိုရေဖျဉ်းရောဂါသည်ကြီး၏ စိတ်ကောင်း စေတနာကြောင့် နတ်သိကြားများ မ စ သည့်အလား သူရှိနေရာ ဆေးရုံ ဆေးခန်း သို့ ကလောင်ဂျီး သောက်တတ်သော ရခိုင်သူဌေးကြီးတစ်ဦးပါ ရောက်လာ၊ သူနဲ့ တွေ့ဆုံ၊ ဆေးလိပ်ပြာခွက်ကို စေတနာအပြည့်နဲ့ သွန်ပေးခဲ့ရာက သူ့ဆန္ဒမှာ သွားတိုက်လိုအင် ပေါ်လာတာ။ ပြီးတော့ သွေးသားတောင်းဆိုမှုကြောင့် မျိုချ ရာက အလွန် ကုသရခက်တဲ့ ရေဖျဉ်းရောဂါ နာတာရှည်ခံစားနေရတဲ့ဝေဒနာ ပျောက်ကင်းသွားခဲ့ရတာ။ ဒီဖြစ်စဉ်မျိုးဟာ သာမန်ဖြစ်စဉ် မဖြစ်နိုင်ပေ။

ပဋ္ဌာန်းဆက် အကျိုးကြောင့် ချိန်ကိုက်တွေ့ထိ ဖြစ်စဉ်မျိုး ယုံကြည်သူများ အဖို့ ပါဟာ စိတ်ကောင်း စေတနာကောင်း ရှိသူများအတွက် အဆိုးမှ အကောင်းသို့ ကူးပြောင်း အကျိုးရတာမျိုးဟု စာရေးသူ ယူဆမိတာကြောင့် ဆရာ ဦးကျော်သာ ကို ကျေးဇူးလည်း တင်မိတယ်၊ အများ သိရအောင်လည်း ရေးသားဖော်ပြမိတာ အမှန်ပါ။ ထို့ကြောင့် စာရေးသူက ဆရာ့အား-

'အဲဒီတော့၊ ခင်ဗျား ကြားသိခဲ့ရတဲ့ ကလောင်ဂျီး ပြာကြောင့် ရေဖျဉ်းရောဂါ ပျောက်သွားကြောင်း သိခဲ့ရသလို၊ အခု ခင်ဗျားက ဆေးကုနေသူဆိုတော့ အဲဒီ နည်းကို အသုံးချဖူးလား' ဟု မေးမိပါတယ်။

ဆရာက 'နှစ်ပေါင်းများစွာက သိခဲ့ရတဲ့ အလွန်ကောင်းတဲ့ ဒီဆေးနည်းကို နှစ်နှင့်ချီ သုံးဖူးပါတယ်၊ ပွဲတွေ့ လက်တွေ့ အောင်မြင်ပါတယ်၊ အခုအချိန်တိုင် အောင်ပါပဲ'တဲ့။ ပြီးတော့-



'ကျုပ်က တိရစ္ဆာန်ဆေးကုဆရာ ဆိုတော့ ဒီဆေးနည်းကို တိရစ္ဆာန်တွေမှာ အများဆုံး သုံးဖြစ်တယ်၊ တိရစ္ဆာန်တွေမှာ အထူးသဖြင့် ခြေလေးချောင်း တိရစ္ဆာန်တွေမှာ ရေဖျဉ်းရောဂါ အတော်ဖြစ်ကြတာ တွေ့ရတယ်၊ ကျုပ် သင်ထားတဲ့ ဆေးပညာရော၊ အဲဒီနည်းကော တွဲသုံးတာမျိုးလည်း ရှိဖူးပါတယ်၊ ကံမကုန် ရောဂါ မကျွမ်းသေးတဲ့ တိရစ္ဆာန်တွေ ပျောက်ကြပါတယ်၊ မသေကြပါဘူး' တဲ့။

စာရေးသူက ပညာရေးဝန်ထမ်းဘဝ လွန်ခဲ့သော နှစ် ၅၀ ကျော် ကတည်းက ဆရာနဲ့ ဆုံတွေ့ ရင်းနှီးခင်မင်ကြသူတွေပါ။ အငြိမ်းစားယူပြီးနောက်လည်း စက်ဘီးတစ်စီးနဲ့ မြို့ပတ်လည် ဆေးကု ထွက်နေတာ ယနေ့အချိန်ထိပါပဲ။ ကျန်းမာရေးကလည်း ခေါင်ခေါင်မြည်။ အသက် ၇၀ ကျော်တိုင် စက်ဘီးစီးလျက် သွားလာနေတာကလည်း အလွန် ထူးခြားနေပါ၏။ အဲဒီလို လှုပ်ရှားနေလို့ ကျန်းမာနေတာ များလားပေါ့။ စာရေးသူက-

'ရေဖျဉ်းရောဂါလူနာမျိုးကိုတောင် ကလောင်ဂျီးပြာ ဆေးနည်းနဲ့ မကုဖူး ဘူးလား'ဟု မေးတော့ 'လူနာ လက်ခံကုတာမျိုးတော့ မလုပ်ပါဘူး။ ရေဖျဉ်းက အကြာကြီးကုမှ ထူးခြားတာ ပျောက်တတ်တာ ဆရာရဲ့၊ ဒါပေမယ့် အဲဒီလို လူနာ မျိုးတွေ့ရင် သူတို့ ယုံကြည်အောင်လည်း ပြောပြ ဆေးနည်းလည်း ပေးခဲ့ပါတယ်၊ ယုံကြည်ပြီး စွဲစွဲမြဲမြဲ လုပ်သူတွေ ပျောက်ကြပါတယ်' ဟု ဆရာက ဖြေပါ၏။

စာရေးသူက ဆေးပြင်းလိပ်နှင့်ပတ်သက်ပြီး ယခုအခါ မတွေ့ရသလောက် ဖြစ်နေတော့ 'ဒါထက် ဆရာကို မေးဦးမယ်၊ ဆရာတို့ ကျွန်တော်တို့ ငယ်ငယ်က ဆေးပြင်းလိပ်သောက်သူများတော့ အမည်မျိုးစုံနဲ့ ဈေးဆိုင်တွေမှာ ရောင်းကြတယ်၊ ကျွန်တော့်ဖခင်ကြီးလည်း ဆေးပြင်းလိပ် အတော်သောက်တယ်၊ သူနိုင်းလို့ မကြာမကြာ ဆေးပြင်းလိပ် ဝယ်ပေးရတယ်' ဟု ပြောရာ၊ ဆရာက-

'ဟုတ်ပါတယ်၊ အဲဒီအချိန်တုန်းက အမျိုးသား ဆေးလိပ်သောက်သူတွေ အထူးသဖြင့် ဆေးပြင်းလိပ် ခဲကြတယ်၊ လူငယ်တွေကတော့ ဆေးပေါ့လိပ်နဲ့ ပိုလိုလို့ ခေါ်တဲ့ စီးကရက် သောက်ကြတယ်၊ အသက်ကြီးလာရင် ဆေးပြင်းလိပ် ပြောင်းသောက်ကြတာ များတယ်၊ အိမ်နီးချင်း ကုလားနိုင်ငံဘက်ကလည်း ဝင်တယ်ဗျ' ဟု ဆိုပါသည်။ စာရေးသူက-

'ဖခင်ကြီးသောက်တဲ့ ဆေးပြင်းလိပ်အမျိုးအစားတံဆိပ်က ကျော်နီဝါးကား လို့ ခေါ်တဲ့ ဆေးပြင်းလိပ် လက်ကညွှန်၊ အင်္ဂလိပ်ပုံစံ ဦးထုပ်အမြင့်ကြီး ဆောင်း၊



အင်္ကျီက ဒူးဆစ်လောက်ထိရှည်တယ်၊ ခြေတစ်ဖက်မြှောက်ပြီး အခြားလက်တစ်ဖက် မှာ တုတ်ကောက်နဲ့ဗျ'ဟု ပြောတော့ ဆရာက-

'အခုခေတ်မှာ ကျော်နီဝါးကား အရက် နာမည်ကြီးသလို၊ အဲဒီခေတ်မှာ ကျော်နီဝါးကား ဆေးပြင်းလိပ်က နာမည်ကြီးဗျ' ဟု ရယ်၍ ပြောပါ၏။ စာရေး သူမှ-

'အဲဒီတော့ ဆရာ၊ ဆေးပြင်းလိပ်က ရှားပါးနေတော့ ဆေးပြင်းလိပ်ပြာ ဘယ်က ရမှာလဲ'ဟု မေးတော့ ဆရာဦးကျော်သာက-

'မပူပါနဲ့ဗျာ၊ ဆေးရွက်ကြီးတွေ ဈေးထဲမှာ ဝယ်ရပါတယ်၊ ဆေးရွက်ကြီး ဝယ်ပြီး ဆေးပြင်းလိပ်လုပ်ယူပေါ့'ဟု ပြုံးပြုံးကြီးနဲ့ ဆိုပါ၏။

ဆရာဦးကျော်သာ၏ ပြောသမျှကို စာရေးသူမှတစ်ဆင့် စာဖတ်သူများသို့ အံ့မယ်ဆေးပြင်းလိပ်ပြာအစွမ်းဟု ရေးသားတင်ပြ အသိပေးလိုက်ရပါကြောင်း။

ဆရာဦးကျော်သာ၏ အသက် ၇၀ ကျော်မှသည် အသက် ရာကျော်တိုင် ကျန်းမာကာ ချမ်းသာမှုရှိပါစေလို့ ဆုမွန်တောင်းလျက်။

[ သိဒ္ဓိမိုး ၁၊ ၂၀၁၀ ]

❖ ❖ ❖





## ရစ်စုံမှ ဘဝစုံသည်

ရစ်ဆိုတာ ဂမုန်းပင်တစ်မျိုးကို ခေါ်တာပါ။ ရစ်ဂမုန်းအပင်များကို သာမန် လေ့လာသိရှိထားသူများက ခေါင်းဂမုန်းနှင့် လွဲမှား သိထားကြတာမျိုးလည်း ရှိနေ ပါ၏။ အပင်မျိုးစုချင်း တူနိုင်သော်လည်း မျိုးစိတ်ကွဲများဖြစ်ကြောင်း စာရေးသူ လေ့လာသိရှိရပါသည်။ အဲဒီလို လေ့လာသိရှိထားမှုကိုလည်း နဝရတ်ရောင်ခြည် မဂ္ဂဇင်း ၈/ ၂၀၀၅ တွင် ခေါင်းအိုပင်နှင့် ရစ်ဂမုန်း (နှစ်ထပ်ရစ်) လွဲမှားနေမှုကို အသိချင်းဖလှယ် ရေးသားဖော်ပြခဲ့ဖူးပါသည်။

စာရေးသူက ပျိုးဥယျာဉ် စိုက်ပျိုး လုပ်ကိုင်နေသူပါ။ လက်လှမ်းမီရာ ဂမုန်းမျိုးနွယ်များကိုလည်း စုဆောင်းရှာဖွေ စိုက်ပျိုး မျိုးပွား ထုတ်လုပ်နေပါ၏။ ဤရစ်ဂမုန်းမျိုးများကို နှစ်များစွာကတည်းက ရရှိစိုက်ပျိုးထားရင်း ဝါသနာရှင် အချင်းချင်း တွေ့ဆုံဖလှယ်ကြရာမှ ရစ် သုံးမျိုးရှိကြောင်း သိရ၏။

၎င်းတို့ကို တစ်ထပ်ရစ်၊ နှစ်ထပ်ရစ်၊ သုံးထပ်ရစ်ဟုခေါ်ပါသည်။ စာရေးသူ ထံမှာရှိသော ရစ်ဂမုန်းများမှာ နှစ်ထပ်ရစ်နှင့် သုံးထပ်ရစ်တို့ ဖြစ်သည်ဟု သိရ၏။ ထိုရစ်ဂမုန်းပင် နှစ်မျိုးကို စိုက်ပျိုး မျိုးပွားနေခဲ့တာ နှစ်များစွာ ကြာခဲ့ပေမယ့် တစ်ထပ်ရစ်ဂမုန်းကို မမြင်ဖူး မတွေ့ဖူးတာ အမှန်ပါ။

သည်။ အရွက်ပြားနောက်ခံအရောင်သည် အစိမ်းဘက်လုသော နီညိုရောင်ရှိ၏။

တစ်ထပ်ရစ်အရွက်ပြား အလယ်ရိုးတံကို ဗဟိုပြု၍ တစ်ဖက်တစ်ချက် အောက်ခြေမှ အထက်သို့ အချွန်အထစ် အထစ်ပုံစံ အရစ်များ (၇-၈) ခုအထိ ရှိသည်။ ထိုအထစ်များသည် အရွက်အလက် အလယ်ရိုးတံ အဖျားထိလုနီး တစ်လက်မခန့်အထိ စုချွန်သွား၏။ အထက်သို့ တက်ရာတွင် ဘုံပြာသာဒ်ပုံစံရှိတာ တွေ့ရ၏။ ထိုအရစ်အထစ်များကို အဖြူရောင်အရစ်များဖြင့် အနားကွပ်ထားတာ တွေ့ရပါသည်။

ထိုအဖြူရောင် အရစ် တစ်ခုတည်းဖြင့် ကွပ်ထားပုံ အရွက်အပေါ်မှာ ထင်ထင်ရှားရှား မြင်တွေ့ရပါ၏။ ထိုတစ်ခုတည်းသော အရစ်တစ်ခုတည်းဖြင့် ရစ်ဖွဲ့ပုံကြောင့် တစ်ထပ်ရစ်ဟု ခေါ်တာ ဖြစ်နိုင်သည်ဟု ယူဆမိပါ၏။

၇၊ ၈၊ ၀၈ ရက်နေ့ နံနက်တွင် ဆရာမော်ဆေးခန်းသို့ စာရေးသူ ရောက်ပါ၏။ ရစ်ဂမုန်းအပင်များ၏ ဓာတ်ပုံမှတ်တမ်းများကိုလည်း ပြသ၍ အပင်အမည် အတိအကျနှင့် အခေါ်အဝေါ် (အဖို + အမ) သတ်မှတ်ချက်ကိုလည်း အတည်ပြုချက်ရရှိခဲ့ပါသည်။ ဆရာမော်ဆေးခန်းရှေ့တွင် တစ်ထပ်ရစ် ဂမုန်းပင် အဖိုပင်အိုးကြီးအပြည့် တွေ့ရပါ၏။ ဖုင်းအိုးကြီးဖြင့် စိုက်ထားတာပါ။ ဆရာ၏ ခွင့်ပြုချက်ဖြင့် ဓာတ်ပုံ မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ထိုပုံကိုလည်း ဖော်ပြလိုက်ပါ၏။

၁၀၊ ၈၊ ၀၈ ရက်နေ့ကလည်း ပန်းခင်းရပ်ကွက်တွင် နေထိုင်သော ဂမုန်းဝါသနာရှင် ကိုတင်ဦး (ဓာတ်ပုံ) ထံမှ တစ်ထပ်ရစ် ဂမုန်းတစ်ပင် ထပ်ရပြန်ပါ၏။ သူက ဂမုန်းကိုချစ်သူ မြတ်နိုးသူ ပြုစုယုယရာတွင်လည်း စာရေးသူတို့ ဂမုန်းစိုက်သူများထဲမှာ အလွန်ထူးချွန်သူလည်း ဖြစ်ပါသည်။ ဂမုန်းမျိုးပေါင်း မြောက်မြားစွာ သူ့ခြံထဲမှာ တစုတဝေးတည်း စိုက်ပျိုးထားပါ၏။ စာရေးသူအတွက် ပျိုးထားတာ ကြာပြီဟု သိရပါ၏။ အဲဒီနေ့ကမှ ကိုသိန်းထိုက်အောင်လည်း ရောက်လာ၍ သားတော်မောင်နှင့် ၎င်းတို့ကားဖြင့် သွားရာမှ ၎င်းအပင်အပြင် ဖြူဟွာကြီးဂမုန်းအိုးတစ်ပင်ပါ ရရှိခဲ့တာပါ။ ဖြူဟွာကြီးဂမုန်းကိုလည်း အဲဒီရက်ကမှ စတင်မြင်ဖူးတာပါ။

ကိုတင်ဦး ပေးလိုက်သော တစ်ထပ်ရစ်ဂမုန်းပင်မှာ အရွက် လေးရွက်ပါပြီး ဖြက်ထစ်လွှာ အလျား တစ်တောင်ခန့် ရှည်ပါ၏။ ညိုနေသော အရွက်ပေါ်တွင် တစ်ထပ်ရစ် အလွန် ထင်ရှားပြီး သိပ်လှတာကိုလည်း တွေ့ရပြန်ပါ၏။ အရွက်



အောက်ခံအရောင်ကတော့ အစိမ်းဘက်လုသော နီညိုဖြစ်နေတာ တွေ့ရပါသည်။ ဒါကလည်း ဂမုန်းအုပ်စု သုံးမျိုးလုံး၏ စံတူညီမှုဟုပင် ဆိုလိုက်ချင်ပါ၏။

အချို့က တစ်ထပ်ရစ် ဖွဲ့စည်းတည်ဆောက်ထားပုံသည် ဘုံပြာသာဒ်ပုံစံနှင့် အလွန်တူသည်ဟု ဆိုကြပြန်ပါ၏။ ပြာသာဒ်ပုံသဏ္ဍာန်ရှိသော အပင်ဖြစ်၍ အချို့က မဆိုင်မဟောင်းဟုလည်း မှတ်ချက်ပြုကြပြန်သည်။ ဘာဖြစ်သဲဟု အမေးပြုတော့ ပြာသာဒ်ဆိုတော့ 'စုတ်ပြတ်သပ်' သွားနိုင်လို့ဟု ပြန်ဖြေ၏။ ဒီအချက်ကိုတော့ စာရေးသူ မှတ်ချက်ပြု ဝေဖန်မှု မပြုလိုပါ။ ဂမုန်းဝါသနာရှင်များ၊ လေ့လာသိရှိထားသူများက ဝေဖန်သုံးသပ် ဖလှယ်မှုပြုနိုင်မည် မျှော်လင့်ပါသည်။

**တစ်ထပ်ရစ် ဂမုန်း အဖို အမ**

တစ်ထပ်ရစ်ဂမုန်း အဖို အမ အပင်များကို ပေါင်းလောင်းရပ်ကွက်ရှိ မသန္တာအိမ်နှင့် ဆရာဦးလှထွန်း၊ ဆရာမ ဒေါ်တင်တင်ဦးတို့အိမ်တွင် တွေ့ရပါ၏။ ဓာတ်ပုံ မှတ်တမ်းများကိုလည်း ဖော်ပြလိုက်ပါသည်။

အဖိုပင်၏ အရွက်များသည် အမအရွက်များထက် ကြီးမားရှည်လျားပါသည်။ အရွက်အရောင်အသွေး ဖွဲ့စည်းပုံ ပုံသဏ္ဌာန်အနေအထား အားလုံးနီးပါး တူညီနေတာလည်း တွေ့ရပါ၏။ တစ်ထပ်ရစ် ဂမုန်းပင်များသည် မိုးဦးကျစတွင် ကတော့ပုံ မရန်းဖျော့ရောင် အပွင့်လေးများ စတင်ပွင့်လာလေ့ ရှိသည်ဟု သိရပါသည်။

**နှစ်ထပ်ရစ် ဂမုန်း**

နှစ်ထပ်ရစ်ဂမုန်းပင်များကို စာရေးသူ ရရှိစိုက်ပျိုး မျိုးပွားနေသည်မှာ အချိန်ကာလ အတော်ကြာပါပြီ။ အစက ဒေါင်းဂမုန်းအဖြစ် စိုက်ခဲ့တာပါ။ နောက်ပိုင်းကျမှ ဂမုန်းဝါသနာရှင်များနှင့် အသိချင်းဖလှယ်မိရာမှ နှစ်ထပ်ရစ်ဂမုန်းဟု သိရှိခဲ့ပါ၏။ ဒီနှစ်ထပ်ရစ်ဂမုန်းရွက်များက မာမာတင်းတင်းရှိသလို အရွက်ရိုးတံကလည်း အလုံး မာကျော ရှည်လျားလှပါ၏။ အာဟာရကောင်းပါက အရွက်များ ကြီးမား ဖားဖားလျားလျားရှိတာကို ဒေါင်းဂမုန်းနှင့် လွဲတာပါ။ ဒါပေမယ့် ရစ်ဂမုန်း ကျောဘက်မှာ နီညိုရောင်ပြောင်ရှိတာ လွဲပါ၏။

အရွက်များသည် အလယ်ကား၍ အရင်းအဖျားစူပြီး ဘဲဥပုံနှင့် ဆင်ပါသည်။ အရွက်အလျား ၆-၁၂ လက်မခန့် ရှိပြီး အနံ ၅-၈ လက်မခန့် အထိ ရှိ၏။





မိုးကျသည်နှင့် နှစ်ထပ်ရစ်ဂမုန်းပင်မှ အသစ်ထွက်လာသောအရွက်များ။

အရွက်အရောင် အစိမ်းရောင်ရင့်ရင့်ရှိပြီး အရွက်ကျောဘက် အောက်ခံသည် နီညိုရောင် ပြောင်ရှိသည်။ နှစ်ထပ်ရစ် အလယ်ရိုးတံသေး တစ်ဖက်တစ်ချက်တွင် စုတ်ချက်ဆန်သော အဖြူရောင်အရစ်အကွက်များ ၆-၈ ကွက်ပါရှိပြီး အရွက် အဖျားသေးတစ်လျှောက် တစ်လက်မခန့် ခွာ၍ ထင်ရှားသော အဖြူရောင် အရစ် အကွက်တို့ဖြင့် ၁၀-၁၅ ကွက်ခန့်အထိ ရစ်ဖွဲ့ထားပါ၏။

ဤနည်းအားဖြင့် အလယ်တွင် အဖြူတစ်ရစ် အရွက် ဘေးတစ်ဝိုက်တွင်လည်း နောက်တစ်ရစ်ဖြင့် ရစ်ဖွဲ့နေသော ဤဂမုန်းပင်ကို နှစ်ထပ်ရစ်ဂမုန်းဟု ခေါ်ဆိုတာ သင့်တော်လှပါ၏။

အရွယ်ရောက်သော နှစ်ထပ်ရစ် ဂမုန်းပင်များ ဖူးပွင့်လေ့ရှိကြပါ၏။ အပင်အရင်းအဆုံမှ အဖြူရောင် ပွင့်ဖတ်ပေါ်တွင် အလယ်၌ မရန်းရောင်ဖျော့ဖျော့ပါသော အပွင့်ငယ်လေးများ ပွင့်ဖူးတံမှ ပွင့်လေ့ ရှိပါ၏။

**သုံးထပ်ရစ် ဂမုန်း**

သုံးထပ်ရစ်ဂမုန်းမျိုးကိုလည်း လယ်ဝေးမြို့မှ ဝါသနာရှင်တစ်ဦးက ယူလာပေး၍ စိုက်ပျိုးမျိုးပွားနေခဲ့တာ နှစ်များစွာ ရှိပါပြီ။ မိုးဦးကျမှစ၍ အစိမ်းပုပ်ရောင်





မိုးကျသည်နှင့် ပြန်ထွက်လာသော သုံးထပ်ရစ်ဂမုန်းရွက်များ။

ဆင်သော အရွက်များ စုပုံထွက်လာလေ့ရှိပါ၏။ အရွက်ရိုးတံနီညိုဖျော့ဖျော့နှင့် ပျော့ပျောင်း၏။ အရွက်များလည်း နူးညံ့ပျော့ပျောင်းတာ တွေ့ရ၏။ အရွက်ရိုးတံ ၆-၁၀ ခန့် ရှည်လျားပြီး အရွက်များသည် အဖျားအရင်း နှစ်ဖက်စူ၍ ဝိုင်း သမယောင်ရှိတာ တွေ့ရပါသည်။

သုံးထပ်ရစ်ဂမုန်း အရွက်သည် အစိမ်းပုပ်ရင့်ဘက်များပြီး အရွက်အလယ်ရိုးတံသည် ဖက်ဖူးစိမ်းရောင်ရှိ၏။ ၎င်းအရွက် ရိုးတံတစ်ဖက်စီတွင် ပန်းချီစုတ်ချက် ဆန်သော အဖြူစင်းဖြင့် ရစ်ဖွဲ့ထားသော အရစ်အထပ် သုံးထပ်ပါရှိသည်။ ထိုကဲ့သို့ အဖြူစင်း အဖြူကွက် သုံးခုဖြင့် ထင်ရှားစွာ ရစ်ဖွဲ့ပါ ရှိနေတာကြောင့် ဤဂမုန်းပင်ကို သုံးထပ်ရစ်ဂမုန်း (အဖို) ဟု ခေါ်တာဟု ယူဆမိပါသည်။

ဆရာမော်ထံမှ ထပ်၍ သုံးထပ်ရစ်ဂမုန်း (အမ) မျိုး ရရှိပြီးမှ အထက်ပါ စာရေးသူလက်ဝယ်ရှိ သုံးထပ်ရစ်ဂမုန်းကို အဖိုပင်ဖြစ်ကြောင်း သိရတာ ဖြစ်ပါသည်။ သုံးထပ်ရစ် ဂမုန်းအရွက် ကျောဘက်အရောင်မှာ နီညိုရောင်ရှိ၏။

အရွယ်ရောက်သော သုံးထပ်ရစ်ဂမုန်းပင် (အဖို) များ ဖူးပွင့်လေ့ ရှိ၏။ မရန်းရောင်ပွင့်ဖတ်လေးချဖြင့် ပြန့်ပြန့်ကားကား ပွင့်နေသည့်အခါ ခံစားတတ်သူများ ထိုအပွင့်များ၏ ရသအလှကို မြင်တွေ့နိုင်ပါသည်။

**သုံးထပ်ရစ်ဂမုန်း (အမ) ပင်**

ရစ်စုံမှ ဘဝစုံတယ်ဟုဆိုသော သမားတော်ကြီး ဆရာမော်ထံမှ ရရှိခဲ့သော သုံးထပ်ရစ်ဂမုန်းအပင် (အမ) ကိုလည်း လေ့လာမိသမျှ ဖော်ပြလိုက်ပါ၏။ အပင် ပုံသဏ္ဌာန်အရ စာရေးသူထံ၌ ရှိထားသော သုံးထပ်ရစ် အဖိုနှင့် ဆင်ပါသည်။ သုံးထပ်ရစ်အမပင် အရွက်များက ပို၍ ဝိုင်းပါ၏။ ထို့အပြင် သုံးထပ်ရစ်ဂမုန်း (အမ) ပင်၏ ခိုပြာရောင်အရွက်ပေါ်မှာ အနက်အစင်းများဖြင့် သုံးထပ်ရစ်ဖွဲ့ထားတာ ထူးခြားပါ၏။

သုံးထပ်ရစ်အမပင်၏ အရွက်နောက်ကျောဘက် အရောင်သည် ပုံပါအတိုင်း အနီစက်များဖြင့် သုံးထပ် ဖွဲ့ထားတာလည်း တွေ့ရပါသည်။ သုံးထပ်ရစ်အမပင်များ၏ အပွင့်များသည် အဖိုပင်အပွင့်များနှင့် တူညီကြတာလည်း မြင်တွေ့ရပါ၏။

**ရစ်ဂမုန်းပင်များ၏ သဘာဝ**

ရစ်ဂမုန်းပင်များသည် မိုးကာလမှာသာ အပင်အဖြစ် တည်ရှိလာပမှ အပြည့်မှိုကြတာ တွေ့ရပါ၏။ မိုးရာသီကုန်သည်နှင့် ရစ်ဂမုန်းအရွက်များ တဖြည်းဖြည်း ရင့်ရော်ညှိုးနွမ်းကာ အပင်ချသွားလေ့ အပင်များခြောက်သွားလေ့ ပျောက်သွားလေ့ရှိကြပါ၏။ ရစ်ဂမုန်းပင် အားလုံးလိုလိုပါပဲ ဒီသဘာဝ ရှိကြပါ၏။

နှစ်ထပ်ရစ် ဂမုန်းအပင်ကတော့ အရွက်နိုးတံမာကျောမှု အရွက်များ တင်းတင်းရင်း မာကျောမှု ပိုတာကြောင့် ဆောင်းလယ်လောက်အထိ တောင့်ခံနေလေ့ရှိတာ တွေ့ရပါသည်။ ဒါပေမယ့် ထိုအပင်လည်း နောက်ဆုံးတော့ မလှမပနှင့် အပင်ချသွားပါ၏။

မိုးလေး တစ်ပြိုက်နှစ်ပြိုက်ကျလာသည်နှင့် ရစ်ဂမုန်းအပင်များ ပြန်လည်နိုးထ အရွက်များ စတင်ပြန်လည်ထွက်ပေါ်လာလေ့ရှိကြပါသည်။ တစ်ထပ်ရစ်ဂမုန်းပင်ကတော့ အပွင့်များ ပထမ စတင် ပွင့်လာတတ်ပါသည်။ မိုးဦးကျမှပဲ ရစ်ဂမုန်း၊ အပင်များကို အပင်များ ပွားယူလေ့ရှိပါ၏။ မျိုးပွား ရယူသည့်အခါ ရှင်သန်မှုအားကောင်းတာလည်း တွေ့ရပါသည်။

စာရေးသူအနေဖြင့် ရစ်ဂမုန်းများ စိုက်ပျိုး မျိုးပွားရင်း လေ့လာသိရှိမှု ကိုယ်တိုင်ခံစားတွေ့ရှိရမှုများကို ဖော်ပြရလျှင် စိုက်ပျိုးရေးသမား မျိုးဥယျာဉ်



လုပ်ကိုင်နေသူ ဝါသနာအရ လက်လှမ်းမီရာ ဂမုန်းမျိုးနွယ်များအား စုဆောင်းရှာဖွေ လေ့လာနေသူတစ်ယောက်အဖို့ ဆောင်းပါးအစမှာ ရေးသားဖော်ပြခဲ့သလို စုံအောင် ရရှိပြီးနောက် အားရကျေနပ် ပျော်ရွှင်ကြည်နူး ပီတိဖြစ်ရတာ အမှန်ပါ။ ဒီအကြောင်းကိုပဲ ဂမုန်းဝါသနာတူချင်း ဆုံမိကြသည့်အခါ ပြန်ပြောပြတာ ပြန်ဖောက်သည်ချရတာလည်း အရသာတစ်မျိုး ရရှိခံစားမိပါသည်။ ထို့အပြင် အချင်းချင်း အပြန်အလှန် အတွေ့အကြုံတွေ လေ့လာသိရှိထားတာတွေ ပြောကြ ဆိုကြ ဖလှယ်ကြရတာလည်း ပျော်ရွှင်ဖွယ် အတိပါပဲ။ ဒါကိုပဲ ရစ်စုံမှ ဘဝစုံတယ်လို့ ဆိုလိုတာလား။ ဒီအပြင် ရစ်ဂမုန်းတွေ စိုက်ပျိုးပြုစုရာမှာ ဘာတွေ လိုက်နာဖို့ လုပ်ဆောင်ဖို့ အပါအဝင် သက်ဆိုင်ရာ ဂုဏ်တော်များ ရွတ်ဆိုပွားများ ရတာမျိုးတွေ ရှိသေးလား စသည်ဖြင့်-

ရစ်ဂမုန်းအစုံရရှိ စိုက်ပျိုးနိုင်ပြီးနောက် ဂမုန်းကျွမ်းကျင်သူ အတွေ့အကြုံရင့်ကျက်သူ ပျဉ်းမနားဆရာမော်ထံ တင်ပြဆွေးနွေးခဲ့ရာ ဆရာကြီးက စိတ်ကောင်းစေတနာကောင်း များများထားပြီး ရစ်ဂမုန်းအစုံကို စိုက်ပျိုးမျိုးပွားရင်း 'ရစ်စုံမှ ဘဝစုံတယ်' ဆိုတာကို လက်တွေ့ခံစားကြည့်ပါဟု ဆိုပါကြောင်း။

[ နကွတ္တရောင်ခြည်၊ ၂၊ ၂၀၀၉ ]

❖ ❖ ❖

**သွေးတိုးရောဂါ ဝေဒနာအတွက် ဆေးနည်းကောင်း**

စာရေးသူ၏ မျိုးဥယျာဉ်ခြံသို့ ပျားမြီးရွက်ပျိုးပင်များ လာတောင်းရင်း ရန်ကုန်၊ သယ်န်းကျွန်းမြို့နယ်၊ စံပြလမ်း ၄/က ရပ်ကွက်နေ ဦးတင်လှမှ သူ့ဇနီးတွင် ဖြစ်ပွားခဲ့သော နှိုကင်ဆာကို တိုင်းရင်းဆေး၊ ထိုးဆေးဖြင့် ကုသခံယူခဲ့ပုံ စသည့် ထူးခြားလှသော ဖြစ်စဉ်တို့ကို ပြောပြလာပါသည်။ သို့သော်လည်း နောက်ဆုံးတွင် သူ့ဇနီး၏ လည်ပင်း၌ ထပ်၍ ထပ်၍ ဖြစ်ပေါ်လာသော ကင်ဆာ အကျိတ်များကိုတော့ ပိစပ်ရွက် အရည်ညှစ် တိုက်ကျွေး ကုသ ပျောက်ကင်းသွားပုံ သူကိုယ်တွေ့ ဖြစ်စဉ်ကိုလည်း ပြောပြအသိပေးပါ၏။

ဦးတင်လှ၏ ကိုယ်တွေ့ဖြစ်စဉ်တို့ကို စာရေးသူမှ 'ကင်ဆာရောဂါကို လက်တွေ့ သက်သာပျောက်ကင်းစေသော ပိစပ်ရွက်အစွမ်း'ဟု ရေးသား၍ သုတရွှေမင်္ဂလာရင်းမှတစ်ဆင့် စာဖတ်သူများသို့ အသိပေးထားပါ၏။

ထို့အပြင် ဦးတင်လှမှ ဆက်လက်၍ အစွမ်းထက် တိုင်းရင်းဆေး၊ ပရဆေးနှင့် မြစ်ချင်းပြီး ဆေးနည်းကောင်းတွေကို အထူးစိတ်ဝင်စား လိုက်စားမိခဲ့ရာက တိုင်းရင်းဆေးဆရာ တစ်ဦး၏ ပွဲတွေ့ သွေးတိုးရောဂါပျောက်ဆေးကို ဝယ်ယူ၍ လိုအပ်သူများအား မျှဝေကုသိုလ်ပြုနေခဲ့ရာ လက်တွေ့ပျောက်ကင်း သက်သာသွားကြတာကို တွေ့ရ၍ ဝမ်းမြောက် ပီတိ ဖြစ်နေခဲ့ကြောင်း။ သို့သော်လည်း အချိန်ကျလာသည်နှင့် ကုန်ကျစရိတ်သာမက၊ ခက်ခဲကြန့်ကြာမှုများကြောင့် ကိုယ်တိုင်ဖော်စပ် အသုံးပြုမှုဝေလိုသော ဆန္ဒများပေါ်လာခဲ့ကြောင်း သိရပါ၏။



ထိုဆန္ဒ၏ တွန်းအားကြောင့် အထက်က တိုင်းရင်းဆေးဆရာထံ ချဉ်းကပ်၍ ဆေးနည်းရယူလိုကြောင်းနှင့် သူ့ရည်ရွယ်ရင်းဆန္ဒကို အသိပေး တောင်းခံမိခဲ့သည်ဟု ဆိုလေသည်။ ထိုအခါ ထိုဆရာကလည်း ဦးတင်လှ၏ဆန္ဒကို လိုက်လျောကူညီသောအားဖြင့် ဆေးတွင် ပါဝင်သော ဆေးပစ္စည်းများနှင့် ၎င်းကို လက်တွေ့ဖော်စပ် အသုံးပြုနည်းကိုပါ ပြောပြ အသိပေးလိုက်သည်ဟု သိရ။ ဒါကို ကြားရတော့ စေတနာ၊ သဒ္ဓါတရား အပြည့်ထား ကူညီမှုပြုပေးခဲ့သော ၎င်းတိုင်းရင်း ဆေးဆရာကို မတွေ့ဖူး မမြင်ဖူးပေမယ့် စာရေးသူမှ သာဓု အနုမောဒနာ ခေါ်မိတာ အမှန်ပါ။

တကယ်တော့ လူသား အများအပြား သွေးတိုးရောဂါ ဝေဒနာကြောင့် ယခုအခါ ဆင်းရဲဒုက္ခများနှင့် ရင်ဆိုင်ခံစားနေကြရသလို ထိုအထဲမှ အချို့ ရှတ်တရက် သေဆုံး၊ အချို့ လေဖြတ်ခံရသည်အထိ ရှိနေကြတာတွေ့ရပေသည်။ သွေးတိုးရောဂါရှိနေသူ ခံစားနေရသူများသည်လည်း လက်လှမ်းမီသမျှ ခေတ်မီဆေး တိုင်းရင်းဆေးနှင့် ပရဆေးများကို မှီဝဲသုံးစွဲ ကုသမှုခံယူနေကြရ၏။ သို့သော်လည်း အချိန်ကြာလာသည်နှင့် အစားအသောက် သတိထား ဆင်ခြင်နေထိုင်မှုပြုကြရသလို အချို့အတွက်ကျတော့လည်း ခေတ်မီဆေးဝါးများ ဝယ်ယူအသုံးပြုရသောကြောင့် တန်ဖိုးကုန်ကျစရိတ် မြင့်တက်လာသောကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်လာရသလို ဘေးထွက်ဆိုးကျိုးများကြောင့်လည်း နောက်ဆက်တွဲ အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပြန်ပေသည်။

အချို့သော သွေးတိုးရောဂါဝေဒနာရှင်များသည် တိုင်းရင်းဆေးများ မှီဝဲစားသုံး၍ အဆင်ပြေမှုရကြသလို၊ အချို့ကြတော့ ရေရှည်တွင် အကြောင်းအမျိုးမျိုးကြောင့် အဆင်မပြေ အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့ကြရတာမျိုးလည်း ရှိနေကြောင်း လေ့လာသိရှိရပြန်၏။

တိုင်းရင်းဆေးများတွင် သွေးတိုးရောဂါ ပျောက်ကင်း သက်သာစေသော ဆေးအမျိုးပေါင်း များစွာ ရှိနေ၏။ ၎င်းဆေးများအား ရောင်းချပေးနေသော တိုင်းရင်းဆေးဆိုင်များ၌ လိုအပ်သမျှ အသင့် ဝယ်ယူရရှိနိုင်လေသည်။

ထို့အပြင် သွေးတိုးရောဂါကို ပျောက်ကင်းသက်သာစေသော မြစ်ချင်းပြီး ဆေးနည်း၊ ဘယဆေးရွက် ဆေးဥနှင့် ဆေးမြစ်၊ ဆေးခေါက် စသည်တို့လည်း ရှိနေပြန်၏။ ထိုကဲ့သို့သော ပရဆေးများကို ရှာဖွေစုဆောင်း၍ တစ်မျိုး၊ အချို့ကတော့ ကိုယ်တိုင် စိုက်ပျိုးထားပြီး မှီဝဲစားသုံးနေကြတာလည်း တွေ့ရ၏။ ထူးခြား

တာက သွေးတိုးရောဂါကို ပျောက်ကင်းသက်သာစေနိုင်သော ပရဆေးမျိုးကွဲ များစွာရှိနေတာလည်း အမှန်ပင်။

ယေဘုယျအားဖြင့် သွေးတိုးကျ၍ သွေးတိုးရောဂါ ပျောက်ကင်းသက်သာ စေသော ပရဆေးများ၏ အရသာသည် 'ခါး' ကြ၏။ ရောဂါဝေဒနာကြောင့် ထို ခါးသောအရသာရှိသည့် ဆေး၊ ဆေးရွက်များကို ရေရှည်မှီဝဲစားသုံးမှုပြုကြရာ တွင် ရေရှည်မှာ လက်တွန့်ရုံမက ဆေးစားဖို့ပင် ကြောက်စိတ် ဝင်လာတာမျိုး လည်း တွေ့ရ၏။ ရောဂါရှိသူများတွင် သွေးသားတည်ဆောက်ပုံ ဆေးတိုးပုံနှင့် ဆေးခံနိုင်ရည်အားရှိပုံ တစ်ဦးနှင့် တစ်ဦး အနည်းနှင့်အများ ကွဲပြားမှုရှိတတ်၏။ ထို့ကြောင့် ဆေးတစ်မျိုးသည် တစ်ဦးအတွက် အဆင်ပြေသော်လည်း နောက် တစ်ဦးအတွက် အဆင်မပြေတတ်ပေ။ 'တစ်ယောက်တွက် ဆေး၊ တစ်ယောက် အတွက် ဘေး' ဟုလည်း အဆိုအမိန့် ရှိနေပေသည်။

အချို့သောဆေးဝါးမျိုးကို သွေးတိုးရောဂါအတွက် မှီဝဲစားသုံးကြရာတွင် ဆောင်ရန် ရှောင်ရန် အထူးသတိပြုရန် အချက်များရှိပြန်၏။ နေမှုထိုင်မှုမှသည် သွားလာလှုပ်ရှား အစားအသောက်များအထိ ပါလေသည်။ ရောဂါဝေဒနာအတွက် အချို့သော ဆေးဝါးများကို မှီဝဲစားသုံးကြရာတွင် အချို့ဆေးများမှ ဆေးအာနိသင် အကျိုး အမြန်ခံစားကြရသလို အချို့ဆေးဝါးများကတော့ တုံ့ပြန်ရရှိမှု ကြာတတ် ပေ၏။

ဦးတင်လှပြောပြသော သူ့ ပွဲတွေ့ သွေးတိုးရောဂါဝေဒနာအတွက် ဆေး ကတော့ ဖော်စပ်၍ လိုအပ်သော ပစ္စည်းများ ရှာရာတွင်လည်း အလွန် လွယ်ကူ တာကို တွေ့ရ၏။ ထို့အပြင် ဆေးကို မှီဝဲစားသုံးရာတွင်လည်း လူတိုင်းအတွက် အဆင်ပြေနိုင်သော အရသာရှိသည့်အပြင် စားသုံးရသည့် အကြိမ်ရေ နည်းသလို တိုတောင်းသော အချိန်အတွင်း ဆေးအာနိသင် အကျိုးသက်ရောက်မှု မြန်ဆန် ထိရောက်တာကိုလည်း တွေ့ရပေသည်။

အထူးခြားဆုံးကတော့ ဆေးကို မှီဝဲစားသုံးနေစဉ် ကာလအတွင်းမှာပင် အစားအသောက်ကို အသင့်အတင့် ဆင်ခြင် ရှောင်ရုံနှင့် သွေးတိုးရောဂါ တက်ခြင်းမရှိဟု သိရခြင်းပါ။

ထိုသို့သော ပွဲတွေ့ လက်တွေ့ သွေးတိုးရောဂါအတွက် ဆေးနည်းကောင်း တစ်လက်ကို ဦးတင်လှထံမှ နိုင်ငံမှာကြားသိပြီးနောက် စာရေးသူ ကိုယ်တိုင်



လည်း ဖော်စပ်၍ အလိုရှိသူများအား မျှဝေနိုင်ရန် ရည်ရွယ်ထားသလို သူရဿ မဂ္ဂဇင်း စာဖတ်ပရိသတ်အတွက်လည်း သိရှိစေရန်နှင့် လိုအပ်၍ ဆန္ဒရှိသူများ ဖော်စပ် အသုံးပြုနိုင်ကြရန်အတွက် ရေးသား ဖော်ပြလိုက်ရပေသည်။

ဦးတင်လှသည် နေပြည်တော် ပျဉ်းမနားသို့ ၎င်း၏ သားကြီးရှိရာ စစ်ရုံးချုပ် သို့ လာရောက်စဉ် စာရေးသူ၏ သူရဿ မဂ္ဂဇင်းပါ ဆီးချိုသွေးချို ရောဂါဝေဒနာ နှင့် ပျားမြီးရွက်အကြောင်း ဆောင်းပါးများ ဖတ်ပြီးနောက် ပျဉ်းမနား အောင်မင်္ဂလာ ရပ်ကွက်ရှိ စာရေးသူ၏ မိုးဥယျာဉ်သို့ ဆန္ဒပြင်းပြစွာနှင့် စိတ်ရောကိုယ်ပါ ရောက်လာကြတာပါ။ ရောက်လာသည်နှင့် စာရေးသူအား သူ၏ ကိုယ်တွေ့ ပွဲတွေ့ လက်တွေ့ ဆေးနည်းကောင်းနှစ်ခုဖြစ်သော ကင်ဆာရောဂါကို သက်သာ ပျောက်ကင်းစေသည့် ပိစပ်ရွက်ဆေးစွမ်းအပြင် သူ့လက်ရေးဖြင့် ယခု သွေးတိုး ရောဂါအတွက် ဆေးနည်းကောင်းကိုလည်း ပေးသွားတာပါ။

## သွေးတိုးရောဂါဝေဒနာအတွက်<br>လက်တွေ့ဆေးဖော်စပ် ပြုလုပ်နည်း

ပျားရည်တစ်ပုလင်းကို ဝက်အိုးတစ်အိုးထဲသို့ လောင်းထည့်ပါ။ ပျားရည် စစ်လျှင် ပို၍ အာနိသင်ထက်သည်ဟု သိရ၏။ ပျားရည်တစ်ပုလင်းဆိုရာမှာ ဘာလီပုလင်း သို့မဟုတ် ရေသန့်ဘူးမျိုး ဖြစ်၏။

၎င်းပျားရည်ထဲသို့ မြန်မာ သံပရာသီး ၁၀ လုံးကို အရည်ညှစ်ခွက်ကို အသုံးပြု၍ အရည်ညှစ်ထည့်ပါက ပို၍ အဆင်ပြေကောင်းမွန်၏။ အရည်ညှစ် ခွက်ကို အသုံးပြုပါက သံပရာစေ့များကို ကြိုတင်ဖယ်ရှားနိုင်ခဲ့၏။

ပျားရည်နှင့် သံပရာအရည်ရောထဲသို့ ရေ ရေသန့်ဘူး လေးပုံ တစ်ပုံကို ထပ်မံလောင်းထည့်ပါ။ ၎င်းပစ္စည်း သုံးမျိုးကို သမရောနှော့သွားအောင် မွှေပေးပါ။ မွှေရာတွင် သစ်သား သို့မဟုတ် ဝက်းဇွန်းကို အသုံးပြုသင့်၏။

### အပူပေး ကျိုချက်ခြင်း

အထက်ပါဆေးရောကို မီးဖိုအေးအေးအပေါ် တင်၍ ကျိုပါ။ မီးပြင်း သို့မဟုတ် အပူချိန်များပါက ဆေးရည် ဝေကျနိုင်ခြင်းအပြင် အဆင်မပြေမှုများ ရှိနိုင်၏။ ဆေးကျိုနေစဉ် ဆေးရည်ကို မပြတ် မွှေပေးနေရသလို လူအနားမှ မခွာဘဲ ဝေမကျအောင် အထူး ဂရုစိုက်သင့်၏။ ဆေးရည်ကို မပြတ် မွှေနေခြင်းဖြင့်



ဝေကျခြင်းကို ဟန့်တားနိုင်သလို ဝေလာပါက လိုအပ်သလို လုပ်ကိုင်ဆောင်ရွက် နိုင်၏။

ဆေးရောကို မပြတ် မွှေပေး၍ နောက်ဆုံး 'ကြွက်မြီးတန်း' သို့မဟုတ် ညောင်စေးကျလာပါက ဆေးအိုးကို မီးဖိုပေါ်မှချ၍ အအေးခံပါ။ အအေးခံစဉ် ဖြည်းဖြည်းချင်း မွှေပေးနေပါကလည်း ပို၍ အအေးမြန်နိုင်သလို ပို၍ ကောင်း၏။

## သွေးတိုးရောဂါဝေဒနာရှင်များ ဆေးမှီဝဲစားသုံးနည်း

အထက်ပါ သွေးတိုးရောဂါပျောက်ဆေးကို အသင့်အတင့်ရှိသော ပုံမှန် အရွယ်အစားရှိသော ဘူးထဲ ထည့်၍ နံနက်တစ်ကြိမ် ညတစ်ကြိမ် လက်ဖက် စားဇွန်း တစ်ဇွန်း စားသုံးရုံနှင့် သွေးတိုးရောဂါ သက်သာ ပျောက်ကင်းကြောင်း အသိပေးအပ်ပါ၏။

❖ ❖ ❖

# ကင်ဆာရောဂါများစွာကို သက်သာပျောက်ကင်းစေသော ကမ်းဇော်ဆီ ဆေးအစွမ်း

၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ တတိယပတ် ရက်တစ်ရက်မှာ စာရေးသူ၏ ခြံထဲသို့ ပုဂ္ဂိုလ်တစ်ဦး ဝင်လာ၏။ ပျားမြီးရွက်ပျိုးပင်များ တောင်းခံရန် လာခဲ့သူဖြစ်ကြောင်း ၎င်း၏ အပြောအရ သိရပေသည်။ နေပြည်တော်သို့ အလုပ်ကိစ္စဖြင့်လာစဉ် အချိန်ယူလာခဲ့ကြောင်းနှင့် စာရေးသူ၏ သူရဿမဂ္ဂဇင်းမှာ ပျားမြီးရွက်ဆောင်းပါး များကို ဖတ်ပြီးနောက် အလွန်စိတ်ဝင်စားနေတာဟု ဆိုလေသည်။ အချို့သော တိုင်းရင်းဆေး၊ ပရဆေးများသည် အလွန်ဆေးစွမ်းထက်ရုံမက အသက်သေစေ နိုင်လောက်သည့် ရောဂါဝေဒနာများကိုပင် သက်သာ ပျောက်ကင်းစေနိုင် ကြောင်း သူ့ဘဝ အတွေ့အကြုံတစ်ခုကိုလည်း ပြောပြအသိပေး၏။

ထိုပုဂ္ဂိုလ်က သူသည် ၂၀၀၂ ခုနှစ် စပိုင်းလောက်မှာ ရောဂါဝေဒနာ ခံစားလာရသောကြောင့် ဆေးစစ်ခံရာမှာ အူလမ်းကြောင်း ကင်ဆာရောဂါ ကြောင့် ရန်ကုန်ဆေးရုံကြီးမှာ တက်ရောက် ဆေးကုသခံခဲ့ရသည်မှ အစချီခါ နောက်ဆုံး ဆေးရုံက လက်လျှော့လိုက်၍ အိမ်သို့ပြန်ခေါ် လာရာက တနင်္သာရီ တိုင်းမှ ထွက်ရှိသော ကမ်းဇော်ဆီ တိုင်းရင်းဆေးရည် မှီဝဲ စားသုံးမိရာမှ သေလုမြောပါး ခံစားနေရသော ကြောက်စရာ အူလမ်းကြောင်း ကင်ဆာရောဂါ သက်သာ ပျောက်ကင်း သွားကြောင်း သူ့ဘဝကိုယ်တွေ့ သူ့ဘဝဖြစ်စဉ်ကို အားပါးတရ ပြောပြလေ၏။

ထို့အပြင် ထိုပုဂ္ဂိုလ်က သူ့ဘဝဖြစ်စဉ်ကို လွန်ခဲ့သော ခြောက်နှစ်ခန့်က နာမည်ကြီး စာရေးဆရာတစ်ဦး မဂ္ဂဇင်းတစ်အုပ်တွင် အခြားသူတစ်ဦးမှ တစ်ဆင့် ကြား ပြန်ပြောပြချက်အားမှီး၍ ဆောင်းပါးရေး ဖော်ပြမှုကြောင်း၊ သူကိုယ်တိုင်

ယခုအခါ ကင်ဆာရောဂါဖြစ်လျှင် ဓာတုကုထုံးအားဖြင့် အသက်အန္တရာယ်နှင့် အနေးအမြန်ဆုံတွေ့ရတော့မည်ဟု ယူဆသတ်မှတ်နေကြသလို ကင်ဆာရောဂါဝေဒနာဖြစ်ပွား ခံစားနေကြရသူများ အထူးများပြားလာနေပြီး ဒီလိုရောဂါကြောင့် လူမှုဒုက္ခများစွာနှင့် ရင်ဆိုင်ကြုံနေရသလို စီးပွားပျက် အသက် သေဆုံးကြရသည်အထိ ရှိနေကြောင်း ဆွေးနွေးရာ ဦးလှထွန်းက သူကိုယ်တိုင် ကင်ဆာရောဂါ ပျောက်ကင်းသက်သာသွားပြီးနောက် ဆေးစွမ်းထက်လှသော ကမ်းစော်ဆီဖြင့် ၁။ နို့ကင်ဆာ ၂။ ပါးစပ်ကင်ဆာ ၃။ သွေးကင်ဆာ ၄။ အူကင်ဆာ ၅။ အစာအိမ်ကင်ဆာ ၆။ သားအိမ်ကင်ဆာ ၇။ အဆုတ်ကင်ဆာနှင့် ၈။ အရိုးကင်ဆာ ဖြစ်ပွားခဲ့သူပေါင်း ၈၀ ကျော်ကို ကမ်းစော်ဆီဖြင့် ကုသ ပျောက်ကင်းခဲ့ပြီး ဖြစ်ကြောင်း သူကိုယ်တွေ့ ပွဲတွေ့ ဆေးအဖြစ် ရှင်းပြလေသည်။

စာရေးသူမှ ရန်ကုန်ရှိ ယောက်ဖတော်သူ ပုလဲနှင့် ငါးလုပ်ငန်းမှ ဆက်သွယ်ရေး (LO) ဖြစ်သူ ဦးကိုဝေးထံတွင်လည်း ကမ်းစော်ဆီရှိကြောင်း သူ ပင်လယ်ပြင်မှာ တာဝန်ထမ်းဆောင်ခဲ့စဉ် တနင်္သာရီမှ ဝယ်ယူခဲ့ကြောင်းနှင့် သူ့မိသားစုအတွက် သွားကိုက်ရောဂါနှင့် လေပူနာ ထသည့်အခါ ကိုက်ခဲ ညောင်းညာသည့်အခါ လိမ်းဆေးအဖြစ် အသုံးပြုနေတာဟု သိရကြောင်း ပြောပြရာ ဦးလှထွန်းက ကမ်းစော်ဆီသည် အခြားရောဂါဝေဒနာ အချို့အတွက်လည်း ဆေးဖက်ဝင် အသုံးတည့်မှုတွေ ရှိသည်ဟု ဆိုပါ၏။

ဤနည်းအားဖြင့် ပဲခူးမြို့မှ ဦးလှထွန်းကိုယ်တိုင် ပြင်းပြင်းထန်ထန် ဝေဒနာခံစားခဲ့ရသည့် ကင်ဆာရောဂါကြောင့် အသက်ဘေးက လွတ်ကင်းစေခဲ့သော သူ၏ ပွဲတွေ့ကိုယ်တွေ့ ကမ်းစော်ဆီဆေးအစွမ်းကို စာရေးသူမှတစ်ဆင့် သူ၏ ခွင့်ပြုချက်ဖြင့် သုရဿမဂ္ဂဇင်း စာဖတ်ပရိသတ်သို့ ဆောင်းပါးရေး၍ ဖော်ပြ အသိပေးလိုက်ရပါကြောင်း။

[ သုရဿမဂ္ဂဇင်း ၃။ ၂၀၀၉ ]

❖ ❖ ❖





## အတွင်းလိပ်ရောဂါဝေဒနာကို သက်သာပျောက်ကင်းစေသော ကြောင်ပန်းရွက်ဆေးအစွမ်း

၁၃၊ ၃၊ ၀၉ ရက်နေ့တွင် ဆိုင်ကယ်တစ်စီးဖြင့် ပုဂ္ဂိုလ်နှစ်ဦး ခြံထဲသို့ ဝင်လာလေသည်။ ထိုပုဂ္ဂိုလ်က 'ဆရာကြီး၊ ကျွန်တော့်ကို မှတ်မိမှာပါ၊ အရင်တစ်ခါ လာဖူးပါသေးတယ်၊ ဒီတစ်ခေါက်လာတာက ရပ်ကွက်က မိတ်ဆွေက ဆရာကြီး ရေးသားခဲ့တဲ့ ဆောင်းပါးဖတ်ပြီး ဆရာကြီး မှာဝေနေတဲ့ မဟာဂါကြိဆစ်ဆေးပင် မှာလိုက်လို့ပါ' ဟု ဝင်လာရင်း ဆိုပါ၏။

ဟုတ်ပါတယ်။ ဟိုတစ်ခါ လာစဉ်ကလည်း ထိုပုဂ္ဂိုလ်နှင့် စကားလက်ဆုံကျဖူးပါသည်။ ယခုတစ်ကြိမ်လည်း နားခိုတဲမှာ ထိုင်မိကြစဉ် ကျွန်တော်က-

'ဆရာလေးရေ ပျားမြီးရှက်အပင်တလွဲရင် အခြားဆေးပင် စိုက်ပျိုးမျိုးပွားမှု မလုပ်နိုင်တာကြောင့် မဟာဂါကြိဆစ်အပင် အခု မမျှနိုင်သေးပါဘူး၊ ဇနီးသည်နှလုံးရောဂါ အခြေအနေဆိုးဖြစ်လာတော့ လနှင့်ချီ ပြုစုနေရတာရယ်၊ ဆေးရုံတက် ကုသခံခဲ့ရတာရယ် နောက်ဆုံး ဆုံးပါးသွားလို့ ရာဇနကိစ္စတွေ လုံးပန်းနေရလို့ပါ၊ မိုးဦးကျလောက်ဆို အပင်တွေ ရနိုင်ပါတယ်' ဟု ပြောပြမိပါသည်။



ထိုအခါ ထိုပုဂ္ဂိုလ်က 'ဟုတ်လား ဆရာကြီး၊ အရင်တစ်ခါလာတုန်းက ဆရာမကြီးနဲ့ တွေ့ပြီး စကားပြောခဲ့ရပါသေးတယ်၊ ဆရာမကြီးပေးလိုက်တဲ့ ပျားမြီးရှက်မျိုးပင်တွေ ရပ်ကွက်မှာ စိုက်ထားတာ အောင်မြင်နေပါပြီ၊ စိတ်မကောင်းပါဘူး' ဟု ဆိုပါ၏။

ကျွန်တော်က 'ဟုတ်ပါတယ်၊ ကျွန်တော်တို့ မျိုးပွား စိုက်ပျိုးထားတဲ့ ဆေးဖက်ဝင် မျိုးပင်တွေကို ကျွန်တော့်ဇနီးက အများဆုံး လာသမျှလူတွေကို ဒိုင်ခံ ရှင်းပြ အပင် မျှဝေ ကုသိုလ်ပြုနေတာ နှစ်များစွာ ကတည်းကပါ၊ ကျွန်တော် အလွန်အားကိုးရတဲ့ ကိုယ်ပွားပေါ့၊ ယခုတော့ ၁၄၊ ၂ ၀၉ ရက် စနေနေ့ နံနက်က ဆုံးသွားခဲ့ပါပြီ၊ မနက်ဖြန်ဆို တစ်လပြည့်ပြီပေါ့'

'ကျွန်တော့်ဇနီးရဲ့ နှလုံးရောဂါကို ၁၉၇၆ ခုနှစ် ပြည်ဂုတ်လမှာ ဖွဲ့စိတ်ကုသခံခဲ့တာပါ၊ အဲဒီ အချိန်ကတည်းက သူကိုယ်တိုင် အသက်ဆက်ရှင်သန်လိုတဲ့ ပြင်းပြတဲ့ဆန္ဒ စိတ်ဓာတ် အားမာန်နဲ့ ကျွန်တော့်ရဲ့အနီးကပ် ပြုစုစောင့်ရှောက်မှု ပေါင်းစပ်ပြီး ကြောက်စရာကောင်းလှတဲ့ နှလုံးရောဂါ သေမင်းနဲ့ အကြိမ်ကြိမ် ရင်ဆိုင် တိုက်ပွဲဝင်နိုင်ခဲ့ ကျော်လွှားခဲ့ပေမယ့် အခု အကြိမ် ၃၂ ကျော်အကြာမှာ ပြန်ဖြစ်လာတဲ့ နှလုံးရောဂါ သေမင်းနဲ့ ရင်ဆိုင်တိုက်ပွဲဝင်ခဲ့ရာမှာတော့ ကျရှုံးပြီး အသက်ပါ ဆုံးသွားရတာပါ' ဟု ရှင်းပြမိပါ၏။

'အခုတော့ ကျွန်တော့်ရဲ့ ညာလက်ရုံး ပြုတ်သွားခဲ့ပါပြီ၊ ဒါပေမယ့် ကျွန်တော်နဲ့ ကျန်ရစ်သူမိသားစု ရှင်သန်ရေးနဲ့ ဘဝအတွက် ဆက်လက် ရုန်းကန်လှုပ်ရှားနိုင်ဖို့ သားသမီး မြေးမြစ်တွေ စုစည်းတည်ဆောက် လုပ်ကိုင်နေပါပြီ။


ပြီးတော့ ကျွန်တော်ကိုယ်တိုင် နှလုံးရောဂါဝေဒနာသည် ဇနီးကို ပြုစုစောင့်ရှောက်ခဲ့တဲ့ ဘဝအတွေ့အကြုံ ခံစားချက်တွေကို အခြေခံပြီး လွန်ခဲ့သော ၁၉၇၆ ခုနှစ် ပြည်ဂုတ်လက နှလုံးခွဲစိတ်ကုသခံခဲ့ရစဉ်ကနဲ့ အခု ၂၀၀၉ ခုနှစ် ခေတ်မီနည်းပညာတွေနှင့် နှလုံးရောဂါဝေဒနာကုသပုံတွေကို နှိုင်းယှဉ်၍ တာဝန်ရှိ ဆရာဝန်၊ ဆရာမများက နှလုံးရောဂါ ဝေဒနာသည်များကို စေတနာ၊ မေတ္တာ သစ္စာတရား အပြည့်ဖြင့် သုတေသတ်ကျွမ်းထားသော အသိနှင့်ယှဉ်သည့် အတတ်ပညာ နည်းပညာ ပဟာဖျူဟာများ အသုံးပြုကုသပုံတို့ကို စုပေါင်းကာ 'နှလုံးရောဂါ သေမင်းနှင့် စစ်ခင်းနေသူများ' ခေါင်းစဉ်နဲ့ ရေးသားဖို့ ကြိုးစားနေပါတယ်' ဟုလည်း အသိပေးမိပါသည်။



ထိုကဲ့သို့ စကားပြောဆိုကြရင်း ရှမ်းပြည်နယ် ရပ်ကွက်မြို့က လာသော ဦးကြည်ထွန်း တောင်သူကြီးက ခုနှင့် ရောဂါဝေဒနာကြောင့် ဆက်လက် ပြောဆိုရာမှ သူကိုယ်တွေ့ သူကိုယ်တိုင်ခံစားခဲ့ရသော အတွင်းလိပ် ရောဂါဝေဒနာကို မခွဲမစိတ်ရဘဲ ဆရာဘုန်းတော်ကြီးပေးသော ဆေးနည်း၊ ကြောင်ပန်းရွက် အညွန့်တစ်နေ့ တစ်ညွှန့် သုံးရက် စားရုံနှင့် ရောဂါဝေဒနာ သက်သာ ပျောက်ကင်းသွားပုံကို ပြောပြ အသိပေးလာပါ၏။ ဦးကြည်ထွန်း ပြောပြချက်များသည် အများ သိသင့်သလို လိုအပ်ပါက ဆန္ဒရှိသူများအတွက် အကျိုးများနိုင်သည်ဟု ယူဆမိပါတယ်။

ဒါကြောင့် ဦးကြည်ထွန်း၏ သဘောတူခွင့်ပြုချက်ဖြင့် ကျွန်တော်ကတစ်ဆင့် သုရဿမဂ္ဂဇင်း စာဖတ်ပရိသတ်အတွက် 'အတွင်းလိပ်ရောဂါဝေဒနာကို ပျောက်ကင်းသက်သာစေသော ကြောင်ပန်းရွက်ဆေးအစွမ်း' ခေါင်းစဉ်ဖြင့် လိုအပ်နေသူများနှင့် ဆန္ဒရှိသူများ အသုံးပြုဆောင်ရွက်နိုင်ရန် ရေးသား ဖော်ပြလိုက်ပါ၏။

ဦးကြည်ထွန်း ကိုယ်တိုင် သူ့အဖြစ်အပျက်ကို ပြန်ပြောပြတာက သူ၏ စအိုအတွင်းမှာ နာကျင် ကိုက်ခဲ လာပြီးနောက် သွေးများပါ ယိုစီး လာသောကြောင့် ဆေးရုံမှ ကျွမ်းကျင်သော သမားတော်များနှင့် ပြသ ကုသမှု ခံခဲ့ကြောင်း၊ ဦးကြည်ထွန်း ပြန်ပြောပြတာက အစမှာ နာကျင်ရုံသာရှိပြီး နှစ်နှစ်ကျော်လာတော့မှ အထက်က ဖော်ပြခဲ့သလို မခံမရပ်နိုင်လောက်အောင် နာကျင်ကိုက်ခဲ သွေးယိုစီးကျလာသဖြင့် ဆရာဝန် ပြသတော့မှ အတွင်းလိပ်ရောဂါ ဝေဒနာ ဖြစ်ကြောင်း သိရတာဟု ဆိုပါသည်။



ကြောင်ပန်းပင်ကိုင်း၊ အရွက်ရွက်ပုံ။



ဆေးဖက်ဝင် အကျော်ပင်နှင့် ဆေးအစွမ်း

စာရေးသူသည် ပို့ဆောင်ရေးလုပ်ငန်းဖြင့် အသက်မွေးခဲ့သူပါ။ မိသားစုလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်လာတာ ဆယ်စုနှစ်များစွာ ရှိခဲ့ပါပြီ။ မိသားစု အသက်မွေးလုပ်ငန်းအဖြစ် စာရေးသူနှင့် သားသမီးမြေးမြစ်များ ပိုင်းဝန်း၍ သီးပင်၊ စားပင် အလှဆင်ပင်နှင့် အလှပန်းပင်များကို လက်လှမ်းမီသမျှ ဝယ်ယူစုဆောင်း စိုက်ပျိုး၍ မျိုးပွား ထုတ်လုပ်နေခဲ့တာပါ။ ပုံမှန် လုပ်သားများမထားဘဲ ကိုယ်တိုင် ဦးဆောင်လုပ်ကိုင်ပြီး သားသမီးတွေကိုလည်း ဝိုင်းဝန်း လုပ်ကိုင်စေခြင်းဖြင့် လက်တွေ့ လုပ်ငန်း အတွေ့အကြုံနှင့် ကျွမ်းကျင်မှုလုပ်ငန်း ဗဟုသုတ သဘောသဘာဝများကို သားသမီးများကို အမွေဆက်အဖြစ် ရရှိစေနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နေရာတွင် မိသားစု ဝင်ငွေရရှိရေးကိုသာ တစ်ခုတည်း ဦးတည်လုပ်ကိုင်ခြင်းမျိုး မဟုတ်ဘဲ စိုက်ပျိုးမျိုးပွား၍ လွယ်ကူပြီး ဆေးစွမ်းထက်လှသော လက်လှမ်းမီသမျှ ဆေးဖက်ဝင် အပင်မျိုးများကို ရှာဖွေစုဆောင်း၍ ဆက်လက် စိုက်ပျိုးမျိုးပွားကာ ဆန္ဒရှိသော လိုအပ်နေသူများကို အခမဲ့မှစ၍ ကုသိုလ်ပြုနေတာလည်း ကြာပါပြီ။



ဆေးစွမ်းထက်လှသော ဆေးဖက်ဝင်အပင်များတွင် အဓိကအားဖြင့် ပွဲတွေပြီး ဖြစ်ချင်းပြီး ပရဆေးပင်များကို စိုက်ပျိုးမျိုးပွား မျှဝေနေပါ၏။ လက်ရှိ စိုက်ပျိုးမျိုးပွားထုတ်လုပ်ကာ မျှဝေကုသိုလ်ပြုနေသော ဆေးပင်များမှာ ဆီးချို သွေးချိုရောဂါဝေဒနာအတွက် ပျားမြီးရွက်အပင်၊ အသည်းရောင် ရောဂါ ဝေဒနာအတွက် အကြောပေါ်ဗင်းတစ်ထောင်ခေါ် သားကြောပင်၊ အဆိပ်တစ်ရာ မြွေဆေးပင် သို့မဟုတ် အဆိပ်ပြေပင်၊ ကင်ဆာရောဂါဝေဒနာ (အသည်း) ကို ပျောက်ကင်း သက်သာစေသော ဂွာသာရမ္မလီနှင့် ရောဂါဝေဒနာများစွာကို သက်သာ ပျောက်ကင်းစေနိုင်သော ဆေးစွမ်း ထက်လှသည့် မဟာဂါကြီးဆစ်အပင်တို့ ဖြစ်ပေသည်။

အထက်ပါ ဆေးပင်များ လိုအပ်၍ ရယူသွားကြသူများထံမှ ၎င်းတို့ အသုံးပြု၍ လက်တွေ့အသုံးတည့်မှုအဖြစ် ဆေးစွမ်းထက်ပုံ ရောဂါဝေဒနာများ ပျောက်ကင်း သက်သာပုံတို့ကို ခိုင်လုံစွာ ပြန်လည်ကြားသိ၊ တွေ့ရှိရပါက စာရေးသူမှတစ်ဆင့် စာဖတ်သူများထံသို့ သူရဲ့ရှာဖွေတွေ့ကြုံမှု ဆောင်းပါးရေး၍ အကြိုး ပေးပြနေပါသည်။

**ဆေးဖက်ဝင် အကျော်ပင်**

ယခုအခါ ဆက်လက်၍ စာရေးသူသည် အခြားသော ဆေးဖက်ဝင်မြစ်ချင်းပြီး အယဆေးပင်များကိုလည်း လက်လှမ်းမီသမျှ ရှာဖွေစုဆောင်းလျက် စိုက်ပျိုးမျိုးပွားနေပေသည်။ ထိုသို့ စိုက်ပျိုး မျိုးပွားနေရာတွင် ဆေးဖက်ဝင်အကျော်ပင်လည်း ပါဝင်၏။ အကျော်ပင်သည် ဆေးဖက်ဝင် အသုံးတည့်သော အပင်ဖြစ်ရုံမက ၎င်းကို ကိုင်းဖြတ်မျိုးပွား၍ ရသလို စိုက်ပျိုး၍လည်း လွယ်ကူလှ၏။ ၎င်းသည် အပင်ဖြစ်အားကောင်းသလို မြေမရွေးလှပေ၊ သို့သော်လည်း ရေဝပ်ခြင်းကို မနှစ်သက်ဘဲ ကုန်းမြင့်ပိုင်းတွင် ပိုမိုဖြစ်ထွန်း၏။

အပင်အား ကိုင်းပွားနှင့် အရွက်များ ဝေဆာစွာ ထွက်တတ်၍ ၎င်းအပင်ကို အချို့က အရိပ်ရ အပင်၊ အလှပင် အဖြစ် လည်းကောင်း အချို့ကတော့ ဆေးဖက်ဝင်မှု သိထားသောကြောင့် လိုအပ်ပါက အသင့်အသုံးပြုရန် စိုက်လေ့ရှိကြ၏။

**အကျော်ပင်အပွင့်**

အရွယ်ရောက်သော အကျော်ပင်များမှာ ကိုင်းပွားများစွာနှင့် အရွက်များကို ပြေလျက် ဖူးပွင့်လေ့ရှိ၏။ အဖြူရောင် ပွင့်ဖတ်အလယ်တွင် အဝါရောင်




ဖျော့ဖျော့ အကွက်ငယ်တစ်ခုပါပြီ။ အခိုင်အခိုင်လိုက် ပွင့်တတ်ပေသည်။ အပွင့်တစ်ခိုင် လျှင် အပွင့်ပေါင်း (၁၀-၂၀) ခန့်အထိ ရှိကြ၏။ အပွင့်များသည် ပွင့်ပြီးနောက် ၇-၁၀ ရက်ခန့်အထိ ခိုင်ပေသည်။ ထို့နောက် ကံကုန်အပွင့်များ ကြွေကျ မြေချလေ့ရှိ၏။ အချို့က ထိုမြေကျအပွင့်များကို ကောက်ယူ အခြောက်လှန်းထားကြ၏။

အချို့က အပွင့်အခိုင်များကို ခူးယူ၍ ရေနွေးဖျော၍ပြီးနောက် အတို့အမြုပ်အဖြစ် လည်းကောင်း အချို့က သုပ်၍ စားကြ၏။ အဆာပလာ စုံလင်စွာသုပ်ပါက အလွန်စားကောင်း လှပေသည်။ ၎င်းအပွင့်များကို စားသုံးခြင်းဖြင့် ဆေးဖက်အာနိသင်အကျိုး ရရှိနိုင်သည်ဟုလည်း လေ့လာ သိရှိရ၏။

**အကျော်ပင်၏ အရွက်ပုံသဏ္ဌာန်**

အကျော်ပင်ကို အချို့က စကား ဖြူဟုလည်း ခေါ်ကြတာ တွေ့ရ၏။ အကျော်ပင် နှစ်မျိုးရှိသည် ဟုလည်း ဆိုပေသည်။ စကားဝါမျိုးကိုတော့ စာရေးသူ မမြင်ဖူးသေးပါ။



အကျော်ရွက် အပေါ်မျက်နှာနှင့် အောက်ဘက်မျက်နှာ

အကျော်ပင်နှင့် တရုတ်စကား ပင်တို့တူသယောင် ရှိပေမယ့် အရွက်ပုံသဏ္ဌာန်နှင့် ဆေးဖက်ဝင်မှု ကွဲပြားမှုရှိကြောင်း သိရပေသည်။ တရုတ်စကားပင်လည်း အဖြူနှင့် အနီ နှစ်မျိုးရှိသည်ဟု သိရ၏။

အကျော်ပင်အရွက် ထိပ်ဝိုင်းပြီး တရုတ်စကားရွက်က ထိပ်ချွန်၏။ အကျော် ရွက်များသည် အသက်ရ ကောင်းပါက အကျော် ကိုင်းတိုင်းတွင် စိမ်းစို၍ ဝေဆာစွာ ထွက်ရှိနေတတ်ပေသည်။ ပင်စည်ကိုင်းမှ ရွက်ညှာ (၂-၂½) လက်မခန့်ရှိ အရွက်၏ ကျောဘက်မှာ ရွက်များ



အထိ ထင်ရှား ပြောင့်တန်းလျက်ရှိ၏။ ထိုရွက်ညှာ နှံ့တဲ့ တစ်ဖက်တစ်ချက်တွင် ရွက်ကြောမျှင်များ ညီညာစွာ ရှိနေ၏။ ထို ရွက်ပြားကြောများဖြင့် အကျော်ရွက်ပြားကို တည်ဆောက်ထား၏။ အကြောများ အားလုံးကို အရွက်၏ အောက်ဘက်တွင် ထင်ထင်ရှားရှား မြင်တွေ့နိုင်ပေသည်။

အကျော်ပင် အရွက်အသေးဆုံးမှာ အလျား ရှစ်လက်မနှင့် အနံ သုံးလက်မ ခန့်ရှိ၍ အကြီးဆုံးအရွက်မှာ အလျား ၁၅ လက်မခန့်မှ အနံ ၅ လက်မ ကျော်ထိ ရှိ၏။ အကျော်ရွက်အားလုံး အပေါ်ပိုင်းချော့မွတ်၍ တောင့်တင်းပြီး အစိမ်းပုပ်ရောင် ရှိပေသည်။ အရွက်အပေါ်ပိုင်းတွင် ရွက်ညှာတံနှင့် ရွက်ပြား တစ်ပြေးညီရှိ၍ ရွက်ကြောမျှင် သေးသေးလေးများသာ မြင်တွေ့ရ၏။

**အကျော်ပင် ရရှိစိုက်ပျိုးပုံ**

အကျော်ပင်သည် ဆေးဖက်ဝင်အပင် ဖြစ်ကြောင်း သိရုံမက ကိုင်းဖြတ် စိုက်ပျိုး မျိုးပွား ရှင်သန်နိုင်ကြောင်း သိပြီးနောက် ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်နေရင်း အကျော် ပျိုးကိုင်းနှင့် တရုတ်စကား ပျိုးကိုင်းများကို လက်လှမ်းမီသမျှ ရှာဖွေ စိုက်ပျိုးမိ၏။ အထူးသဖြင့် ဆေးဖက်ဝင် အကျော်ပင်များကို ဦးစားပေး ရှာဖွေ စိုက်ဖြစ်ခဲ့၏။ သို့သော်လည်း အကျော်ပင်နှင့် မျိုးကိုင်းများ ရှာဖွေရတာ လွယ်မယောင်နှင့် အဆင်မပြေလှ၊ အပင်ရှိသူကလည်း ပျိုးကိုင်းဖြတ်၍ များများစားစား မပေးနိုင်ကြပေ။

အဲဒီလိုနှင့် လွန်ခဲ့သော ၂၀၀၈ ခုနှစ် မိုးနှောင်းကာလ တစ်ရက်တွင် ရမည်းသင်းမြို့ အနောက်မြိမ်း အောင်မင်္ဂလာရပ်ကွက်ရှိ ဆွေမျိုးတော်စပ်သူ၏ နာရေး ဆွမ်းသွတ်သို့ စာရေးသူနှင့် သားတို့ ကားဖြင့်သွားခဲ့ကြ၏။ ကွယ်လွန်သူ ဦးကံတင် နှင့် ဇနီး ဒေါ်လှမြင့်တို့ အိမ်ရှေ့လက်ျာဘက်ထောင့်တွင် စိုက်ပျိုးထားသော အမြင့် ၁၅ ပေ ကျော်ကျော်ခန့်ရှိသော ကိုင်းပွားများစွာ အရွက် ဝေဆာဆာနှင့် ဖူးပွင့်လျက် စိုပြည်လှပစွာ ရှိနေသော အကျော်ပင်ကြီးအား တွေ့မြင်ခဲ့ရပေသည်။ ပင်စည် အောက်ခြေအထုတ်အပင် လုံးပတ် ၅ ထွာဆိုင်ကျော် ရှိ၏။

စာရေးသူတို့ အိမ်အပြန်တွင် ထိုအကျော်ပင်ကြီးမှ မျိုးကိုင်းများ တောင်းယူဖြစ်ခဲ့ပေသည်။ ထိုအကျော်ကိုင်းများကို စာရေးသူနှင့် တူမ ခေါ်ကိတ်ခင်ခင်လှုပ်တို့ စိုက်ပျိုး အောင်မြင်မှု ရရှိခဲ့၏။

ဗိုးစိုက်ပျိုးအောင်မြင်မှုရရှိခဲ့သော အကျော်ပင် ပျိုးထုပ် တစ်ထုပ်အား စာရေးသူ၏ခြံဝင်း ပျိုးဥယျာဉ်ရှေ့ တစ်နေရာ၌ ထုတ်ယူပြသထားရှိခဲ့ပေသည်။ ထိုအကျော်ပင်ကို ၂၀၀၈ ခုနှစ် နှစ်ကုန်ပိုင်းလောက်က ခြံထဲသို့ ရောက်လာခဲ့သော တပ်မတော်မှ အငြိမ်းစားယူခဲ့သော ဆရာကြီးကြည်အောင် မြဲသို့ လာစဉ် မြင်တွေ့သွား၏။

ထို့နောက် ဆရာကြီးကြည်အောင်က တပ်မတော်မှ အငြိမ်းစား မယူခင် သူ့တပ်မှူးကြီး ဆီးကျောက်တည်နေသည်ကို အကျော်ပင်ကိုင်း နုပ်နုပ်စဉ်း ပေါင်းခံရည် သောက်သုံး၍ ဆီးကျောက်များ ကြေကျ၍ ပျောက်ကင်းသက်သာ သွားကြောင်း သူကိုယ်တွေ့ဖြစ်စဉ်ကို ပြောပြလာပါသည်။ အဲဒါကိုပဲ စာရေးသူမှ ဆရာကြီး ကြည်အောင် ခွင့်ပြုချက်ဖြင့် သုရဋ္ဌမဂ္ဂဇင်းမှ တစ်ဆင့် စာဖတ် ပရိသတ်များ လေ့လာသိရှိနိုင်ရန် ရေးသားဖော်ပြလိုက်ရပါ၏။

## ဆီးကျောက်ကြေကျစေသော အကျော်ပင်ကိုင်းနှင့် ဖော်စပ်အသုံးပြုနည်း

အကျော်ပင်၏ ဆေးဖက်ဝင်မှုများအနက် အထက်က ဖော်ပြခဲ့သလို အကျော်ပင်၏ ဆေးအစွမ်းကြောင့် သူ့တပ်မှူးကြီး၏ ဆီးကျောက်ကြေကျ ပျောက်ကင်းသွားသည်ကို ဆရာကြီး ကြည်အောင် မျက်မြင်ကိုယ်တွေ့ ပြန်ပြောပြချက်မှာ အလွန် ထူးခြားနေ၍ လက်တွေ့ဖော်စပ် အသုံးပြုနည်းကို စာရေးသူမှ စာဖတ် ပရိသတ်သို့ လိုအပ်သူများ ဆန္ဒရှိလျှင် ဖော်စပ် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ရေးသားဖော်ပြလိုက်ရပေသည်။

ဆရာကြီးကြည်အောင် ပြောပြတာက သူ့တပ်ရင်းတွင် ဒုတပ်ရင်းအရာခံ ဗိုလ်တာဝန်နှင့် ဆေးရည်ပုလင်း သွားယူပေးရကြောင်း ငါးရက်ခန့်အကြာ တပ်မှူးက သူ့ကို ပဲခွေးစေ့ခန့် ကျောက်ငယ်လေးသုံးလုံးပေး၍ ထို တိုင်းရင်းဆေးဆရာထံ ပြန်သွားပြရမည်ဟု သိရပါ၏။ ထိုအချိန်တွင် ဆရာကြည်အောင်မှ ဝါသနာနှင့် ဆန္ဒကြောင့် ထိုထူးခြားလှသော ဆေးနည်းများကို မှတ်ဝေနိုင်ပါက လက်တွေ့ ဖော်စပ် အသုံးပြုနည်းကို မေးမြန်းရပ်ခံ တောင်းခံမိသည်ဟု ဆိုပါသည်။

ထိုစဉ်က သမားတော်က ဆေးနည်းကို တစ်ခါတည်း ပြောပြခြင်းမပြုဘဲ 'ခင်ဗျား တပ်ကထွက်တဲ့အခါ လာခဲ့၊ ဆေးနည်းပေးမယ်' ဟု ပြောကြောင်း သိရ၏။ ထိုနှစ်ထဲမှာပဲ ဆရာကြည်အောင် တစ်ယောက် စစ်ဆင်ရေး ရှေ့တန်း



တစ်နေရာတွင် မြေမြှုပ်မိုင်းကြောင့် မမျှော်လင့်ဘဲ တိုင်းပြည်အတွက် ခြေသလုံး အောက်ပိုင်း ဆုံးရှုံးခဲ့ရာက တပ်မှ အငြိမ်းစားယူ ထွက်ခဲ့ရပေသည်။ ထိုအခါကျမှ အထက်က သမားတော်ကြီးထံ ပြန်လည်ချဉ်းကပ်ရာမှ လက်တွေ့ဖော်စပ် အသုံး ပြုနည်းကို ပေးလိုက်ကြောင်း ပြန်ပြောပြလေသည်။

သို့သော် ယခုအခါ ဆရာကြီးကြည်အောင်တစ်ယောက် သူ၏ မွေးဇာတိ လယ်ဝေးမြို့နယ်ရှိ ကျေးရွာတစ်ရွာရှိ သူ၏မွေးချင်း ဆွေမျိုးများ အကူအညီနှင့် သူ့ဘဝ မိသားစု ရပ်တည်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းဖြင့် ကြိုးစားမြင်ဆင် နေရသောကြောင့် ထိုဆေးနည်းကို သူကိုယ်တိုင် လက်တွေ့ဖော်စပ်၍ ပွဲတွေ့ဆေး အဖြစ် အသုံးမပြုရသေးကြောင်းလည်း ပြောပြအသိပေးပါ၏။ ဒါပေမယ့် စာရေး သူက လိုအပ်နေသူများအတွက် စောစောသိရလေ အကျိုးရှိနိုင်လေဟု ယူဆမိ သောကြောင့် ဒီဆောင်းပါးကို ရေးသားဖော်ပြလိုက်ရပါ၏။

## လက်တွေ့ဖော်စပ် အသုံးပြုနည်း

ဆရာကြီး ကြည်အောင် ပြန်ပြောပြတာက 'ကျပ် လုံးခန့် အရွယ် အကျော် ပင်ကိုင်း တစ် တောင်ခန့်ကို နုပ်နုပ်စဉ်း၍ မြေအိုး တစ်လုံးတွင် ထည့်ပါ၊ ထိုနုပ်နုပ်စဉ်း အဖတ်များကို ဆန်ဆေးရည်ဖြင့် နှစ်ည စိမ်ပါ။ ဆန်ဆေးရည်ကို နှစ်ပုလင်း ဗိုဗို ထည့်ရန်နှင့် ထို စိမ်ရည်ကို မနက် တစ်ကြိမ်၊ ည တစ်ကြိမ် နှစ်ကြိမ်ခန့် သစ်သား ဇွန်း၊ ယောက်မဖြင့် သမ သွား အောင် မွှေမွှေ ပေးပါ။


အကျော်ရွက် အပေါ်မျက်နှာနှင့် အောက်ဘက်မျက်နှာ

နှစ်ည စိမ်ပြီးနောက် ထို စိမ်ရည်ကို ပေါင်းခံပါ။ ရသည့် ပေါင်းခံရည်ကို ရေသောက်သကဲ့



သောက်ပါဟု သိရပါ၏။ ထို့နောက် ဆရာကြီးကြည်အောင်က ဆက်၍ ပြောပြ သည်မှာ-

'ဆီးတည် ကျောက်ကြီးလျှင် ပေါင်းခံရည် နှစ်ပုလင်းခန့်နှင့် ကျောက်ကြေ ကျကြောင်း၊ အထူးသဖြင့် ပေါင်းခံရည် စတင်သောက်ပြီး ငါးရက်ခန့်အတွင်း ကျောက်ကြေကျလေ့ရှိကြောင်း' ဆိုပါ၏။

အထက်ပါ အကျော်ပင်၏ ဆေးအစွမ်းကြောင့် တပ်မှူးတစ်ဦး၏ ဆီးကျောက် ကြေကျ ပျောက်ကင်းသက်သာသွားခဲ့ကြောင်း ရေးသားဖော်ပြ အသိပေးမိသလို စာရေးသူ လေ့လာသိရှိထားသော ဆီးကျောက်တည်နေသည့် အခြေအနေ အနေအထား အနအရင်း ကျောက်အရွယ်အစား အကြီး အသေးတို့အပေါ် ဆေးထိရောက်မှု ကွာခြားတတ်သလို၊ အချို့သော ဆီးကျောက်များသည် တည်ရှိ နေသည့်နေရာမှ အသားမျှင်များဖြင့် ဖုံးအုပ် အမြစ်တွယ်နေပါက အလွယ်တကူ ဆေးမတိုးနိုင်ကြောင်း လေ့လာသိရှိရသလို ထိုအခြေအနေမျိုး ရှိနေသော ဆီး ကျောက်များအား ခေတ်မီနည်းပညာများဖြင့် အသုံးပြု ကုသသင့်သလို လိုအပ်ပါ က ခွဲစိတ်ကုသမှုခံယူသင့်ကြောင်း သိရပေသည်။ ဒါကိုလည်း လိုအပ်ပါက စဉ်းစား ချင့်ချိန်နိုင်ကြရန် စာရေးသူမှ ထပ်ဆင့် အသိပေး ဖော်ပြလိုက်ရပါကြောင်း။

[ သုရဋ္ဌမဂ္ဂဇင်း၊ မေ၊ ၂၀၀၉ ]

❖ ❖ ❖





## ဂျပန်ရွက်ကျပင် နှင့် ဆေးအစွမ်း

ရွက်ကျပင်ဆိုတာ အရွက်ကြွေကျရုံနှင့် အမြစ်ဆင်းအပင်များ ပေါက်လေ့ရှိသော အပင်မျိုးကို ခေါ်တာပါ။ ရွက်ကျပင်မျိုးကွဲ အတော်များများကို တွေ့ဖူးပါ၏။ ပျိုးဥယျာဉ်လုပ်ငန်း လုပ်ကိုင်နေသူမို့ ထိုရွက်ကျပင်မျိုးများကို စိုက်ဖူး ပျိုးဖူးပါ၏။ အရွက်ကြီးပြီး အများစွန်သောမျိုး၊ အရွက်ပိုင်းသောမျိုး စသည့်တို့ ဖြစ်ပါသည်။ ထိုအပင်များကို စိုက်ရပျိုးရတာ လွယ်ကူရုံမက ရှင်သန်မှုလည်း အလွန် အားကောင်း တာ တွေ့ရပါ၏။ ဟိုး ယခင်အချိန်ကတော့ သာမန်အသိဖြင့် စိုက်ပျိုး မွေးမြူထားနေ ခဲ့တာပါ။ အပင်တို့၏ ဆေးစွမ်းထက်မှု ဆေးဖက်ဝင်မှုတို့ကို လေ့လာ သိရှိလာ ရာမှ ယခုအခါ အလျဉ်းသင့်၍ တဆင့်ပြောပါက ထိုအပင်တို့က လေးသော ဆေးစွမ်း သတ္တိဖြင့် လူသားနှင့် သက်ရှိတို့၏ ရောဂါဘယများ ကုသရာတွင် အကျိုးရှိရုံမက ပျောက်ကင်း သက်သာကြသည်တို့ကို လက်တွေ့ သိရှိ တွေ့မြင်ရပြီးနောက် ထိုဆေးဖက်ဝင်အပင်များကို အလေးပေး စိုက်ပျိုး မွေးမြူထားနေမိတာ အမှန်ပါ။

ထိုစိုက်ပျိုး မွေးမြူ၍ ရရှိခဲ့သော ဆေးဖက်ဝင် အပင်များကိုလည်း ဆန္ဒရှိသူ လိုအပ်သူများအား ဓိဝိတဒါန မှုဝေ ကုသိုလ်ပြုနေတာလည်း ကြာပါပြီ။

၂၉၊ ၄၊ ၁၈ ရက်နေ့က နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင် ၂ ရပ်ကွက်၊ ဘုရားလမ်းနေ မိတ်ဆွေကြီး ဦးခင်မောင်လှ စာရေးသူ မှူးဝေကုသိုလ်ပြုနေသော ပျားမြီးရွက် ပျိုးပင် လာတောင်းပါ၏။ ပျားမြီးရွက်အကြောင်း ပြောဆိုကြရင်း ဦးခင်မောင်လှက သူ့ကိုယ်တွေ့ ဂျပန်ရွက်ကျပင် ဆေးအစွမ်း အကြောင်းကို ပြောပြတာကို ကြားသိခဲ့ရပါ၏။ ဦးခင်မောင်လှ ပြန်ပြောပြတာက ဂျပန်ရွက်ကျပင် အရွက်ကို ဝါးစား၊ ပြုတ်စား၊ တို့စား၊ သုပ်စားရုံဖြင့် ဆီးကျောက်၊ ကျောက်ကပ် ကျောက်၊ ကွမ်းရိုး၊ သွားရိုးကျကြောင်း ကိုယ်တွေ့ဖြစ်စဉ်ကို အောက်ပါအတိုင်း ပြောဆိုပါ၏။

လွန်ခဲ့သော ခြောက်နှစ်လောက်က ဆီးရောဂါဝေဒနာခံစားရ၍ ဆရာဝန်နှင့် ပြသကုသခဲ့ကြောင်း၊ ဆရာဝန်က ဆီးကျောက်တည်စပြုနေပြီဖြစ်သောကြောင့် စောစောကုလျှင် ပို၍ အဆင်ပြေကြောင်း ပြောဆို အသိပေးသည်ဟု ဆိုပါ၏။ ဆရာဝန်က ရန်ကုန်သို့သွားပြီး ကျောက်ကပ် ဆေးကုသခံရန် တိုက်တွန်းခဲ့သည်ဟု သိရပါ၏။ စာရေးသူက ရောဂါကြောင့် ဘယ်လိုခံစားရပါသလဲဟု မေးရာ-

အထူးသဖြင့် အစာစားပြီးနောက် ဆီးသွားလျှင် ဆီးကျင်ကြောင်း ဆီးတော့ မနည်းဟု ဆိုပါသည်။ အဲဒီလိုနှင့် အသိတစ်ယောက်ပေးသော ဂျပန်ရွက်ကျပင် အရွက်များကို ဝါးစား၊ ပြုတ်စား၊ သုပ်စားရုံနှင့် ရှင်းရှင်း ပျောက်ကင်းသွားကြောင်း သိရပါ၏။

အဲဒီနောက် ဦးခင်မောင်လှတစ်ယောက် ထိုဂျပန်ရွက်ကျပင်ကို အိုးဖြင့် စိုက်ထားပြီး ဆီးကျောက်၊ ကျောက်ကပ်ကျောက်၊ ကွမ်းရိုး၊ သွားရိုး ဖြစ်နေသူများကို အသိပေး မျှဝေနေကြောင်း သိရပါသည်။ ထို့ကြောင့် စာရေးသူက ခြံထဲမှာ စိုက်ထားသော ရွက်ကျပင်ကို ပြသရာ အရွက်ကြီး အရွက်ရှည်မျိုးဖြစ်ကြောင်း၊ ဂျပန်ရွက်ကျပင်က အရွက်သေးပြီး ဝိုင်းကြောင်း ပြောပြပါ၏။

ထို့ကြောင့် ထိုအပင်မျိုးကို ရယူလို၍ တောင်းဆိုရာ ဦးခင်မောင်လှ ကိုယ်တိုင် နောက်တစ်ပတ်ခန့်အကြာ အပင်လေး တစ်ပင်ကို မော်တော်ဆိုင်ကယ်ဖြင့် လာပို့၍ စိုက်ထားခဲ့ပါသည်။ ဒါပေမယ့် မိုးများ ရောက်လာရာက ထိုအပင်လေး သေဆုံးသွားပါ၏။

အဲဒီ အပင်ကလေး လာပို့စဉ်က ဦးခင်မောင်လှမှ ဆက်၍ ပြောပြတာက မန္တလေးက မိတ်ဆွေတစ်ယောက်လည်း ဆီးရောဂါဖြစ်ရာ မန္တလေး ၁၇ လမ်း



ဘက်မှာရှိသော နှင်းဆီခြံတစ်ခုက ဂျပန်ရွက်ကျပင် အိုးတစ်အိုး ဝယ်ယူပေးလိုက်ကြောင်း၊ အရွက်ကို သုပ်စား၊ တို့စား၊ ဝါးစားရန် နည်းလည်း ပေးခဲ့ကြောင်း ပြောပြပါ၏။ ထိုပုဂ္ဂိုလ်လည်း မကြာခင်ပဲ ပျောက်ကင်းသက်သာသွားခဲ့တာပါပဲဟု ဆိုပါသည်။

လွန်ခဲ့သော သတင်းပတ်က မဟာဂါကြံဆစ် အပင်အကြောင်း ဆောင်းပါးအတွက် လိုအပ်သော ဓာတ်ပုံများ ထုတ်ရန်အတွက် ဓာတ်ပုံတိုက်သို့ အိမ်မှထွက်လာစဉ် ဦးခင်မောင်လှ၏ အိမ်သို့လည်း တစ်ဆက်တည်း ဝင်ဖြစ်ခဲ့ ပါသည်။ ဦးခင်မောင်လှတို့အိမ်ရောက်စဉ် ၎င်း၏ဇနီး ဆရာမ ဒေါ်သန်းသန်းနုကိုပါ တွေ့ရပါ၏။ ကျောင်းပိတ်ရက် ဖြစ်၍ ဆရာမကို အိမ်မှာတွေ့ရတာပါ။ စာရေးသူ ရောက်သွားသည်နှင့် ဦးခင်မောင်လှကို အကျိုးအကြောင်းပြောပြရာ ဦးခင်မောင်လှက ဂျပန်ရွက်ကျပင် ပန်းအိုးတစ်အိုး အိမ်ရှေ့သို့ ယူလာပါ၏။ အပင်ကြီးတွေ ကျသွားလို့ အပင်သစ်ပျိုးထားတာဟု ဆိုပါသည်။ ၁၀ လက်မခန့် အမြင့်ရှိသော ဂျပန်ရွက်ကျပင်အစုကို အိုးထဲမှာ တွေ့ရပါ၏။

ဂျပန်ရွက်ကျပင်အိုးနှင့် အရွက်ကို ဓာတ်ပုံရိုက်နေစဉ် ဦးခင်မောင်လှက အိုးထဲမှ အပင်ငယ်လေး ကပ်ပေါက်နေသည့် အရွက်ကလေးကို ထုတ်ယူ၍ ပြပါ၏။ အရွက်နှင့် အပင်လေးကိုပြ၍-



အဝါရောင်ပွင့်သော ဂျပန်ရွက်ကျပင်။



'အရွက်ကျိုးကျလို့ အိုးထဲ ပစ်ထည့်ထားတာပါ၊ အရွက်က အမြစ်ထွက် အပင်ပါပေါက်လာတာ ဆရာ့အမြင်ပါပဲ'ဟု ဆိုပါသည်။ ဟုတ်ပါသည်။ ရွက်ကျပင် အရွက်မြေကျ အပင်ပေါက်ကြောင်း သာဓက အမှန်အဖြစ် လက်တွေ့မြင်ရတာပါ။ ထိုစဉ် ဆရာမ ဒေါ်သန်းသန်းနု ထွက်လာ၍-

'ဆရာကြီးရေ၊ ဆရာ့ဆီက ပျားမြီးရွက်အပင် စိုက်ထားတာ အလွန်ဆောင်မြင်နေပါတယ်၊ ရပ်ကွက်ထဲက ဆီးချိုကြောင့် ခြေထောက် တစ်ဖက်ဖြတ်ကုသခံထားသူ အနာမကျက်လို့ ကျွန်မတို့ အပင်က ပျားမြီးရွက် ပေးစားပြီးနောက် အနာအနာတွေ ပျောက်ကုန်ပြီ'ဟု ပြောပါသည်။ ဆရာမက ဆက်၍

'ကိုခင်မောင်လှတစ်ယောက် အရင်က ဂျပန်ရွက်ကျပင်နဲ့ သူ့လို ကွမ်းစားသူတွေကို ကွမ်းရိုးကျဖို့ အရွက်ခူးခူးပေးနေတာ အခုတော့ ပျားမြီးရွက်အပင် တိုးလာတော့ ဆီးချို သွေးချိုသမားတွေအတွက် ပျားမြီးရွက်ခူးပေးဖို့ နောက်ထပ် အလုပ်တစ်ခု တိုးလာတာပေါ့'ဟု အပြုံးဖြင့် ဆိုပါ၏။

ဦးခင်မောင်လှက အိုးထဲမှ ဂျပန်ရွက်ကျပင်တစ်ပင် နုတ်ပေးမည်ဟုဆိုရာ စာရေးသူမှ ကလေးနှင့် မြို့ထဲသွားရန်ရှိသေး၍ နောက်မှပဲ ယူပါရစေဟု ပြောဆို နှုတ်ဆက်ခဲ့ရပါသည်။

**ဂျပန်ရွက်ကျပင်**

ဂျပန်ရွက်ကျပင်ကို ဟိုးယခင်ကတည်းက အတော်များများ စိုက်ဖူးပါ၏။ အပင်မှ ကိုင်းများထွက်၍ အရွယ်ရောက်သည့်အခါ အဖူးအပွင့်များ ပွင့်တတ်သောကြောင့် အလှပန်းပင်အဖြစ် စိုက်ခဲ့တာပါ။ အနီရောင် အပွင့် အခိုင်များ ပွင့်လာသောအခါ အလွန်လှပ ကျက်သရေရှိလှတာလည်း အမှန်ပါ။ အချို့အိမ်ခြံတွေမှာ ၎င်းဂျပန်ရွက်ကျပင်များ စိုက်ပျိုးထားတာ ယခုအချိန်အထိ မြင်ရတွေ့ရပါ၏။ နှစ်သက် ခံစားတတ်သူများ စိုက်ထားတာပါ။

ဤကဲ့သို့ ဆေးဖက်ဝင်သည့်အပင် ဂျပန်ရွက်ကျရွက်များ၏ အသုံးကျပုံကို သိပါက အကျိုးများစွာ ရှိနိုင်တာကြောင့် စာရေးသူမှ ယခုကဲ့သို့ ဆောင်းပါးရေး ဖော်ထုတ် အသိပေးတာပါ။

အပင်ပုံသဏ္ဌာန်မှာ ပင်စည်မာ အပင်ပျော့မျိုး ဖြစ်၏။ ကိုင်းဆက်၍ ချိုးယူ စိုက်ပျိုးရုံနှင့် ရှင်သန်နိုင်သလို အရွက်မြေကျ မြေနှင့် ထိပါကလည်း အမြစ်ထွက် အပင်ပေါက်တတ် ရှိ၏။



## ဂျပန်ရွက်ကျပင် အရွက်

ဂျပန်ရွက်ကျပင် အရွက်သည် ဝန်းဝန်းဝိုင်းဝိုင်း ပုံသဏ္ဌာန်ရှိ၏။ အပင်မှ အရွက်များသည် ခပ်စိပ်စိပ် ထွက်လေ့ရှိ၏။ ရွက်ညှာတိုတို၏။ အရွက်အရွယ် နှစ်လက်မမှ သုံးလက်မခန့်အထိ ရှိသည်။ အရွက်ရင့်၍ နေရောင်ရပါက နီညိုရောင်သမ်းတတ်၏။ အရွက်သည် အရည်ရွှန်း၍ ကြွပ်ဆတ်၏။ ထို့အပြင် နုညံ့ပြီး ထူထူပိန်းပိန်း ရှိသည်။

ဂျပန်ရွက်ကျအရွက်များသည် အစိုဓာတ်ရှိသော မြေပေါ် ကျရုံနှင့် အမြစ်ထွက် ရှင်သန်လေ့ရှိသလို ထိုအရွက်မှ အပင်များထွက် ပေါ်ပေါက်လာလေ့ရှိကြပါသည်။ ဓာတ်ပုံမှတ်တမ်းကိုလည်း ဖော်ပြလိုက်ပါ၏။

## ဂျပန်ရွက်ကျရွက် အရသာ

ဂျပန်ရွက်ကျရွက်ကို စားကြည့် ဝါးကြည့်ပါက ချဉ်ဖြုံဖြုံ အရသာရှိ၏။ ၎င်းအရွက်ကို ဝါးစား၊ ပြုပ်စား၊ သုပ်စားရုံနှင့် ဆီးကျောက်၊ ကျောက်ကပ်ကျောက်၊ ကွမ်းရိုး၊ သွားရိုးကျကြောင်း ဦးခင်မောင်လှနှင့် ဆရာမဒေါ်သန်းသန်းနုတို့၏ ကိုယ်တွေ့ ပွဲတွေ့ ဖြစ်စဉ်များကို သူရရွှမဂ္ဂဇင်း ပရိသတ်ကြီးအတွက် စာရေးသူမှ ဆောင်းပါးအဖြစ် အသိပေး ဖော်ပြလိုက်ရပါ၏။



အနီရောင်ပွင့်သော ဂျပန်ရွက်ကျပင်။

နောက်တစ်ပတ်လောက် ကြာသည့်အခါ ရေနွေးပူလောင်ပြီး မည်းခြောက်သွားသော အရေပြားများ တဖြည်းဖြည်း ကွာကျလာပါသည်။ မြွေအရေခွံလဲသလိုပါပဲ။ ကွာလာသည့် အရေပြားများကို လက်နှင့် ညင်သာစွာ ခွာခွာချ၍လည်း ရပါ၏။ အရေပြားများ အားလုံးကွာကျကာ ယခင်ပုံမှန် အသားအရောင်အတိုင်း ပြန်ဖြစ်သွားပါသည်။ အနာရွတ်လည်း လုံးဝမကျန်ဘဲ မိမွေးတိုင်း အသားအရေအတိုင်း ပြန်ရလာတာ အမှန်ပါ။

ဤနည်းအားဖြင့် ရေနွေးပူလောင်သည့်ဒဏ်ရာကို သွားတိုက်ဆေး ပွတ်လိမ်းပေးရုံနှင့် ပျောက်ကင်းသက်သာ သွားခဲ့ရသည့် စာရေးသူ၏ ကိုယ်တွေ့ဖြစ်ရပ်ကို နမူနာဗဟုသုတအဖြစ် မှတ်သားလိုသူများအတွက် စာဖတ်သူများအား အသိပေး ဖော်ပြလိုက်ရပါကြောင်း။

❖ ❖ ❖





## မြင်းသရိုက်နာအတွက် မြစ်ချင်းပြီးဆေးနည်း

စာရေးသူသည် အစွမ်းထက် ပရဆေးရွက်များအကြောင်းနှင့် အခြား ပွဲတွေ့ဆေး မြစ်ချင်းပြီး ဆေးနည်းကောင်းများကို လက်လှမ်းမီသမျှ ရှာဖွေစုဆောင်း၍ အများသိရှိစေရန်အတွက် ဆောင်းပါးရေးသား ဖော်ပြနေသည်မှာ အတော်ကြာခဲ့ပါပြီ။ ပွဲတွေ့ဆေး၊ လက်တွေ့ဆေး၊ ဆေးနည်းတို့၊ ဆေးမြီးတို့ မြစ်ချင်းပြီး ဆေးနည်း ဘယ်လိုပဲခေါ်ခေါ် ထိုဆေးနည်းဖြင့် ရောဂါဝေဒနာသက်သာ ပျောက်ကင်းမှု ရှိပါက ကာယကံရှင်၏ ခွင့်ပြုသဘောတူညီချက်ဖြင့် အခြားလိုအပ်နေသူများအတွက် မျှဝေအသိပေးခြင်းဖြင့် အများအကျိုး၊ အများကောင်းကျိုးအတွက် သယ်ပိုးခြင်း လုပ်ဆောင်ချက်အဖြစ်သာမက ကုသိုလ်ရသော အလုပ်ဟု ခံယူထားသူပါ။ ထိုအတူ ထူးခြား၍ လွယ်ကူသည့်နည်းကောင်းများကို အထူးဖြေဖော်ထုတ်လိုသော ဆန္ဒလည်း ရှိပါသည်။

အများအကျိုး သယ်ပိုးလုပ်ဆောင်၍ ကုသိုလ်ရ နိုင်သလို ရောဂါဝေဒနာခံစားနေရသူများအတွက် ဝေဒနာ သက်သာလျော့ပါး၍ ပျောက်ကင်းစေရန် ကုသိုလ်ပြုခြင်းသည် မှန်ကန်သော ကုသိုလ် အမှန်ရနိုင်သည်ဟု ခံယူ ထားသူဖြစ်ပါသည်။ မိမိကိုယ်တိုင် ဝေဒနာခံစားနေရသော်လည်း [illegible]



လိုက်သည့်အလား ထိုဝေဒနာအတွက် မြစ်ချင်းပြီး ဆေးနည်းကောင်းကို ခြံထဲအရောက် လာပြောပြချက်ကြောင့်-

စာရေးသူ ပြင်းပြင်းထန်ထန် ဝမ်းလျှောနေစဉ် ခေတ်မီ ဆေးဝါးများအသုံးပြုကုသမှု ခံယူနေသော်လည်း သက်သာပျောက်ကင်းမှုမရှိဘဲ ခြံထဲရောက်လာသူ၏ သူကိုယ်တိုင် သက်သာပျောက်ကင်းခဲ့သည့်နည်းအတိုင်း သူပြောပြသော 'ကြက်ဥအကာ တစ်လုံးနှင့် အရက်တစ်ဇွန်း' ခေါက်သောက်ရုံနှင့် ဝမ်းလျှောခြင်း လုံးဝရပ်ခဲ့ပါ၏။ ဒါကိုပဲစာရေးသူက စာဖတ်ပရိသတ်များအား အထက်လှန် အောက်လျှောရောဂါဝေဒနာအတွက် နည်းကောင်းတစ်လက်ဟု ဆောင်းပါးရေး ဖော်ပြခဲ့ရာ-

သူပြောပြသည့် သူကိုယ်တွေ့ ထိုမြစ်ချင်းပြီးဆေးနည်းဖြင့် စာရေးသူကိုယ်တိုင်လည်း သက်သာပျောက်ကင်းသွားခဲ့ရသည့်အကြောင်း ကိုယ်တိုင် ခံစားခဲ့သော ထိုဆောင်းပါးအကြောင်း ပြောပြအသိပေးလို၍ ယနေ့ ၂၀၁၈ ရက် ဗုဒ္ဓဟူးနေ့ ၁၂း၃၀ နာရီ ကျော်ကျော်တွင် ထိုဆေးနည်းအကြောင်း အသေးစိတ် အသိပေးပြောပြခဲ့သော မန္တလေးမြို့မှ အငြိမ်းစားအင်ဂျင်နီယာ ဦးကိုကိုကြီးထံ ဖုန်းဆက်မိပါ၏။

ဦးကိုကိုကြီးလည်း သူ့အိမ်တွင်အသင့်ရှိနေ၍ စာရေးသူနှင့် ဖုန်းဖြင့် အပြန်အလှန် စကားပြောဖြစ်ခဲ့ပါ၏။ စာရေးသူက 'ဦးကိုကိုကြီး ခင်ဗျာ၊ ဆရာပြောပြ အသိပေးခဲ့တဲ့ အထက်လှန်အောက်လျှော ရောဂါဝေဒနာအတွက် ကြက်ဥအကာနှင့် အရက်တစ်ဇွန်း ခေါက်သောက်ရုံနဲ့ ကျွန်တော်ကိုယ်တိုင် ဝမ်းလျှောရောဂါ သက်သာ ပျောက်ကင်းသွားရပုံအကြောင်း ဖော်ပြထားတဲ့ ဆောင်းပါး ၏ ၂၀၁၈ မဟေသီ မဂ္ဂဇင်းမှာ ပါလာကြောင်း' အသိပေးမိပါ၏။

ထိုအခါ ဦးကိုကိုကြီးက 'ဝမ်းသာတယ်ဗျာ၊ ကျုပ်ကလည်း ခင်ဗျားကို ပြောရဦးမယ်၊ အရင်အပတ်က စာအုပ်အငှားဆိုင်မှာ အဲဒီ မဟေသီမဂ္ဂဇင်း ငှားဖတ်ရာက ဆောင်းပါးဖတ်ပြီးပါပြီ၊ အဲဒီစာအုပ်ကိုလည်း ဝယ်ထားတယ်' ဟု ဆိုပါ၏။

စာရေးသူက 'အရင်ရက်တွေထဲက ဆရာ့ထံ ဖုန်းဆက် ဖို့ဖို့ပဲ၊ ဒီနေ့မှ နောက်ကျပြီး ဆက်ရလို့ ခွင့်လွှတ်ပါ' ဟု ဆိုရာ-

ဆရာဦးကိုကိုကြီးက 'ခင်ဗျားကို တွေ့ချင်သေးတယ်ဗျ၊ ခင်ဗျား လိုချင်တဲ့ ရေမျောသီး ကျုပ်ရှာထားပြီးပြီ၊ ခင်ဗျားဆီပို့ဖို့ စဉ်းစားနေတာ အသီးက လုံးလုံးဖုဖုဆိုတော့ ပါဆယ်နဲ့ ဖြစ်မှ ဖြစ်ပါ့မလားလို့ ချင့်ချိန်နေရတယ်'ဟု ဆိုပါသည်။



ဒါကိုကြားတော့ စာရေးသူ အလွန် ဝမ်းမြောက်ပြန်ပါ၏။ ဘာလို့လဲဆိုတော့ အစွမ်းထက်သည့် မြစ်ချင်းပြီး ပရဆေး၊ ဆေးဥ၊ ဆေးမြစ်၊ ဆေးဖက်ဝင်အသီးများ အကြောင်း ယခင်တစ်ကြိမ် ဦးကိုကိုကြီးနှင့် ဆွေးနွေးဖလှယ်ခဲ့ကြရာက ဒီ ရေမျောသီး အကြောင်းလည်း ပါခဲ့၏။

ဦးကိုကိုကြီးမှ သူ လေ့လာသိရှိထားသော ထိုရေမျောသီး၏ ဆေးဖက်ဝင်မှုနှင့် အစွမ်းထက်ပုံအကြောင်း ပြောပြခဲ့ရာတွင် စာရေးသူလည်း ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ဦး၏ ဆွေမျိုးတစ်စု နှီကင်ဆာဖြစ်ပွားခဲ့ရာ ထိုရေမျောသီးဆေးအစွမ်းကြောင့် ပျောက်ကင်း သက်သာသွားခဲ့တာကို သိရှိထားပါ၏။

ထို့ကြောင့် စာရေးသူက ရေမျောသီးရှာနေတာ အချိန်အတော် ကြာပြီဖြစ်ကြောင်း၊ မတွေ့မမြင်ဖူးသေး၍ ကိုယ်တိုင်မြင်တွေ့လိုတာကြောင့်အပြင် အခြားသော လိုအပ်နေသူများနှင့် သိရှိလိုသူများကိုလည်း ပြသ အသိပေးလိုကြောင်း စာရေးသူ၏ဆန္ဒကို ဦးကိုကိုကြီးအား ပြောပြ အသိပေးမိခဲ့တာ အမှန်ပါပဲ။

စာရေးသူ၏ ဆန္ဒကို ဦးကိုကိုကြီးက ဖြည့်ဆည်းပေးလို၍ အသက် ၇၄ နှစ် ကျော်နေပြီဖြစ်တာတောင် ထိုရေမျောသီးကို ရအောင် ရှာနိုင်၊ ရှာထားတာကြောင့် စာရေးသူ ဝမ်းသာ ကျေးဇူးတင်မိတာပါ။

ထို့အပြင် ဆရာဦးကိုကိုကြီး၏ အရွယ်နှင့်မမျှအောင် အများအကျိုးဆောင်လိုသည့် စိတ်ဓာတ်အရင်းခံကို ထင်ရှားအောင်ပြသည့် သာဓကအဖြစ် ရေမျောသီး ရအောင်ရှာနိုင်သည့်အချက်က ထင်ရှားနေပါ၏။ ဒါကိုလည်း စာရေးသူက လေးစား အားကျစွာ ဂုဏ်ယူပါကြောင်း ဖော်ပြလိုပါသည်။

ထို့နောက် စာရေးသူက ရေမျောသီးရထားသည့် သတင်းကြားရလို့ ဝမ်းသာပါကြောင်း ပြန်ပြောရာ ဆရာဦးကိုကိုကြီးက ထိုအသီး စာရေးသူထံ အမြန်ရောက်ရှိရေး အပြန်အလှန်ဆွေးနွေးပြောဆိုခဲ့ကြပြီးနောက် စာရေးသူ မန္တလေးရောက်လျှင် သူ့ထံဝင်ဖြစ်အောင်ဝင်ခဲ့ဖို့ မှာကြားသလို 'ခင်ဗျားကို ကျွန်တော်စုဆောင်းထားတဲ့ ဆေးနည်း ပွဲတွေ့ဆေးတွေအကြောင်းပါတဲ့ စာအုပ်စာပေ မှတ်စုတွေကိုလည်း ပြချင်သေးတာဗျာ' ဟုလည်း ဆိုပါ၏။

ဦးကိုကိုကြီးက ဆက်၍ပြောပြသည်မှာ 'ကျုပ်မှာ ခြေထွေပါသလို အမြဲသွားလာလှုပ်ရှားနေတာ ခင်ဗျားအသိပဲ၊ ဒါပေမယ့်ဗျာ ဟိုတလောက ကျုပ်မှာ မြင်းသရိုက်နာဖြစ်လာလို့ အိမ်မှာ ကုပ်နေရတာ အတော်ကြာပြီ' ဟု ပြောပါ၏။

ဒါကိုကြားတော့ စာရေးသူက 'မြင်းသရိုက်နာ ဟုတ်လား၊ ဘယ်လိုရောဂါလဲဗျာ၊ အတော်ဆိုးလို့လား' ဟု ပြန်မေးမိပါသည်။

စာရေးသူအမေးကို ဦးကိုကိုကြီးက ဖုန်းထဲကပဲ 'ဗျာ၊ ဘာပြောတာလဲ'ဟု အသံမြှင့်မေးလာပါ၏။ အသက်က ၇၄ နှစ်၊ အကူနားကြပ်နှင့်မှ အဆင်ပြေသူဆိုတော့ စာရေးသူကလည်း ပြန်၍ 'မြင်းသရိုက်နာ ဆိုတာကို မေးတာပါ' ဟု အသံမြှင့်ပြီး ပြောမိပါ၏။

ထိုအခါ ဦးကိုကိုကြီးက 'မြင်းသရိုက်နာဆိုတာ လိပ်ခေါင်းကိုပြောတာဗျ' ဟု ဖြေပါသည်။ ထို့နောက် ဦးကိုကိုကြီးက သူ့ရောဂါဖြစ်ပုံ၊ ခံစားခဲ့ရပုံကို ဖုန်းထဲကပဲ ဆက်၍ ရင်ဖွင့် ပြောပြပြန်ပါသည်။

'ဆရာရေ မြင်းသရိုက်နာကလည်း ရောဂါဆိုးပဲဗျာ၊ ကျုပ်ရဲ့ လိပ်ခေါင်းအနာက သွေးတွေ ဆင်းလာတာဗျာ၊ ပုဆိုးကို ရွှဲနစ်နေတာပဲ၊ ဘာနဲ့ တူသလဲဆိုရင် မိန်းမများ မမွေးလာတဲ့အတိုင်းပဲ' ဟု ဆိုပါ၏။

ထိုသို့ ဦးကိုကိုကြီး ပြောပြချက်က စာရေးသူအား ကိုယ်ချင်းစာနာမိ၍ စိတ်မကောင်းဖြစ်စေတော့ အမှန်ပါ။ အဲဒါကြောင့် စာရေးသူက 'ဘယ်လောက်ကြာပြီလဲ၊ အခုကော သက်သာသွားပြီလား' ဟု မေးမိပါသည်။ အသက် ၇၄ နှစ်အရွယ် သွေးယိုစီးပုံကလည်း ပုဆိုးရွှဲအောင်ဆိုတော့ စိုးရိမ်မိလို့ပါ။

'ငယ်ငယ်လောက်ကပေါ့ဗျာ၊ အခုတော့ ပျောက်ပြီပဲ ပြောပါတော့' ဟု ဖြေပါ၏။ သူ့အပြောက စာရေးသူကို အံ့ဩစေပြန်ပါသည်။ အဲဒါကြောင့် ဘယ်လိုကုသမှုကြောင့် အမြန်သက်သာပျောက်သွားရပါလိမ့်ဟု စိတ်ဝင်စားမိပါ၏။

စာရေးသူက 'ပုဆိုးရွှဲနစ်နေအောင် ယိုထွက်နေတဲ့ မြင်းသရိုက်နာကို ဆရာကိုယ်တိုင်ပဲ ပြန်ကုတာလား၊ ဆေးရုံဆေးခန်း သွားကုတာလား'ဟု ထူးစမ်းမေးမြန်းမိပါ၏။

'ဆေးရုံမသွားပါဘူး ကျုပ် နှစ်ပေါင်းများစွာ စုဆောင်းထားတဲ့ ဆေးနည်းမှတ်စု စာအုပ်ထဲက ပြန်ရှာလို့တွေ့ရတဲ့ မြစ်ချင်းပြီး ဆေးနဲ့ပဲ ကုခဲ့တာပါ' ဟု အားမာန်အပြည့်ဖြင့် ပြန်ဖြေပါသည်။

ဒါကိုပဲ စာရေးသူမှ အငြိမ်းစားအင်ဂျင်နီယာ ဦးကိုကိုကြီး ကိုယ်တိုင် ခံစားခဲ့ရသော မြင်းသရိုက်နာကို သူ့ဝါသနာအရ သူ စုဆောင်းထားသော မြစ်ချင်းပြီးဆေးနည်းကို ပြုကြည့်စမ်းခြင်း ကိုယ်တိုင်အသုံးပြု၍ ကိုယ်တိုင်ကုသတာ သက်သာ



ပျောက်ကင်းသွားရပုံကို မဟိဒ္ဓိမဂ္ဂဇင်း စာဖတ်ပရိသတ် လေ့လာ သိရှိနိုင်ရန်နှင့် လိုအပ်ပါက အသုံးချ ဆောင်ရွက်နိုင်ရန်အတွက် ဆောင်းပါးရေး အသိပေး ဖော်ပြလိုက်ရပါ၏။

ဦးကိုကိုကြီး ပြန်လည်ပြောတာက 'ဆရာရေ ကျုပ်ဝါသနာအရ နှစ်ပေါင်းများစွာ အပင်ပန်းခံ စုဆောင်း ရှာဖွေထားတဲ့ မြစ်ချင်းပြီး ဆေးနည်းကောင်းက အခုတစ်ခါလည်း ကျုပ်ကို ကယ်တင်လိုက်ပြန်ပြီ၊ ကျုပ်ဖြစ်ခဲ့တဲ့ မြင်းသရိုက်နာကလည်း အချိန်မီပျောက်အောင် မကုနိုင်ရင် အသက်အန္တရာယ် ရှိနိုင်ရတာပဲဗျ၊ ကျုပ်လို အသက်ကြီးသူ တစ်ယောက်အတွက် ပိုစိုးရိမ်ရသလို အလွန် ဂရုစိုက်ကုသသင့်တယ်လေ' ဟု ဆိုပါသည်။

ထိုအခါ စာရေးသူက 'ဆရာခံစားခဲ့ရတဲ့ အဲဒီမြင်းသရိုက်နာကို ဆရာ ကိုယ်တိုင် လက်တွေ့ကုသပုံနည်းကိုကော အသိပေး ပြောမပြနိုင်ဘူးလား' ဟု ဆိုရာ-

'ဟာ ပြောချင်ပြီလားဗျာ၊ ခင်ဗျားအတွက်လည်း ဆောင်းပါး တစ်ပုဒ်ရတာပေါ့' ဟု ပြောကာ ပစ္စည်း လေးမျိုးလိုတယ်ဗျ၊ အဲဒီ ပစ္စည်းတွေက ၁။ ကြက်ဥ၊ ၂။ သကြား၊ ၃။ ရှားစောင်းလက်ပပ်အနှစ်၊ ၄။ နှမ်းဆီ တို့ပါပဲ' ဟု သိရပါ၏။

ထို့နောက် ဦးကိုကိုကြီး ဆက်ပြောပြတာက 'အဲဒီ ပစ္စည်းလေးမျိုး အလေးချိန်ဆတူ စုဆောင်းပြီး ကျော်စားတာဗျ' ဟု ဆိုပါသည်။



ဧရာမျှော်မီး ဆေးဘက်ဝင်အမြစ်



ဒါကိုကြားတော့ စာရေးသူအတွေးမှာ ပစ္စည်းလေးမျိုး အလေးချိန် ဆတူ ရှာဖို့ ရနိုင်ဖို့ မခက်ခဲသလို ကျော်စားရတာ ဆိုပြန်တော့ အလွန် လွယ်ပါလားဟု သဘောကျမိတာ အမှန်ပါ။ ထို့နောက် ဦးကိုကိုကြီးက-

'ဒီပစ္စည်း လေးမျိုး ရဖို့လွယ်သလို လုပ်ရကိုင်ရတာလည်း မခက်ဘူး'ဟု ဆိုပြန်ပါသည်။ ထို့နောက် စာရေးသူက 'ဆရာ့ကို ကျွန်တော် မေးပါရစေ၊ အဲဒီ ပစ္စည်းလေးမျိုးကို ဘယ်နှကြိမ် ကျော်စားမှ ဆရာ့ မြင်းသရိုက်နာ ပျောက်တာလဲ' ဟု စူးစမ်းရာ-

'တစ်ကြိမ်တည်းနဲ့ ပျောက်တာဗျ၊ တစ်ကြိမ်ဆို တစ်ကြိမ်တည်း၊ ကျုပ် ကျော်စားခဲ့တာ'ဟု ဖြေပါ၏။ သူက ဆက်၍-

'အဲဒီလို တစ်ကြိမ်တည်း ကျော်စားရုံနဲ့ ကျုပ်ခံစားခဲ့ရတဲ့ မြင်းသရိုက်နာက သွေးယိုဆင်းတာ ရပ်သွားရုံမကဘူး၊ နာကျင်မှုတွေလည်း ပျောက်ကင်းသွားတယ်၊ ပြီးတော့ စအိုအနာလည်း တဖြည်းဖြည်း ခြောက်လိုက်လာပြီး ကျက်သွားပါပြီ၊ အစားအသောက်တော့ ဂရုစိုက် ဆင်ခြင်ရတာပေါ့ဗျာ'ဟု စိတ်ရှည်စွာ ရှင်းပြပါ၏။

မန္တလေးမြို့က အငြိမ်းစားအင်ဂျင်နီယာ ဦးကိုကိုကြီးကိုယ်တိုင် ခံစားခဲ့ရသော မြင်းသရိုက်နာကို သူ ရှာဖွေ စုဆောင်းထားသည့် ဆေးနည်းကောင်းတွေထဲမှ မြစ်ချင်းပြီးဆေးနည်းတစ်ခုဖြင့် ပျောက်ကင်းသက်သာ သွားရပုံကို စာဖတ်ပရိသတ်နှင့် လိုအပ်သူများအတွက် စာရေးသူမှတစ်ဆင့် ရေးသား ဖော်ပြလိုက်ပါသည်။

ဦးကိုကိုကြီးအတွက် အထက်ပါဆေးနည်းဖြင့် တစ်ကြိမ်တည်းနှင့် သက်သာပျောက်ကင်းသွားသည်ဟု ဆိုသော်လည်း သူ၏ သွေးသားတည်ဆောက်ပုံ၊ ဆေးတိုးမှုနှင့် အခြားသူများ တူညီ၍ တစ်ထပ်တည်းကျနိုင်မည်ဟု ပုံသေထားယူဆ၍ မဖြစ်နိုင်သော်လည်းလိုအပ်ပါက ချင့်ချိန်၍ အသုံးပြုပါက အကျိုးရှိနိုင်မည်ဟု ရည်မှန်းပြီး စာရေးသူမှ စေတနာကောင်းဖြင့် ရေးသား အသိပေးလိုက်ရပါကြောင်း။

မန္တလေးမြို့မှ အငြိမ်းစား ဦးကိုကိုကြီးတစ်ယောက် ဒီဆောင်းပါးကိုလည်း တွေ့ရှိ ဖတ်ရှုနိုင်ပါစေလို မျှော်လင့်လျက်။

[ အိဒ္ဓိ။ ဩ ၂၀၀၉ ]

❖ ❖ ❖





မဟာဂါကြံခစ်အပင်နှင့် ဆေးအရွက်

စာရေးသူသည် ငယ်စဉ် ဝါသနာ၊ စေတနာအရ လက်လှမ်းမီရာ ပရဆေးပင်များကို စုဆောင်းရှာဖွေ စိုက်ပျိုး၊ မျိုးပွား၍ ထက်နိုင်သလောက် ဝိဝိတခါန ကုသိုလ်ပြုမှုဝေနေတာ နှစ်များစွာ ရှိခဲ့ပါပြီ။ အဲဒီလိုနှင့် လွန်ခဲ့သော နှစ်နှစ်လောက်က စာရေးသူ ကုသိုလ်ပြု မျှဝေနေသော ဆီးချို သွေးချို ရောဂါဝေဒနာရှင်များအတွက် ပျားမြီးရွက်ပျိုးပင်များ ရယူသွားသော စစ်ဘက်အငြိမ်းစား ပုဂ္ဂိုလ်တစ်ယောက်က ဖြထဲသို့ ကိုယ်တိုင် အရောက်လာပို့၍ ၁၂ လက်မခန့် အမြင့်ရှိသော ဤမဟာဂါ ကြံခစ် အပင်တစ်ပင်ကို စတင် ရရှိခဲ့ပါသည်။

ထိုပုဂ္ဂိုလ်က အပင်ပေးရင်း 'ဆရာကြီးအတွက် အသုံးဝင်မှာပါ ဆေးဖက်လည်း အတော်ဝင်ပါတယ်၊ ပြီးတော့ ကိုင်းဖြတ်ပျိုးရုံနဲ့ အပင်ပွားလို့ရတာ'ဟု ဆိုပါ၏။ ထို့အပြင် လက်ရေးဖြင့် ကူးရေးထားသော မဟာဂါကြံခစ်ရွက်၏ ဆေးဖက်ဝင်ပုံ ၁၇ ချက် ဖော်ပြထားသည့် စာရွက် နှစ်ရွက်ကိုလည်း ပေးပါသည်။

စာရွက်ပါအကြောင်းအရာများကို ဖတ်ကြည့်ရာ ၁၉၈၉ ခုနှစ် ထုတ်တင်းဘာလ သွေးသောက်မဂ္ဂဇင်းတွင်ပါသော (ရေးသူအမည်မပါ) ဆောင်းပါးဟု ဖော်ပြထားပြီး အပင်ပေးသူပြောသည့်အတိုင်း အတော်ကို ဆေးဖက်ဝင်အပင်ဖြစ်ကြောင်း

ဤအချက်ကို လေ့လာတော့ အရွက်အညာ တစ်ဖက်တစ်ချက်တွင် နီညို ရောင် ဖြတ်တစ်လက်မ သုံးပုံတစ်ပုံခန့်နှင့် အလျား တစ်လက်မခွဲခန့်ရှိသည့် နီညိုရောင်သမ်းနေသော နဂါးနှစ်ကောင် ပါးဖျဉ်းထောင်နေသယောင် ပါရှိတာ တွေ့ရ၏။ စာရေးသူ စိုက်ထားသော အပင်မှ အပွင့်ဖြူလေးများ ပွင့်သောကြောင့် မဟာဂါကြံဆစ်ပွင့်ဖြူမျိုး ဖြစ်နိုင်သည်ဟု ယူဆပါသည်။

ကြံဆစ်ဟု ထည့်သွင်း အမည်နာမပြုထားတာသည် မဟာဂါကြံဆစ်အပင်၏ ပင်စည် အဆစ်များဟာ ကြံပင်၏ အဆစ်များနှင့် တူသယောင်ရှိလို့ဟု ယူဆမိ တာလည်း အမှန်ပါ။ ပျဉ်းမနားသား မိတ်ဆွေကြီး ဂမုန်းဝါသနာရှင် ဂမုန်းပင်များ စိုက်ပျိုးပြုစုလေ့လာနေသူ စိုက်ထားသော အပင်များအပေါ် အလွန်ဂရုစိုက် အလွန်ချစ်မြတ်နိုးတတ်သူ ကိုတင်ဦး (စာတိုက်) ကတော့ မဟာဂါ ခြောက်မျိုး ရှိသည်ဟု ပျဉ်းမနား သမားတော်ကြီး ဆရာမော်က ပြောကြောင်း ဆိုပါ၏။ ထိုအပြင် ကိုတင်ဦးက သူ စိုက်ပျိုး တွေ့ဖူးသော မဟာဂါအပင်မှာ နဂါးနှစ်ကောင် ပုံ မပါ၊ ဗလာပြောင် အရွက်များရှိသည်ဟု သိရပါသည်။

မဟာဂါနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အတွင်းရှိ အဖေ ကြီး အပင်များ၏ ဗုဒ္ဓဗေဒ ဆိုင်ရာ အမည်များနှင့် မျိုးရင်း အမည်များကို ဖော်ပြထားသော စာအုပ်တွင် လေ့လာ တွေ့ရှိချက် အချို့အား အသိပေး ဖော်ပြ လိုက်ပါသည်။

၁။ မဟာဂါ
၂။ မဟာဂါလေ့ကား
၃။ မဟာဂါကြံဆစ်
၄။ မဟာဂါကျွဲရေကျ

ဟု လေးမျိုး ဖော်ပြထားတာကို တွေ့ရှိရပါ၏။



ကိုင်းပွားများစွာနှင့် မဟာဂါကြံဆစ်အပင်။



မြန်မာအမည် မဟာဂါ ကြံဆစ်ကို အင်္ဂလိပ်အမည် ဖော်ပြချက် မပါ။ ၎င်း၏ မျိုးစု (Genus) မှာ (Polygenum) ဟု လည်းကောင်း၊ မျိုးစိတ် (Species) ကို (Tomem-Tosum) နှင့် မျိုးရင်း (Family) သည် (Polygonaceae) ဖြစ် ကြောင်း ဖော်ပြထားပါသည်။

စာအုပ်ပါ မဟာဂါ လေးမျိုးနှင့် မဟာဂါပွင့်နီမျိုး ပေါင်းလျှင် ငါးမျိုးခန့် ရှိနိုင်သည်ဟု ယူဆပါ၏။

**ဆေးဖက်ဝင် မဟာဂါကြံဆစ်အရွက်**

မဟာဂါကြံဆစ်အရွက်များသည် ဘဲဥပုံ ရှည်မျောမျောနှင့် အဖျားချွန်သည်။ ပင်စည်၏ အဆစ်တိုင်းမှ ရွက်လွှဲ တစ်ရွက်စီ ထွက်လေ့ ရှိ၏။ ပင်စည်နှိုးတံ အရွယ်မှာ ဘောပင် မင်တံအကြီးခန့်မှ အာဟာရကောင်းပါက မြက်ထုံမြက်စည်း အရိုးတံ အလေးခန့်အထိ ကြီးသည်။ ပင်စည်အဆစ်တိုင်း၏ အလျားမှာ ၂-၄ လက်မခန့် အထိရှိ၏။ နှိုးတံထက် အဆစ်က ပို၍ ထွားသည်။ လက်ဖြင့် ချိုးရုံနှင့် အဆစ် ကျိုးတတ်သည်။ အဆစ်တိုင်းမှ ထွက်သော အရွက်များ၏ ရွက်ညှာတံ သည် အရွက်အပေါ်ပိုင်းတွင် နီညိုရောင်သမ်း၍ အရွက်အောက်ပိုင်း၌ စိမ်း၏။ မဟာဂါကြံဆစ် အရွက်အပေါ်တွင် ရွက်ကြောများ ချိုင့်သယောင်ရှိပြီး အောက် ဘက်တွင် အရွက်ကြောများ ဖောင်း၍ ထင်ရှားသည်။

အရွက်ရင်း တစ်လက်မခွဲခန့်မှာ ဖြတ် လက်မ သုံးပုံ တစ်ပုံခန့်နှင့် အလျား တစ်လက်မခွဲခန့်ရှိသော နီညိုရောင်သမ်းနေသည့် နဂါးနှစ်ကောင် ခေါင်းချင်း ကပ် ပါးပျဉ်းထောင်နေသယောင် ပုံလေးပါ၏။ အရွက်၏အပေါ်တွင် အမွှေး လေးများ ပါနေတန် ထူထူထဲထဲ အစိမ်းရောင်အရွက်များ ဖြစ်၏။ အာဟာရ ကောင်းသော အပင်၏ အရွက်တစ်ရွက်သည် အလျား ၆ လက်မခန့်ရှိပြီး အနံ ၃ လက်မခန့် အထိ ရှိ၏။

**မဟာဂါကြံဆစ်အရွက်၏ အရသာ**

အရွက်ကို ဝါးစားကြည့်ပါက ဖန်သလို ခါးသလို ချဉ်သလို အရသာများ ရောနှောပါရှိတာ တွေ့ရ၏။ ၎င်း၏ အရသာသည် အလွန် နာမည်ကြီးနေသော ဆေးဖက်ဝင် ပိစပ်ကြီးအရွက် အရသာနှင့် ဆင်တူနေသယောင်ရှိတာကိုလည်း



အသိပေးပါရစေ။ ရောဂါဘယ အတော် များများကို ပျောက်ကင်းစေနိုင်သော ပိစပ်ကြီးအရွက် အရသာနှင့် ယခုရောဂါ အတော်များများကို ပျောက်ကင်းစေ နိုင်စွမ်း ရှိသည်ဆိုသော မဟာဂါကြံဆစ် အရွက်များ၏ အရသာ ဆင်တူနေသ ယောင် ရှိတာကလည်း ထူးခြားမှု အံ့ဖွယ် အချက် အဖြစ် ယူဆမိတာ အမှန်ပါ။ မဟာဂါကြံဆစ်အပင်တွင် အရွက်များ ရင့်လာပါက အရွက် အပေါ်တွင် နီညို ရောင်အစက် အကွက်ကလေး များပေါ် လာသလို အချို့ အရွက်များ၏ နံဘေး အဖျားပတ်လည်၌ နီညိုရောင် အနား တွဲ သဖွယ် ဖြစ်လာတတ်သည်။



**မဟာဂါကြံဆစ်ရွက် အောက်ဘက်မျက်နှာ။**

**မျိုးပွားစိုက်ပျိုးပုံ**

မဟာဂါကြံဆစ်အပင်မှ အဆစ်နှစ်ဆစ်နှင့်အထက် ပါသော ကိုင်းများကို ချိုးယူ၍လည်းကောင်း ဖြတ်ယူ၍လည်းကောင်း မြေမြှုပ်စိုက်ရုံဖြင့် ရှင်သန်၏။ စိုက်ပျိုးသည့်အခါ အဆစ်ကလေးကို မြေမှာ ၂-၃ လက်မခန့် မြုပ်အောင် ထိုးစိုက်၍ ပျိုးပင်ကို မြေမှာ ၂-၃ ပတ်ခန့်ထားပြီး ပြုစုပေးသင့်၏။ ပုံမှန် အစိုဓာတ်ရရုံနှင့် အပင် ရှင်သန်၏။ ပင်စည်ပျော့မျိုးဖြစ်၍ မြေနှင့်ထိသော အဆစ်တိုင်းမှ အမြစ်ထွက်လေ့ ရှိ၏။

မဟာဂါကြံဆစ်ရွက်၏ ဆေးစွမ်းထက်မှု အခြား ထူးခြားဖြစ်စဉ်များနှင့် ပတ်သက်၍ ကိုယ်တွေ့ဖြစ်စဉ်များ လေ့လာတွေ့ရှိထားပါက ဖော်ထုတ်ပေးကြရန် အတွက် မေတ္တာရပ်ခံအပ်ပါသည်။

[ သုရှုမဂ္ဂဇင်း ၁၂ ၂၀၀၈ ]